# ကောင်းသန့်

## ချစ်တပည့်....သို့



http://www.khtnetpc.webs.com

For Knowledge & Educational Purposes

.............................................. သို့

အမှတ်တရ

စာလက်ဆောင်မွန်

မှ ..............................................

| | | |
|---|---|---|
| **ပုံနှိပ်မှတ်တမ်း** | စာမူခွင့်ပြုချက် | ၅၅၇/၂၀၀၀(၇) |
| | မျက်နှာဖုံးခွင့်ပြုချက် | ၄၆၉ / ၂၀၀၀ (၇) |

| | |
|---|---|
| မျက်နှာဖုံးအဆွေး | ကင် (မ) |
| မျက်နှာဖုံးရုပ်ပုံ | ကောင်လေး |
| ကွန်ပျူတာဖန်တီးသူ | ထွန်းနိုင်ဦး |
| ကွန်ပျူတာစာစီ | ကိုတင်လွင်ရှ |
| အတွင်းဖလင် | မဟာမိဒီယာ |
| မျက်နှာဖုံးဖလင် | မြကျွန်းသာ |
| ထုတ်ဝေသူ | ဦးသန်းဆွေ (၀၁၄၇၃)<br>စစ်သည်တော်စာပေ<br>အမှတ် ၁၀၃၁၊ ဥယျာဉ်လမ်း၊<br>၁၉ ရပ်ကွက်၊ ဒဂုံမြို့သစ် (တောင်ပိုင်း)<br>ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | ဦးဝင်းလွင် (မြဲ-၀၅၃၆၆)<br>ရွှေဟသာပုံနှိပ်တိုက်<br>အမှတ် ၇၊ ဈေးလမ်း၊<br>ပုဇွန်တောင်မြို့နယ်။ |
| ပုံနှိပ်ခြင်း | ပထမအကြိမ်၊ (၂၀၀၀ ပြည့်နှစ် ) |
| အုပ်ရေ | ၁၀၀၀ |
| တန်ဖိုး | **၁၈၀ ကျပ်** |
| စာအုပ်ချုပ် | စိန်ကြည် |
| ဖြန့်ချိရေး | ကောင်းသန့်စာပေ၊<br>အမှတ် ၁၄၇၊ ပ-ထပ်၊<br>၃၇ လမ်း (လယ်)၊ ရန်ကုန်မြို့။<br>☎ ၂၇၈၃၆၈ |

ကျောင်းသန့်

# ချစ်တာပည့် ..... သို့

ကျောင်းသန့်စာပေ

အမှတ် ၁၄၇၊ ပ-ထပ်၊
၃၇ လမ်း(လယ်)၊ ရန်ကုန်မြို့။
☎ ၂၇၈၃၆၈

## ဒို့တာဝန် အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

❖ ❖ ❖

နိုင်ငံတော် ပွဲ့စည်းပုံ အခြေခံဥပဒေ
ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

❖ ❖ ❖

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူ အဖြစ်သတ်မှတ်ချေမှုန်းကြ။

❖ ❖ ❖

# စေတနာစကား

ကျွန်တော်သည် ၁၅ နှစ်တိုင်တိုင် ပညာရေးလောကတွင် ကျင်လည်ခဲ့ပါသည်။ အထက်တန်းပြဆရာ၊ အလယ်တန်းကျောင်းအုပ်၊ တက္ကသိုလ်ဆရာ၊ ဆရာအတတ်သင်သိပ္ပံ (ယခု ပညာရေးကောလိပ်)အင်္ဂလိပ်စာဌာန လက်ထောက်ကထိကတစ်ဦးအနေနှင့် တပည့်များစွာတို့နှင့် ထိတွေ့ဆက်ဆံခဲ့ရပါသည်။

ချစ်တဲ့ပည့် ... သို့

ဆရာဘဝတွင်ရှိစဉ်က ပြောဆိုဆုံးမ လမ်းညွှန်ခဲ့သည်များ၊ ဆရာဘဝမှ နုတ်ထွက်ပြီးသောအခါတွင်လည်း တပည့်တို့ကို မြင်သောအခါ ရင်ထဲတွင် ပြောချင်စရာတွေ ဖြစ်လာ၏။

ပြောဆိုဆုံးမခဲ့ဖူးတာတွေ ပြောချင်တာတွေကို ပေါင်းစပ်ပြီး ဤစာအုပ်ကို ရေးပါသည်။ တပည့်တွေအတွက် ထောင့်စုံမှ တွေးပြီး သူတို့အတွက် အရေးပါမည့်အကြောင်းအရာများကို ရွေး၍ တိုတိုတုတ်တုတ် ထိထိမိမိဖြစ်အောင် ရေးပါသည်။

ထို့ပြင် ကျွန်တော့်ဆီကို စာနှင့်လှမ်းရေး၍ ဆုံးမဩဝါဒပေးရန် ပြောဆိုကြသည့် တပည့်အရွယ် လူငယ်လေးတွေကိုလည်း ဤစာစုများဖြင့် ရည်ညွှန်းပါသည်။

သမီးတွေအတွက်ပဲ ရေးပေးနေတယ်။ ကျွန်တော်တို့အတွက်လည်း ရေးပေးပါဦးဟု တောင်းဆိုလာကြသည့် လူငယ်လူရွယ်များကိုလည်း ကျွန်တော်၏မျက်စိထဲတွင် မြင်ယောင်လာပြီး သူတို့အတွက်ပါ ထည့်သွင်းရေးခဲ့ပါသည်။

သားတို့အတွက်လည်း ဆိုဆုံးမစာလေးတွေ ရေးပေးပါဦးဟု တောင်းဆိုကြသည့် အမိအဘများကိုလည်း ဤစာစုများဖြင့် နှစ်သိမ့်ဖြည့်ဆည်းပေးလိုက်ပါသည်။

ဤစာစုများသည် တပည့်လိမ္မာ လူငယ်လူရွယ်များအတွက် တွန်းအားပေးသည့် အားဆေးတစ်ခွက် ဖြစ်စေချင်ပါတော့သည်။

ကောင်းပန့်

ချစ်တပည့် ...

Life without learning is death.

သင်ယူလေ့လာမှု မရှိတဲ့ ဘဝဟာ ရှင်လျက်နဲ့ သေနေတဲ့ ဘဝပဲ။

ဒါကြောင့် ...

တို့တစ်တွေဟာ ပညာရပ်တွေ အမျိုးမျိုးကို ဆည်းပူးလေ့လာနေကြရတာပေါ့။ တွေးတောဆင်ခြင်စရာ အသိပညာ၊ အတတ်ပညာတွေ ဘာသာရပ်တိုင်းမှာ ရှိတယ်။ ရယူတတ်ဖို့ပဲ လိုတယ်။

ဘာသာရပ်တစ်ခုကို စာမေးပွဲအောင်ရုံလောက်ပဲ ကျက်မှတ်ပြီး မေ့ပစ်လိုက်မယ်ဆိုရင် တို့ရဲ့ ကြိုးပမ်းအားထုတ်မှုနဲ့ သုံးစွဲခဲ့ရတဲ့ အချိန်တွေကို နှမြောဖို့ ကောင်းတယ်။ အဖိုးတန်တဲ့ အချိန်တွေကို သုံးစွဲပြီး ပင်ပင်ပန်းပန်း ကြိုးစားကျက်မှတ်ခဲ့ရပြီ ဆိုရင်တော့ အဲဒီ ဘာသာရပ်တွေထဲက ကိုယ့်အတွက် အသုံးတည့် မယ့် ပညာတွေကို ခေါင်းထဲကို အသေရိုက်ထည့်ပစ်ခဲ့ရမယ်။

ဘာဖြစ်လို့လည်းဆိုတော့ အဲ့ဒီစာတွေကို နောက်တစ်ကြိမ် ပြန်ဖတ်ဖို့ အချိန်မပေးသင့်တော့လို့ပေါ့။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



## ချစ်တပည့် ...

မင်း သင်နေတဲ့ကျောင်းသင် ဘာသာရပ်တွေထဲမှာ မင်း မကြိုက်တဲ့ မင်း စိတ်မဝင်စားတဲ့ မင်း မသင်ချင်တဲ့စာတွေ ရှိကောင်း ရှိနိုင်တယ်။ အဲ့ဒီစာတွေဟာ မင်းကြိုက်တဲ့ သီချင်းစာသားတွေ လောက် ဖတ်လို့ကောင်းမှာ မဟုတ်တာတော့ သေချာတယ်။ အဲ့ဒီ စာတွေကို မင်းဘာလို့ သည်းညည်းခံပြီး ကျက်မှတ်နေရတာလဲ။ အသေအချာ ပြန်စဉ်းစားကြည့်စမ်း။

အဲ့ဒီ စာတွေရမှ စာမေးပွဲအောင်မယ်။ စာမေးပွဲအောင်မှ အတန်းတက်ရမယ်။ ကိုယ်တက်ချင်တဲ့ တက္ကသိုလ်ကို တက်ခွင့် ရပြီး ကိုယ်ဖြစ်ချင်တာ ဖြစ်ခွင့်ရှိမယ်။ ဒါ့ကြောင့် အဲ့ဒီစာတွေကို ဖတ်နေရတာ မဟုတ်လား။

မင်းရဲ့ အနာဂတ်အကျိုးစီးပွားအတွက် မင်းလုပ်နေတာ။ သူတစ်ပါးအတွက် လုပ်တာ မဟုတ်ဘူး။ ပြီးတော့ အဲ့ဒီ ပညာ ရပ်တွေကို မင်းမိဘတွေက ငွေကုန်ခံပြီး သင်ပေးနေတာ အကြောင်းရှိတယ်။ အသိပညာ၊ အတတ်ပညာ ရေရေရာရာ မရှိဘဲ လူ့လောကကြီးထဲမှာ ဝင့်ဝင့်ထည်ထည် ရပ်တည်နိုင်ဖို့ မလွယ်ဘူးဆိုတာ သူတို့သိလို့ မင်းအတွက် အချိန်ကုန် ငွေကုန် ခံနေတာ။

အဲ့ဒီတော့ သူများပြောမှ တကျက်တာမျိုး၊ ကြိုးစားတာမျိုး လုပ်နေရင် မင်းဟာ စဉ်းစားတွေးခေါ်မှုနည်းတဲ့ ခပ်ညံ့ညံ့လူတစ် ယောက်ပဲ။ ဒါဆိုရင် သူများနောက်မှာ မင်းအမြဲနေရလိမ့်မယ်။ မင်းက သူများနောက်မှာ နေချင်တဲ့ကောင်မှ မဟုတ်တာ ... ဆရာ သိတာပေါ့။ သူများရှေ့မှာ အမြဲလက်မ ထောင်ပြီး နေနိုင်ဖို့ သူများထက် ပိုအလုပ် လုပ် ရမယ်ဆိုတာ သဘောပေါက် ... ။

ဆရာကောင်း

## ချစ်တပည့် ...

ဂျွန်တော်က စိတ်ပါမှ တကျက်လို့ ရတာ။ စိတ်မပါရင် ဘာတမှ ကျက်လို့ မရဘူးတဲ့။

မင်းပဲ အပြောကောင်း။

**စိတ်ပါမှသာ လုပ်ကြစတမ်းဆိုရင် လောကကြီး ပျက်စီးသွားလိမ့်မယ်။ ဆရာဝန်ကလည်း စိတ်ပါမှ ဆေးကုမယ်။ ဝမ်းဆွဲဆရာမကလည်း စိတ်ပါမှ မွေးပေးမယ်။ မင်း အမေကလည်း စိတ်ပါမှ ချက်ပြုတ်ကျွေးမယ်။ ကျောင်းဆရာကလည်း စိတ်ပါမှ တသင်မယ်။ ဈေးသည်ကလည်း စိတ်ပါမှ ဈေးရောင်းမယ်။ ရဲကလည်း လူဆိုးတွေကို စိတ်ပါမှ ဖမ်းမယ်ဆိုရင် ဘယ်နှယ့်လုပ်မလဲ။**

စိတ်ပါသည်ဖြစ်စေ၊ မပါသည်ဖြစ်စေ လူဆိုတာ ကိုယ့်တာဝန်ကိုယ်သိပြီး၊ ကိုယ့်တာဝန်ကိုယ် ကျေအောင် လုပ်ကြရတယ်။ ဒါကြောင့်လည်း လောကကြီး ငြိမ်ပြည်နေတာပေါ့။

မင်းက ကျောင်းသား။ မင်း တာဝန်က စာကျက်ဖို့။ စိတ်ပါသည်ဖြစ်စေ၊ မပါသည် ဖြစ်စေ မင်းစာကျက်ရမှာပဲ။ အဲဒါ မင်းရဲ့ ဘဝပေးတာဝန်ပဲ။

**ဘဝပေးတာဝန် မကျေပွန်လို့ကတော့ လူတကာရဲ့ အပြုပြင် မင်းခံရလိမ့်မယ်။ ဟိုလူက အပြစ်တင် ဝေဖန်လိုက်၊ ဒီလူက ကဲ့ရဲ့ ရှုတ်ချလိုက်နဲ့ မင်းအတွက် နေစရာ နေရာတောင်ရှိမှာ မဟုတ်ဘူး။ ဒါတွေ ... မင်းကြောင့် ... မင်းမှာသာ တာဝန်ရှိလို့ပဲ ပြောရလိမ့်မယ်။**

**ဆရာတောင်း**

## ချစ်တပည့် ...

Home is the best place.

**အိမ်သာလျှင် အကောင်းဆုံးနေရာတဲ့။ မင်း ဘယ်ကိုပဲ သွားသွား၊ ဘယ်မှာပဲ နေနေ မင်းအိမ်လောက် နေရတာ တန်မကျနိုင်ပါဘူးကွာ။**

ဒီတောင်မင်းက ပြောသေး။ အိမ်မှာ မနေချင်ဘူးတဲ့။ အမြဲတမ်း ဆူပူနေတာပဲတဲ့။ သူငယ်ချင်းတွေနဲ့ အပြင်ထွက်လည်နေတာပဲ ကောင်းတယ်တဲ့။

ကဲ ... မင်းသဘောအတိုင်းပဲ လည်ချင်သလောက် လည်စမ်းပါ။ မင်းကို နံနက်၊ ည ထမင်း ကြည်ကြည်ဖြူဖြူနဲ့ ဘယ်သူက အကြာကြီး ကျွေးထားမှာလဲ။ စဉ်းစားနော်။ မင်း အသုံးစရိတ် ဘယ်သူက ပေးမှာလဲ။ မင်းအတွက် စောင်၊ ခြင်ထောင်၊ အဝတ်အစားတွေ ဘယ်သူက လျှော်ပြီး မီးပူတိုက်ပေးမှာလဲ။ စဉ်းစားနော်။ လူဆိုတာ ကိုယ့်ဒုက္ခတောင် ကိုယ်မခံနိုင်ဘူး။ သူများရဲ့ အပိုဒုက္ခတွေကို မလွှဲမရှောင်သာလို့သာ လုပ်ပေးမယ်။ အကြာကြီး ဘယ်သူမှ လုပ်မပေးဘူး။

မင်းရဲ့ တာဝန်တွေကို မင်းကိုဒုက္ခခံ မွေးထုတ်ပေးတဲ့ မင်းမိဘနဲ့ မင်းအိမ်ကသာ ဆိုးဆိုးကောင်းကောင်း တာဝန်ယူကြမှာ။ သိရဲ့လား တာရဲ့။

သိပ် စိတ်ကူးမယဉ်နဲ့ ကိုယ်လူ။ ဘဝဆိုတာ စိတ်ကူးယဉ်လို့ မရဘူး။ မင်းအိမ်က ထွက်သွားတာနဲ့ မင်းဟာ အခြေအနေမဲ့ကောင် ဖြစ်သွားပြီ။ သူများ ကြည်ဖြူရင်လည်း ခဏပဲဆိုတာ မင်း တေတေ သဘောပေါက်။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



## ချစ်တပည့် ...

အိမ်မှာ မင်းက ''ဟောက်စား'' တဲ့၊ အငယ်တွေကိုလည်း သိမ်နိုင်တယ်၊ အကြီးတွေကိုလည်း ခံပြောသတဲ့၊ အဖေက လွဲပြီး ဘယ်သူမှ လူ မထင်ဘူးတဲ့၊

မင်း ... တော်တော် ခက်ပါလား။ ဘာလို့ တိရစ္ဆာန်စိတ် ထား ရတာလဲကွာ။ တိရစ္ဆာန်ဆိုတာ ကြီးနိုင်ငယ်ညှင်းဆဲ လုပ်ကြတယ်။ တွေ့တဲ့သူကို ရန်သူလို့မှတ်ပြီး ရန်ပြုချင်တယ်။ မင်းတွေ့ဖူးမှာပါ။ လမ်းထဲကို ခွေးတစ်ကောင် ဝင်တာနဲ့ အဲ့ဒီလမ်းထဲမှာရှိနေတဲ့ ခွေး တွေအားလုံး ထွက်ပြီး ရန်လုပ်ကြတယ်။ သူတို့နိုင်မယ် ထင်ရင် ဝိုင်းတွယ်ပြီး၊ မနိုင်ဘူးထင်ရင်တော့ ခပ်လှမ်းလှမ်းက ဟောင်နေ တတ်ကြတယ်။

အခုလည်း မင်းစဉ်းစားကြည့်။ မင်းအဖေကျတော့ နိုင်မယ် မထင်လို့ ငြိမ်ခံနေတယ်။ မင်း အမေနဲ့ ညီအစ်ကို မောင်နှမတွေကျ တော့ နိုင်တယ်ဆိုပြီး ''ဟောက်စား'' လုပ်တယ်။ အဲ့ဒီတော့ မင်း စိတ်ဟာ ဘာစိတ်ဖြစ်သွားပြီလဲ။ စဉ်းစားကြည့်လိုက်စမ်း။

လူတွေ က မင်းကို အပြစ်တင်ရင် မင်းခံချင်လား။ သူတို့ ဆူပူ ကြိမ်းမောင်းရင်ကော မင်းကြိုက်လား။ ကိုယ်မကြိုက်တာကို သူများ ကော ကြိုက်မှာတဲ့လား။

မင်းလိုချင်တာ ကြင်ကြင်နာနာ ဆက်ဆံတာမျိုး။ ကိုယ့်ကို အားပေးချီးမွမ်းတာမျိုး မဟုတ်လား။ ဒီလိုဆို မင်းက သူတို့ကို အဲ့ဒီလိုမျိုး အရင်ဆက်ဆံပါ။ ဒါမှ မင်းလိုချင်တာ ပြန်ရမှာပေါ့ကွ။

ဒီမှာ ကိုယ့်လူ လောကကြီးမှာ ကိုယ်က မပေးဘဲ သူ့ဆီက ဘာမှ ပြန်မရနိုင်ဘူးဆိုတာ မြဲမြဲမှတ်ထား။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



## ချစ်တပည့် ...

မင်း ကြိုက်တဲ့ကောင်မလေးက မင်းကို မကြည်လို့ ကျောင်းပြေးပြီး ဘီယာသွားသောက်တယ် ဟုတ်လား။ မင်း ... လူစွမ်းကောင်းပဲ။ အသိတရားရှိတဲ့ လူတွေ မလုပ်ရဲတာမျိုး မင်း လုပ်ရဲတယ်။ မင်း သတ္တိကောင်း။ နေရာလွဲနေတာပဲ ခက်တယ်။

တစ်ခါတလေ လုပ်မိတာမျိုးကတော့ အပြစ် သိပ်မတင်ချင်ပါဘူး။ လူငယ်တွေဖြစ်တတ်တဲ့ သဘာဝပဲလို့ ဆရာနားလည်တယ်။ ဒါပေမယ့် ... ဘဝမှာ တစ်ခါတလေလေး လုပ်မိတာကြောင့်၊ အကြီးအကျယ် ထိခိုက်နစ်နာ ဘဝပျက်သွားတာမျိုး ကြုံတတ်တယ်။

ဆရာငယ်ငယ်တုန်းက မြင်ခဲ့ဖူးတယ်။ ကောင်မလေးတစ်ယောက်ကြောင့် အမျိုးကောင်းသားနှစ်ယောက် ရန်ဖြစ်ပြီး ဓားနဲ့ထိုးကြတယ်။ တစ်ယောက်ကသေပြီး၊ တစ်ယောက်က ထောင် (၁၀) နှစ် ကျသွားတယ်။ တဒင်္ဂလေးဖြစ်သွားတာ။

နောက်အဖြစ်အပျက် တစ်ခုက အပေါင်းအသင်းမှားပြီး ဘိန်းဖြူကို ပထမဆုံးအကြိမ် စမ်းသောက်နေတုန်းမှာ ရဲက မိသွားလို့ ထောင် (၅)နှစ် ကျသွားတယ်။ ပထမဆုံး လိုက်သွားမိတဲ့ အကြိမ်မှာ ဖြစ်သွားတာ။

နောက်တစ်ယောက်က ကျောင်းပြေး အရက်သောက်ပြီး ရေကူးတာ ရေနစ်သေသွားတယ်။

အဲဒီလို တစ်ကြိမ်တလေ တဒင်္ဂလေးလုပ်မိတာဟာ ပြန်ပြင်လို့ မရတဲ့ အမှားကြီးတွေ လုပ်မိတတ်တယ်ကွ။ မင်းကို ကြိုသိစေချင်တယ်။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



## ချစ်တပည့် ...

"သူငယ်ချင်း အချို့ကို အားကျပြီး သူတို့လို မသုံးစွဲနိုင်လို့ မင်း စိတ်လေနေတယ်ဆို၊ တချို့ သူငယ်ချင်းတွေက သူတို့အဖေရဲ့ ဆယ်လူလာဖုန်း ယူလာတယ်၊ တချို့က ဝယ်ပြီးစ ကားသစ်ကြီး မောင်းလာတယ်၊ တချို့က ငါးရာတန် အုပ်လိုက်ယူလာပြီး ပေါ်တယ်တွေ သွားကြတယ်လို့ မင်းပြောတယ်။"

သူတို့ကို အားမကျပါနဲ့ကွာ။ သူတို့က မှိုင်းဝနေတဲ့ မီးပုံးပျံတွေကွ။ မြေကြီးနဲ့ လွတ်နေပြီ။ သူတို့ကို အားကျပြီး သူတို့ကို ဖက်တွယ်နေမယ်ဆိုရင် မင်းလည်း ယောင်တောင်ပေါင်တောင်နဲ့ အောက်ခြေလွတ်သွားမှာပဲ။ မင်းက မီးပုံးပျံကို ဖက်တွယ်ထားတဲ့ သူဆိုတော့ မင်းက အရင်ပြုတ်ကျမယ်။ ပြီးတော့ အကျနာလိမ့်မယ်။

လူဆိုတာ အတိတ်ဘဝရဲ့ ကံကျွေးစားတွေပါကွာ။ အတိတ်ဘဝက လုပ်ခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေကြောင့် ဒီဘဝမှာ ခံစားနေရတာ သူတို့ကို မနာလို မဖြစ်နဲ့။ သြော် ... သူတို့ကတော့ ကုသိုလ်ကောင်းရှာကြတယ်လို့ မုဒိတာ ပွားပေးလိုက်ပါ။

သူတို့ ဘဝနဲ့ သူတို့ ရှိပါစေ။ သူတို့နဲ့ မင်းလွတ်လွတ်ကင်းကင်း နေလိုက်ပါ။ မင်းရဲ့ စိတ်သောက ကိုယ့်ဘဝကိုယ် မကျေနပ်တဲ့ရောဂါ ပျောက်သွားပါလိမ့်မယ်။

မတူလျှင် မတုနဲ့ကိုယ့်လူ။ ကိုယ်ပြုသမျှကံ ကိုယ်ပြန်ခံရတာ။ ဇာတ်တုလို့ ခရုခုန် အိုင်ပျက်ရုံသာ ရှိတော့မပေါ့တဲ့။ မင်းကြားဖူးတယ်နော်။

ဆရာကောင်း

ချစ်တပည့် ...

''သူများတွေ ငွေသုံးတာ အားကျပြီး ၁၀-တန်းအောင်ရင် ကျောင်းမတက်တော့ဘူး။ နိုင်ငံခြား အလုပ်သွားလုပ်မယ်လို့ မင်း အဖေကို ပူဆာတာ ငါ ပြန်ကြားရတယ်။''

ဘာ အတတ်ပညာမှမရှိဘဲ နိုင်ငံခြားသွားပြီး အိုးတိုက် ပန်းကန်ဆေး အလုပ်နဲ့ ငွေထုပ်ပိုက်ပြန်လာကြတာ လွန်ခဲ့တဲ့ ဆယ်စုနှစ်လောက်ကပါကွာ။ အခု မလွယ်တော့ဘူးဆိုတာ မင်း သိလား။

ဂျပန်အပါအဝင် အရှေ့တောင်အာရှ နိုင်ငံအားလုံးလိုလို စီးပွား ရေးကျဆင်းပြီး သူတို့လူမျိုးကိုတောင် အလုပ်မပေးနိုင်တော့ဘူး။ သူတို့နိုင်ငံအတွက် လိုအပ်တဲ့ နိုင်ငံခြားသား အတတ်ပညာရှင်တွေ ကိုသာချန်ပြီး ကျန်တာတွေ ပြန်မောင်းထုတ်ပစ်နေတာ မင်းနားစွင့် လိုက်တာနဲ့ ကြားမှာပါ။ ဒါတွေ မသိဘဲ ပွဲစားစကားယုံပြီး နိုင်ငံခြား ထွက်သွားလို့ကတော့ ဒုက္ခနွံညစ်မှာ မင်းနစ်သွားလိမ့်မယ်။ ကိုယ့် နိုင်ငံမှာ အေးအေးမနေဘဲ သူများနိုင်ငံမှာ over stay နေမိလို့ ထောင်ဒဏ်ခံနေရတဲ့ သူတွေအကြောင်း မင်းသိရဲ့လား။ ပွဲစားက မင်းကို ဒါတွေ ဘယ်ပြောမလဲ။ တစ်လကို ဒေါ်လာ ဘယ်လောက် ရမယ်၊ တစ်နှစ်ဆိုရင် မင်းရင်းထားတဲ့ငွေ ကျေပြီ။ မင်းအိမ်ကို ဘယ်လောက်တောင် ပြန်ပို့နိုင်တယ်ဆိုတဲ့ မက်လုံးတွေပဲ မင်းကြား မှာပါ။

ဒေါ်လာအသံကြားပြီး မင်းစွန့်စားမယ်ဆိုရင် ငါးမျှားချိတ်ကို မမြင်ဘဲ ငါးစာကိုသာမြင်တဲ့ သနားစရာ ငါးသတ္တဝါနဲ့ တူတော့မှာ ပဲ။ အေး ... တစ်ခုတော့ရှိတယ်။ တကယ့်ကို နိုင်ငံခြားထွက် အလုပ် လုပ်မယ်ဆုံးဖြတ်ထားရင်တော့ အတတ်ပညာ တစ်ခုကို အကျအန သင်ပြီးမှသွား၊ စွန့်စားရကျိုးနပ်နိုင်တယ်။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



## ချစ်တပည့် ...

''ကျောင်းပိတ်ရက်အားမှာ ဘာလုပ်ရမှန်း မသိဘဲ လက်ဖက်ရည်ဆိုင်ထိုင် လေကန်အချိန်ဖြုန်းနေရတာ မုန်းလာပြီ'' တဲ့။

အေး ... မင်းမဆိုးဘူး။ ကိုယ့်ကိုယ်ကိုယ် အချိန်ဖြုန်းနေမှန်း သိတယ်။ အဲဒီ ပြင်လိုက်ရင် ခဏပဲ။ အိုကေသွားလိမ့်မယ်။

ပထမဆုံး မင်းလုပ်ရမှာက မင်းစိတ်ဓာတ်ကို မြှင့်မြင်။ အောင်မြင်ကြီးပွားချင်တဲ့ စိတ်မျိုးမွေး။ အောင်မြင်ကြီးပွားစေကြောင်း နည်းကောင်းတွေပေးထားတဲ့ စာအုပ်တွေ ရှာဖတ်။ အဲ့ဒီ စာအုပ်ထဲမှာပါတဲ့ နည်းလမ်းတွေ လက်တွေ့ကျင့်သုံး။

ဒုတိယအချက်က၊ နိုင်ငံတကာနဲ့ ဆက်ဆံနိုင်ဖို့အတွက် အင်္ဂလိပ်စာကို ကျကျနနသင်။ အချိန်ယူပြီး သေသေချာချာဖတ်။ သုံးစားလို့ရအောင် သင်နော်။ အောင်လက်မှတ် တစ်ပွေ့တစ်ပိုက်ကြီးနဲ့ အင်္ဂလိပ်လို ပေးတဲ့ အင်တာဗျူးတွေမှာ ခဏခဏ ကျနေတာမျိုး မဖြစ်စေနဲ့။

တတိယအချက်က ကိုယ်ဝါသနာပါတဲ့ အသက်မွေးဝမ်းကျောင်းတစ်ခုကို ရွေးချယ်ပြီး အတတ်ပညာတစ်ခုကို ကျကျနနတတ်အောင်သင်။ ပြီးတော့ ကွန်ပျူတာတွေ ရောက်နေပြီမို့ ကွန်ပျူတာကို လုပ်စားလို့ရအောင် သင်ပေတော့။

အခု ... ဆရာပြောတာတွေကို မင်း အသေအချာလုပ်ရင် အချိန်တောင်လောက်မှာ မဟုတ်ဘူး။ အချိန်ကတော့ သူ့ဘာသာ သွားနေတာပဲ ကိုယ့်လူ။ ကိုယ်က ရအောင်ယူတတ်ဖို့ပဲ လိုတယ်။ မင်းက ခေတ်လူငယ်တစ်ဦးပါကွာ။ အရိပ်ပြရင် အကောင်မြင်နိုင်ပါတယ်။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



**ချစ်တပည့် ...**

"လူတွေ ဘာနဲ့နေ ... တရုတ်ကားနဲ့ နေ" ဆိုသလိုမျိုး ဖြစ်နေပြီ။ မြဝတီရုပ်မြင်သံကြားက လာနေတဲ့ တရုတ်ကားတွေက အင်မတန် ဆွဲဆောင်နိုင်စွမ်းရှိတာမို့။ လူ ဝေါ်တော်များများဟာ အဲဒီတရုတ်ကားတွေနဲ့ပဲ သူတို့ရဲ့ ညတာလေးကို ကုန်ဆုံးသွားစေခဲ့တယ်။ တစ်နေကုန် ပင်ပန်းလာတဲ့သူတွေ အဖို့တော့ အလွန်ဟန်ကျတဲ့ အပန်းဖြေစရာ တစ်မျိုးပါပဲ။

ဒါပေမယ့် အဲဒီတရုတ်ကားတွေဟာ ကျောင်းသားလူငယ်တွေ အဖို့တော့ လေ့လာဆည်းပူးရမယ့် အချိန်တွေကို ဝင်လုစားနေတဲ့ သတ္တဝါတစ်ကောင်လို မြင်ရမယ်။ သူတို့ကို လွတ်အောင် ရှောင်ရမယ်။ သူတို့က ကိုယ်ကြိုးစား အားထုတ်ရမယ့် အချိန်တွေကို တစ်နေ့ (၂)နာရီ လုယူဖို့ ကြိုးစားနေတာ။

အဲဒီအချိန်တွေကို ဆုံးရှုံးသွားရင် တစ်နေ့ (၂)နာရီ၊ တစ်လ နာရီ ၆၀။ တစ်နှစ်ဆို နာရီပေါင်း ၇၂၀။ ရက်နဲ့တွက်ရင် ၃၀ ရက်။ တစ်နှစ်မှာ တစ်လ၊ အလုပ်မလုပ်ဘဲ တရုတ်ကားကြည့်နေတဲ့ သဘောပဲ။ တစ်လဆိုတဲ့ အချိန်ဟာ ဘာသာရပ်တစ်ခုကို အစအဆုံး ကျက်မှတ်ပြီးနိုင်တဲ့ အချိန်ပဲ။

ကဲ ... ချစ်တပည့် ... မင်း ဘာလုပ်မလဲ။ ဘာလုပ်သင့်တယ် ထင်သလဲ။ ဆရာကတော့ တရုတ်ကားကြည့်တာ မကောင်းဘူးလို့ မပြောဘူး။ ကြည့်လို့ကောင်းတာကို။ မင်းကသာ မင်းဘဝအတွက် အရေးကြီးတဲ့အချိန်ကို ဖြုန်းသင့် မဖြုန်းသင့် ချင့်ချိန်စဉ်းစားဖို့ပဲ။

တစ်ခုတော့ရှိတယ်နော်။ စာမေးပွဲတွေပြီးတဲ့အခါ အဲဒီထက်ကောင်းတဲ့ တရုတ်ကားတွေ ကြည့်နိုင်သေးတယ်ဆိုတာ သိထားဖို့ပဲ။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



## ချစ်တပည့် ...

မင်းလက်ထဲမှာ အဖိုးတန်တဲ့ ကျွန်းတုံးတစ်တုံး ရထားတဲ့အခါ မင်းဘာလုပ်မလဲ။ စဉ်းတီတုံး လုပ်ပစ်မှာလား။ ဘုရားဆင်းတု ထုမှာလား။

ကျွန်တော်မှ ပန်းပု မထုတတ်တာ၊ ရောင်းစားပစ်မှာပေါ့လို့ မင်းဖြေချင်နေတယ် မဟုတ်လား။ သိနေတယ်လေ။

တကယ်တော့ ဘဝမှာ လူတိုင်းလူတိုင်းဟာ ပန်းပုဆရာတွေချည်းပါကွာ။ ကိုယ့်ဘဝကို ထုဆစ်နေကြတာ။

တချို့က လှလှပပ သားသားနားနားနဲ့ တန်ဖိုးရှိအောင် ထုဆစ်နိုင်ကြတယ်။ တချို့ကတော့ ကိုယ်တတ်စွမ်းသမျှ အားကြိုးမာန်တက် ထုဆစ်ကြတယ်။ ဗိုဗိုပြီးကောင်းအောင်လည်း ကြိုးစားထုဆစ်ကြတယ်။ အင်း ... တချို့ကျတော့ ကိုယ့်ဘဝကိုယ် ထုဆစ်ရကောင်းမှန်းတောင် မသိဘူး။ သူများရဲ့ ထုထွင်းခြင်း ခံနေကြရှာတယ်။ သူများအကြိုက် ပုံသွင်းခံကြရတယ်။

ကိုယ့်ဘဝ ကိုယ်ထုဆစ်ရမှန်းသိတဲ့ လူတွေကတော့ သူတို့ဘဝကို အတောက်ပဆုံး အသားနားဆုံး တန်ဖိုးအရှိဆုံးဖြစ်အောင် ထုဆစ်ပြီး သူ့ပတ်ဝန်းကျင်ရှိ လက်လှမ်းမှီရာ ဘဝတွေကိုပါ အကောင်းဆုံးဖြစ်အောင် ထုဆစ်ပေးသွားကြတယ်။ အဲ့ဒီလူတွေ လူ့လောကထဲက ထွက်ခွာသွားတဲ့အခါ သူတို့ နာမည်နဲ့ လက်ရာတွေဟာ တခမ်းတနား ကျန်ခဲ့ကြတယ်လေ။

အဖိုးတန်တဲ့ ကျွန်းတုံး၊ တန်ဖိုးရှိတဲ့ လူ့ဘဝကို ရထားပြီးမှတော့ စဉ်းတီတုံး လုပ်မပစ်ပါနဲ့ကွာ။ ကိုယ်မသုံးတတ်လို့ သူများကို အောက်ဈေးနဲ့လည်း ရောင်းမပစ်ပါနဲ့။ အမြင့်မြတ်ဆုံး အဖိုးတန်ဆုံး ရုပ်ထုဖြစ်အောင် ထွင်းထုနိုင်ဖို့ ကြိုးစားပါ။ မင်းမှာ ကြိုးစားနိုင်စွမ်း ရှိတာဆရာသိပါတယ်။

ဆရာကောင်း

ချစ်တပည့် ...

သန်းပေါင်း ၄၀–ကျော်ရှိတဲ့ တို့နိုင်ငံမှာ မင်းအတွက် ရပ်တည်ဖို့ တစ်နေရာစာတော့ ရှိပါတယ်။ ဒါပေမယ့် မင်းလိုချင်တဲ့နေရာ တစ်နေရာ ဖြစ်ပါ့မလား။ တချို့က ပါးစပ်ကတော့ ကြီးကြီးကျယ်ကျယ် လျှောက်ပြောပြီး ဘာတစ်ခုမှ ဟုတ္တိပတ္တိဖြစ်မြောက်အောင် မလုပ်ချင်ဘူး။ တန်ဖိုးရှိပြီး လူတကာ အထင်ကြီးနှစ်သက်တဲ့ နေရာမျိုးရဖို့ဆိုရင်တော့ လွယ်လွယ်ကူကူနဲ့ ခပ်ချောင်ချောင်လေးရဖို့ မလွယ်ဘူး။ ဘဝမှာ အရင်းအနှီးတွေ အများကြီး ပေးဆပ်ခဲ့ရလိမ့်မယ်။ ပြီးတော့ လူအများကြီးနဲ့ ယှဉ်ပြိုင်ရလိမ့်မယ်။

တကယ်တော့ ဘဝဆိုတာ တစ်ခါတစ်ရံ တာတိုပြေးပွဲဖြစ်လိုက်၊ တစ်ခါတစ်ရံ တာဝေးပြေးပွဲဖြစ်လိုက်နဲ့ အမြဲတမ်းပြိုင်ပွဲဝင်နေကြရတာကွ။

မင်းရှေ့မှာ မင်းနောက်မှာ၊ မင်းဘေးမှာ မင်းနဲ့ပြိုင်မယ့် ပြိုင်ဘက်တွေ အမြဲတမ်းရှိနေတယ်။ အဲ့ဒါကို မင်းက မသိဘဲ ဘဝမှာ ပေါ့ပေါ့ဆဆနေသွားခဲ့မယ်ဆိုရင် ပြိုင်ဘက်တွေက မင်းကိုကျော်သွားပြီး မင်းက ဖုန်တထောင်းထောင်းကြားထဲမှာ သုံးစားမရအောင် ခံစားပြီး ကျန်သွားလိမ့်မယ်။ ဘဝဆိုတဲ့ တာဝေးပြေးပွဲမှာ မင်းကို ကျော်တက်သွားတဲ့ သူတွေက အထူးကုဆရာဝန်ကြီး၊ အင်ဂျင်နီယာချုပ်၊ တပေဆိုင်ရာ ပါရဂူ၊ သိပ္ပံပညာရှင် စသဖြင့် အောင်မြင်ထင်ရှားကြီးပွားသွားတာ မြင်တော့မှ ငါမှားလေခြင်းလို့ နောင်တမရနဲ့နော်။ နောင်တဆိုတာ အမှည့်လွန် ကြွေကျနေတဲ့ သစ်သီးပုပ်တစ်လုံးကွ။ သုံးစားလို့ မရဘူး။

ဆရာကောင်း

## ချစ်တပည့် ...

မင်းက ဆင်းဆင်းရဲရဲနေရလို့ အားငယ်စိတ်ဝင်ပြီး သိမ်ငယ်နေသလား။ အဲ့ဒီဆို မင်းမှားပြီ။

ဆင်းရဲတဲ့သူမှ ကြီးကျယ်ထင်ရှားတဲ့သူ ဖြစ်ခွင့်ရှိတာကွ။ ကမ္ဘာမှာ ကျော်ကြားထင်ရှားတဲ့ ပုဂ္ဂိုလ်ကြီးတွေ၊ ကမ္ဘာ့ အချမ်းသာဆုံး သန်းကြွယ်သူဌေးကြီးတွေဟာ ငယ်ရွယ်စဉ်ဘဝမှာ အလွန်ဆင်းရဲခဲ့ကြလို့ သူများနဲ့မတူအောင် အပင်ပန်း ဆင်းရဲခံပြီး ကြိုးစားရုန်းကန်ခဲ့ကြရတယ်။ ဒါကြောင့် ကမ္ဘာမှာ ကျော်ကြားခဲ့ကြတာ။

ဥပမာ ... ငယ်ရွယ်စဉ်က တအုပ်တောင် ဝယ်မဖတ်နိုင်လို့ သူများဆီက ငှားပြီး မီးလင်းဖိုဘေးမှာ စာဖတ်ခဲ့ရတဲ့ အေဗရာဟင်လင်ကွန်းဟာ အမေရိကန်သမ္မတကြီး ဖြစ်ခဲ့တယ်။ ဆင်းရဲသားမိသားစုက ပေါက်ဖွားပြီး သာမန်တပ်ကြပ်လေးဘဝကနေ ပြင်သစ်ဧကရာဇ်ဖြစ်သွားတဲ့ နပိုလီယန်ရဲ့ သာဓကလည်း ရှိတယ်။ ငယ်ရွယ်စဉ်က ဆင်းရဲနွမ်းပါးပြီး ကြီးတော့ သိန်းပေါင်းများစွာ ရက်ရက်ရောရော လှူဒါန်းနိုင်ခဲ့တဲ့ ပခုက္ကူ ဦးအုန်းဖေလို ပုဂ္ဂိုလ်မျိုးတွေလည်း ရှိတယ်။ အဲ့ဒီလို ပုဂ္ဂိုလ်မျိုးတွေ ကမ္ဘာမှာရော မြန်မာမှာပါ အများကြီးရှိခဲ့တယ်။ သူတို့ဟာ ငယ်ရွယ်စဉ်က ဆင်းရဲခဲ့ကြပေမယ့် သူများလို စိတ်ဓာတ်ကျပြီးဖြစ်ရာ ဘဝမှာ တော်သလို မနေခဲ့ကြဘူး။ ရည်ရွယ်ချက်၊ ရည်မှန်းချက်တွေ ကြီးကြီးမားမားထားပြီး ပြင်းပြင်းထန်ထန် ကြိုးစားခဲ့ကြတယ်။ နောက်ဆုံးတော့ သူတို့ဖြစ်ချင်တာ ဖြစ်ခဲ့ကြတာပေါ့။

ဆင်းရဲတာအပြစ်မှ မဟုတ်တာ။ ပြီးတော့ အောင်မြင်ကြီးပွားဖို့အတွက် အဟန့်အတားတစ်ခုလည်း မဟုတ်ဘူး။ ဒ့ါကြောင့် မင်းဆင်းရဲနေတာကို အားငယ်မနေနဲ့။ အဲ့ဒီလို ဆင်းရဲနေတဲ့အတွက် မင်းဟာ ကြီးကျယ်ထင်ရှားတဲ့ ပုဂ္ဂိုလ်ဖြစ်ခွင့် ရှိနေတယ်ဆိုတာ သဘောပေါက်။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



**ချစ်တပည့် ...**

**မင်းက** ဆေးလိပ်တွေ ဘာတွေတောင် သောက်နေပြီတဲ့။ တယ် ဟုတ်ပါလား။ ဒါဆိုမင်းတော့ ကိုယ့်ကိုယ်ကိုယ်အရစ်ကျစံနစ်နဲ့ သေကြောင်းကြံနေပြီပဲ။ ဆေးလိပ်သောက်ခြင်းအားဖြင့် အဆုတ်ညစ်ညမ်းပြီး အဆုတ်ရောဂါ၊ အဆုတ်ကင်ဆာရောဂါ တွေဖြစ်တဲ့အတွက် နိုင်ငံအတော်များများက ဆေးလိပ်သောက် တာကို ဆန့်ကျင် တားမြစ်နေကြပြီ။

စင်ကာပူနိုင်ငံမှာဆို ကျောင်းသားအရွယ်တွေ ဆေးလိပ် သောက်ခွင့်မရှိဘူး။ ပြည်သူတွေလည်း သူတို့အတွက် သတ်မှတ် ထားတဲ့နေရာမှာသာ သောက်ခွင့်ရှိတယ်။ အများပြည်သူနဲ့ သက်ဆိုင် တဲ့နေရာမှာ ဆေးလိပ်သောက်ရင် ဖမ်းပြီး ဒဏ်ရိုက်တယ်။ အဲ့ဒီ လောက်ထိ ဆေးလိပ်အန္တရာယ်ကို ကာကွယ်နေကြရတယ်။ အဲ့ဒီ ဆေးလိပ်ကနေ မူးယစ်ဆေးဝါးကို စမ်းသပ်မှီဝဲလာပြီဆိုရင်တော့ မင်းဘဝတော့ ပြောပြီ။ အမှိုက်ပုံဘေးနားက ခွေးဝဲတားတင်အောင် ထက် ဆိုးပြီ။ ခွေးဝဲတားက သူများကို ဒုက္ခမပေးဘူး။ မူးယစ်ဆေးစွဲ သမားက သူ့ပတ်ဝန်းကျင်ကို ဒုက္ခလှလှလေးတွေ လက်ဆောင် ပေးတတ်တယ်။ အဲ့ဒီတော့ ... **မင်း ဆေးလိပ်ဖြတ်ကွာ။ မစွဲသေး ဘူး ဆိုရင် အစိမ်းဖြတ်။ သိပ်စွဲနေပြီဆိုရင် ဆရာဝန်တစ်ဦးဦးနဲ့ တိုင်ပင်ပြီး ဖြတ်။** တောမှာဆိုရင် ရှောက်ရွက်နုနု၊ မာလကာ ရွက် နုနုလေးတွေ ဝါးပြီး ဖြတ်လိုက်ရင်း ဖြတ်တယ်။ မြို့မှာ ဆိုရင် နွယ်ချိုတုံးလေးတွေ ဝါးပြီးဖြတ်လိုက်။ ဖြတ်ပါတယ်။ တကယ်ပဲ ဆေးလိပ်ရဲ့ မကောင်းကျိုးကို သိလို့ဖြတ်ချင်ပြီ ဆိုရင် ဖြတ်ပါတယ်။ ဆရာလည်း ၉-တန်းကျောင်းသားဘဝမှာ မင်းလိုပဲ စမ်းသောက်ကြည့်မိတယ်။ နောက်တော့ ငွေလည်း ကုန်တယ်၊ အမောလည်း မခံနိုင်တော့တဲ့အတွက် ဖြတ်ပစ် လိုက်တယ်။ မင်းရဲ့ သန့်ရှင်းနေတဲ့ အဆုတ်ထဲကို မိုးခိုးလုံးတွေ ရှသွင်းပြီး ညစ်ပဲသွားအောင် မလုပ်ချင်စမ်းပါနဲ့။ ဒုက္ခရောက် လိမ့်မယ်။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



## ချစ်တပည့် …

မင်းသူငယ်ချင်း တစ်ယောက် နံပါတ်ဝိုးနဲ့ ငြိနေပြီဆိုပါတော့။ မင်း ဘာလုပ်မလဲ။ သူနဲ့လိုက်ပြီး ထိန်းပေးမလား။ သူ့ကို နားချမှာလား။ အဲ့ဒီနည်းက မတန်တာ သေချာတယ်။ မင်းပါ အဆစ်ပါသွားမယ်။

နံပါတ်ဝိုးနဲ့ ငြိတဲ့ ကောင်ကို သူငယ်ချင်းချင်း ဖျောင်းဖျနားချလို့ မရဘူး။ အဲ့ဒီတော့ မင်းလုပ်ရမှာက သူ့မိဘနဲ့ သူ ချစ်ခင်လေးစားတဲ့၊ သူ့ကိုလည်း ချစ်တဲ့ ဆရာတစ်ယောက်ယောက်ကိုသွားပြီး အကြောင်းကြား။ ပြီးတော့ အဲ့ဒီကောင်နဲ့ မတွဲနဲ့၊ ကင်းကင်းနေလိုက်တော့။ မနေရင် ပထမအချက် မင်းလည်း သူ့လို လုပ်တာပဲလို့ အထင်ခံရမယ်။ မင်းအိမ်ကလည်း မင်းကို မယုံသင်္ကာဖြစ်လာမယ်။ တကယ်လို့ ရဲက သတင်းရလို့ သူတို့ကို ဖမ်းမယ်ဆိုရင် တစ်အုပ်စုထဲ ဖြစ်နေတဲ့ မင်းလည်း ပါသွားလိမ့်မယ်။ အနည်းဆုံး ရဲဝခန်းတော့ လိုက်ဖြေရှင်းရလိမ့်မယ်။ တကယ်လို့ သူတို့နဲ့ ပေါင်းနေရင်း သူတို့ရဲ့ သိပ်းသွင်းမှုခံလိုက်ရလို့ မင်းလည်းနံပါတ်ဝိုးနဲ့ ငြိပြီဆိုရင်တော့ မင်း ပန်းကောင်းအညွန့်ကျိုးပြီ။ မင်းရဲ့ ဘဝရည်မှန်းချက်တွေ ပျက်ပြီ။ မင်းမိဘတွေလည်း စိတ်ဆင်းရဲ သောကနဲ့ ငိုကြရတော့မယ်။ မင်းကို ချစ်ခင်သူတွေကလည်း နမြောတသ ယူကျုံးမရ ဖြစ်တော့မယ်။

ဒီတော့ နံပါတ်ဝိုးနဲ့ ငြိနေတယ်လို့ ထင်တဲ့ မင်းသူငယ်ချင်းနဲ့ ကင်းကင်းနေ။ သူက ဆွေးရူးကိုက်ခံထားရတဲ့ သူနဲ့တူတယ်။ မကြာခင် ခွေးရူးပြန်ပြီး သေတော့မှာ။ မင်းက အနားကပ်သွားလို့ မင်းပါ အကိုက်ခံလိုက်ရရင် ဆေးမရှိဘူးနော်။ သတိထား။

ဆရာတောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



**ချစ်တပည့် ...**

**မင်းတို့ အရွယ်မှာ ဆရာကောင်း ဘယ်လိုနေထိုင်၊ ပြုမူပြော ဆိုခဲ့သလဲဆိုတာ သိချင်လို့တဲ့။ ရပါတယ်။ ပြောရမှာပေါ့။**

မင်းတို့အရွယ်မှာ ဆရာ အားကစားလုပ်တယ်။ ၄–တန်းကျောင်းသားဘဝမှာ ခြင်းလုံးသင်တယ်။ အထက်တန်းကျောင်းသားအရွယ်မှာ ကြက်တောင်ရိုက်တယ်၊ ခြင်းလုံးခတ်တယ်။ ပြီးတော့ ၈–တန်းကျောင်းသားမှာ ကဗျာရေးနေပြီ။ အချိန်အားရတိုင်း စာဖတ်တယ်။ ဗိုမိုးနှင်းစာအုပ်တွေ၊ ဆရာကြီး ရွှေဥဒေါင်းစာအုပ်တွေ၊ တက္ကသိုလ် ဘုန်းနိုင်နဲ့ ခင်နှင်းယုရဲ့ ဝတ္ထုတွေ ဖတ်တယ်။ ကျောင်းတက်တယ်၊ ညနေဘက် ခြင်းခတ်တယ်။ ကျောင်းပိတ်ရက် ကြက်တောင်ရိုက်တယ်။ စာအုပ်ကတော့ အစုံဖတ်တယ်။ ဆရာကြီး ရွှေဥဒေါင်းရဲ့ ဘာသာပြန်ဝတ္ထုတွေ အတော်များများ ဖတ်ဖြစ်တယ်။ အဲ့ဒီ စာရေးဆရာကြီးတွေ အားကျပြီး တစ်နေ့မှာ ငါလည်း စာရေးဆရာဖြစ်ရမယ်လို့ ရည်မှန်းချက်ထားခဲ့တယ်။ ကြိုးလည်း ကြိုးစားခဲ့တယ်။

ကျောင်းစာမှာတော့ အလယ်တန်းဆင့်မှာ အဆင် (၁)က (၅) အတွင်းရှိပြီး၊ အထက်တန်း ကျောင်းသားဘဝမှာ ၉–တန်းထိ အဆင့် (၅)မှ (၁၀)တွင်း ရှိခဲ့သေးတယ်။ ၁၀–တန်းမှာတော့ နှစ်ချင်းပေါက် အောင်ခဲ့တယ်။ စက်မှုတက္ကသိုလ် ဝင်ခွင့်ရနိုင်တဲ့အထိ အမှတ်ရခဲ့တယ်။ သို့သော်လည်း ပညာရေးတက္ကသိုလ်ပဲ တက်ခဲ့တယ်။ ဆေးလိပ် စမ်းသောက်ကြည့်တယ်။ မကောင်းမှန်းသိလို့ ဖြတ်ခဲ့တယ်။ အရက်သောက်ကြည့်တယ်။ မူးတဲ့အရသာကို မကြိုက်လို့ မသောက်တော့ဘူး။ တက္ကသိုလ်ရောက်တော့ ဘာသာရေး စာအုပ်တွေ လေ့လာဖတ်ရှုပြီး ဘဝရဲ့ အဓိပ္ပာယ်ကို ရှာတယ်။ ဒါပါပဲ။

**သိပ် မထူးခြားပါဘူး။ ဒါပေမယ့် လူငယ်ဘဝကို အကျိုးရှိရှိဖြတ်သန်းခဲ့တယ်လို့ ကိုယ့်ကိုယ်ကိုယ်ယုံကြည်တယ်။**
မင်းလည်း တစ်ချိန်မှာ လူငယ်ဘဝကို အကျိုးရှိရှိ ဖြတ်သန်းခဲ့တယ်လို့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုရပါစေ။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



ချစ်တပည့် ...

မင်းက ကောင်မလေးတစ်ယောက်ကို ကြိုက်ပြီး ကြေကွဲနေတယ်တဲ့။ ဆရာ သတင်းကြားပါတယ်။ မင်းတော့ ဆရာ့လိုဖြစ်ဦးတော့မှာပဲ။

သစ်ရွက်ကလေးတွေပေါ်မှာ စာရေးပြီး ဆွေးနေရဦးမယ်။ အဲ့ဒီ ရည်းစားစိတ်ဝင်သွားရင် ဘယ်လောက်တော်တဲ့ ကောင်ပဲဖြစ်ဖြစ် စာမေးပွဲမှာ အဆင့် ကျသွားမှာပဲ။ အဲ့ဒီ ရည်းစားစိတ်က ဆိုးတယ်ကွ။ သွားလည်း သည်စိတ်၊ စားလည်း သည်စိတ်၊ စာဖတ်တော့လည်း စာရွက်ပေါ်မှာ ·သူ့မျက်နှာ။ ဘယ်မှာလာ စာဖြောင့်ဖြောင့်ကျက်နိုင်တော့မှာလဲကွာ။ လူကြီးတွေ မသိအောင် သူတို့အိပ်ချိန်မှာ စာဖတ်ချင်ယောင်ဆောင်ပြီး ရည်းစားစာ ခိုးရေးရသေးတော့ အိပ်ရေးလည်း ပျက်ပေါ့ကွာ။ တစ်ခါတစ်ရံ စာသင်နေရင်းနဲ့ သူ့အကြောင်းတွေးပြီး ငိုင်သွားလို့ ဆရာရဲ့ အဇေါက်ခံရတာမျိုးလည်း ကြုံရတယ်။ တစ်မျိုးကြီးပဲကွာ။ တစ်ခါတစ်ရံ ထပြေးချင်သလို၊ ထအော်ပစ်ချင်သလို။ ညကြီးသန်းခေါင် ကောင်မလေးကို ပြေးတွေ့ချင်တာမျိုး ခံစားရတယ်ကွာ။ ရေရေလည်လည်ပဲ။ ကောင်မလေးက မကြည်ရင် ထင်ရာလုပ်ချင်တာမျိုး။ ကောင်မလေးပြောတဲ့ စကားတွေ နားထဲမှာ ပြန်ကြားနေတာမျိုး။ မအီမလည်ကြီးနဲ့ ခံစားချက်ဆိုးပါတယ်ကွာ။ အဲ့ဒီ နေ့တိုင်းဖြစ်၊ နေ့တိုင်းခံစားနေရတာ။ အိမ်မှာလည်း ကိုယ့်မှာ အပြစ်တစ်ခုခု လုပ်ထားသလို ခံစားနေရတဲ့အတွက် ရဲရဲတင်းတင်း မရှိဘဲ ကုပ်ချောင်းကုပ်ချောင်း ဖြစ်နေတယ်။

အဲ့ဒီလိုမျိုး ခံစားနေရတဲ့ကောင်နဲ့ စိတ်ရှင်းရှင်းနဲ့ ကိုယ့်ရည်မှန်းချက်အတိုင်း အောင်မြင်အောင် ကြိုးစားနေတဲ့ သူနှစ်ယောက် ယှဉ်ကြည့်လိုက်။ ဘယ်သူနိုင်မယ် ထင်သလဲ။ ဆရာ့လို စောစောအမြင်မှန် ရနော်။ မဟုတ်ရင် စာမေးပွဲမှာ ခွေးကျဝက်ကျ ဖြစ်နေဦးမယ်။ ဒီထိတော့ မင်းတွေးတတ်မှာပါ။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



**ချစ်တပည့် ...**

မင်း ဘဝခရီးမှာ အချစ်ဆိုတဲ့ မြို့လေးတစ်မြို့ကို မလွဲမသွေ ဖြတ်သန်းသွားရမှာပဲ။ အဲ့ဒီ အချစ်မြို့လေးအကြောင်း မင်းကို ကြို သိစေချင်တယ်။

အဲ့ဒီ အချစ်မြို့လေးဟာ အင်မတန် သန့်ရှင်းအပြစ်ကင်းတဲ့ မြို့လေးတစ်မြို့ပါပဲ။ မေတ္တာ၊ အကြင်နာ၊ စေတနာတွေ ပုံးလွှမ်းနေတဲ့အတွက် အဲ့ဒီအချစ်မြို့သူ မြို့သားစစ်စစ်တွေရဲ့ မျက်နှာဟာ ပျော်ရွှင်ကြည်လင် အေးချမ်းနေသတဲ့။ သူတို့မှာ တစ်ယောက်ကို တစ်ယောက် သဝန်တို၊ ရန်လိုတာ။ ဒေါသမာန်မာနတွေနဲ့ ရက်စက်ယုတ်မာတာတွေ မရှိဘူး။ သူတို့မှာ ချစ်တဲ့စိတ်ပဲ ရှိတယ်။ ငှက်ကလေးတွေလည်း ချစ်တယ်။ ပန်းကလေးတွေလည်း ချစ်တယ်။ လေညင်းလေးတွေလည်း ချစ်တယ်။ တောင်တန်းကြီးတွေကိုလည်း ချစ်တယ်။ တေးသီချင်းတွေကိုလည်း ချစ်တယ်။ ပြီးတော့ လူလူချင်းလည်း ချစ်သတဲ့။

ဒါပေမယ့် အချစ်မြို့က အတုနဲ့အစစ်ဆိုပြီး နှစ်မြို့ဖြစ်နေသတဲ့။ လူတစ်ယောက်ဟာ အဲ့ဒီမြို့ထဲကို တဏှာရာဂ၊ လောဘ၊ ဒေါသ၊ မာနအတ္တတွေ ကိုင်စွဲပြီး ဝင်လာရင် အချစ်မြို့အတုကို တွေ့ရှိခံစားရသတဲ့။ အဲ့ဒီမြို့မှာ တပ်မက်စွဲလန်းစရာတွေ၊ သဝန်တို ရန်လိုပြီး ညှင်းဆဲတိုက်ခိုက်တာတွေ၊ မာန်မာနနဲ့ ဒေါသတွေ ပေါက်ကွဲအော်ဟစ် ဆူညံနေတာတွေ မျိုးစုံကြားရသတဲ့။ အချစ်လို့ အမည်တပ်ထားတဲ့ တဏှာရာဂတွေ ဆူပွက်ပြီး ဗက်တွယ်နေကြတဲ့သူတွေ အများကြီးတွေ့ရလိမ့်မယ်။ အချစ်မြို့က ထူးဆန်းတယ်နော်။ ပျော်ရွှင်ကြည်နူးစရာ ကောင်းသလို စိတ်ဆင်းရဲသောကကိုလည်း ဖြစ်စေတယ်။

**အဲ့ဒီမြို့ကလေးကို ဖြတ်သန်းသွားတဲ့အခါမှာ သတိထားပါ။ လောဘ၊ ဒေါသ၊ မာန်မာန၊ အတ္တတွေ မင်းကိုယ်မှာ အများကြီး သယ်မသွားနဲ့ အဲဒီအရာတွေ လျော့နည်းအောင် လေ့ကျင့်ပြီးမှ အဲဒီမြို့ကို သတိနဲ့ ဖြတ်သန်းသွားစေချင်တယ်။ မင်း ... ပင်ပန်းဆင်းရဲမှာစိုးလို့ပါ။**

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



## ချစ်တပည့် ...

**တစ်စုံတစ်ခုကို လိုချင်ရင် တစ်စုံတစ်ခုကိုတော့ စွန့်လွှတ်ရသတဲ့။ တစ်ခါတစ်ရံမှာ ကိုယ်လိုချင်တာ နှစ်ခုစလုံးကို တပြိုင်နက်ရဖို့ အခွင့်အရေးမရှိဘူး။ တစ်ခုကို လိုချင်ရင် တစ်ခုကို စွန့်လွှတ်ရကတတ်တယ်။**

အဲ့ဒီအခါမျိုးမှာ နှစ်ခုစလုံးကို လိုချင်စိတ်ကြောင့် တစ်ခုခုကို စွန့်လွှတ်ရမှာကို ပြတ်ပြတ်သားသား မဆုံးဖြတ်ဘဲ အုတုတု လုပ်မိတတ်ကြတယ်။ အဲ့ဒီအခါမှာ တစ်ဖက်မှာလည်း အဆင်မပြေ။ တစ်ဖက်မှာလည်း ကသိကအောက်ဖြစ်။ ဘာတစ်ခုမှ အလုပ်မဖြစ်တော့ဘဲ လွဲချော်သွားတာမျိုး ဖြစ်တတ်တယ်။

ဥပမာကွာ ... မင်းက စာမေးပွဲလည်း အောင်ချင်တယ်။ တီဗီ၊ ဗီဒီယိုလည်း ကြည့်ချင်တယ်။ မြန်မာပြည်အနှံ့ လျှောက်လည်းလည်ချင်တယ်။ အိပ်ရေးဝဝလည်း အိပ်ချင်တယ်။ စာစာလည်း မထချင်ဘူး ဆိုပါစို့။ မင်းဖြစ်ချင်တာ အားလုံး လုပ်နေရင် ဘယ်လိုလုပ် စာမေးပွဲ အောင်မှာလဲ။

စာမေးပွဲအောင်ဖို့ဆိုတာ အချိန်ပေးရတယ်။ ငွဲ လုံ့လ ဝီရိယရှိရတယ်။ အချိန်မဖြုန်းရဘူး။ အပျော်အပါးတွေနောက် လိုက်နေရင် စိတ်လေပြီး စာကျက်လို့ မရဘူး။

ကဲ ... မင်းက ဘာလိုချင်တာလဲ။ စာမေးပွဲအောင်ဖို့လား။ ပျော်ပျော်ပါးပါးနဲ့ အချိန်ကုန်သွား စေချင်တာလား။ ဒါပေမယ့် မင်းပြောမှာ ငါသိပါတယ်။ ပျော်ပျော်ပါးပါး နေသွားပြီး စာမေးပွဲအောင်ချင်တယ်လို့ ပြောမှာ မဟုတ်လား။ မရဘူးကွယ့်လူ။ စာမေးပွဲအောင်ချင်ရင်တော့ ပျော်ချင်ပါးချင်လို့ မရဘူး။ အချိန်ကို အကျိုးရှိရှိ သုံးနိုင်မှ ဖြစ်မယ်။ ဒါဆို မင်း သဘောပေါက်မှာပါ။

ဆရာကောင်း

**ချစ်တပည့် ...**

**လူ့ဘဝဆိုတာ ရခဲဘိခြင်း။ ရခဲတဲ့ လူ့ဘဝကို ရောက်နေမှတော့ အပြောင်မြောက်ဆုံး ဘဝတစ်ခုဖြစ်အောင် ဖန်တီးခဲ့စမ်းပါ။**

ကမ္ဘာကျော် ပန်းချီပညာရှင်ကြီး လီယိုနာဒိုဒါဗင်ချီက မိုနာလီဇာဆိုတဲ့ ကမ္ဘာကျော် ပန်းချီ ကားတစ်ချပ်ကို ရေးဆွဲသွားခဲ့တယ်။ အဲ့ဒီပန်းချီကားချပ်ဟာ ဒေါ်လာသန်းနဲ့ချီပြီး တန်ဖိုးရှိတယ်။

ပျောက်မှာစိုးလို့၊ လုယက်ခိုးယူမှာစိုးလို့ တင်းကျပ်တဲ့ လုံခြုံမှုအစီအစဉ်တွေနဲ့ ထိန်းသိမ်းထားရတယ်။ အဲ့ဒီပန်းချီ ဆရာကြီးလည်း အဲ့ဒီပန်းချီကားတစ်ကားတည်းနဲ့ ကမ္ဘာကျော်သွားခဲ့တယ်။ အဲဒီ ပန်းချီကားက မိန်းမတစ်ယောက်ရဲ့ပုံ။ သိပ်ထူးထူးခြားခြားကြီး မဟုတ်ပါဘူး။ ဒါပေမယ့် အဲ့ဒီပန်းချီကားကို အသေအချာစိုက်ကြည့်ရင် ကြည့်တဲ့သူကို ပြုံးပြနေတယ်လို့ စိတ်ထဲမှာ ခံစားရတယ်လို့ ဆိုတယ်။ ရုပ်ချောချော မိန်းမပုံ မဟုတ်ဘဲနဲ့ စိတ်ထဲမှာ ခံစားမှုတစ်ခုကို ဖြစ်စေတာကြောင့် ဒီပန်းချီကားဟာ ကမ္ဘာကျော်သွားခဲ့တာပေါ့။

မင်းလည်း အဲ့ဒီလို ကမ္ဘာကျော်သွားအောင် တစ်ခုခု အစွမ်းပြခဲ့ပါလား။ ကမ္ဘာ မကျော်ချင်နေပါစေ။ မြန်မာနိုင်ငံတစ်နိုင်ငံလုံး ရင်သပ်အံ့ဩသွားစေတာမျိုး လုပ်ပြခဲ့ပါလား။ အနည်းဆုံးတော့ တစ်နိုင်ငံလုံး အမှတ်အများဆုံး ဘာသာစုံဂုဏ်ထူးရှင်ဖြစ်အောင် လုပ်ပြခဲ့ပါလား။ ကြိုးစားရင် မဖြစ်နိုင်စရာ မရှိပါဘူး။ စနစ်တကျ ကြံစည် ကြိုးပမ်းအားထုတ်ရင် ဖြစ်ကို ဖြစ်ပါတယ်။ လုပ်ကြည့်စမ်းပါ။ မင်း အရည်အချင်းနဲ့ဆို မဖြစ်နိုင်စရာ မရှိဘူးလို့ ငါ ယုံကြည်တယ်။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



**ချစ်တပည့် ...**

ဘဝဆိုတာ ပြိုင်ပွဲတစ်ခုပဲကွ။

လူ့ဘဝကို ရောက်လာလို့ လူမှန်းသိတာနဲ့ တပြိုင်နက် ပြိုင်ပွဲဝင်နေရတာပဲ။

ကိုယ့်မိသားစုထဲမှာ အမေအဖေက ကျန်တဲ့သားသမီးတွေထက် ပိုချစ်အောင် မသိမသာ ကြိုးစားပြီး ပြိုင်နေရတယ်။ ကျောင်းရောက်တော့လည်း ကျောင်းသားအချင်းချင်း ပြိုင်ရတယ်။ ကျောင်းပြီးဆုံးလို့ အလုပ်ထဲရောက်ပြန်တော့လည်း အလုပ်ထဲမှာ ပြိုင်ရတယ်။ စီးပွားရေးနယ်ထဲ ရောက်တော့လည်း အောင်မြင်ကြီးပွားဖို့အတွက် ပြိုင်ဆိုင်ရပြန်ရော သေတဲ့အထိ အမျိုးမျိုးပြိုင်နေရတော့တာပါပဲ။

ဘာပဲဖြစ်ဖြစ်လေ။ ပြိုင်ရပြီဆိုမှတော့ ရှုံးနိမ့်ရတယ်ဆိုတာ ဘယ် ကောင်းမလဲ။ ဘာပဲပြိုင်ပြိုင် အနိုင်ရဖို့လိုတယ်။ အနိုင်လိုချင်တဲ့စိတ် ရှိနေဖို့လိုတယ်။ ဒါပေမယ့် တရားတဲ့နည်းနဲ့တော့ ပြိုင်မှဖြစ်မယ်။ မတရားတဲ့နည်းတွေ သုံးပြီး တစ်ဖက်သားကို အနိုင်ယူချင်တာမျိုးတော့ သတ္တိကြောင်ရာ ရောက်တယ်။ ယောကျ်ားကောင်းမဟုတ်ဘူး။

ဒီတော့ မင်းကို ဘဝဆိုတဲ့ပြိုင်ပွဲမှာ တရားမျှတစွာနဲ့ ယှဉ်ပြိုင်အနိုင်ရတဲ့သူမျိုး ဖြစ်စေချင်တယ်။ ယှဉ်ပြိုင်လို့ အနိုင်ရတဲ့အခါ ခေါင်းမော့ပြီး ဂုဏ်ယူချင် ဂုဏ်ယူပါ။ မတော်တဆ ရှုံးနိမ့်သွားခဲ့ရင်လည်း ခေါင်းငုံ့အရှုံးပေးပြီး ထွက်ပြေးမသွားပါနဲ့။ အကောင်းဆုံးအရှုံးသမားဖြစ်အောင် ကြိုးစားပါ။ ကိုယ့်ရဲ့ အားနည်းချက်ကြောင့် ရှုံးနိမ့်ရတာကို သင်ခန်းစာယူပါ။ အဲ့ဒီ အရှုံးကို ကျေကျေနပ်နပ် လက်ခံပြီး နောက်တစ်ကြိမ် အောင်မြင်အောင် ပြန်ကြိုးစားစေချင်တယ်။

တစ်ကြိမ် မအောင်မြင်ပေမယ့် နောက်ထပ်တစ်ကြိမ် ကြိုးစားခွင့် ရှိသေးတယ်ဆိုတာ မမေ့နဲ့နော်။

ဆရာကောင်း

**ချစ်တပည့် ...**

**Knowledge is power.**

**အကြားအမြင် ဗဟုသုတဆိုတာ တန်ဖိုးဖြစ်သတဲ့။**

**စာများများဖတ်ပြီး အတွေ့အကြုံ များများရှိတဲ့ သူဟာ အကြားအမြင် ဗဟုသုတရှိသူပဲ။ အဲ့ဒီလို လူမျိုးဟာ နေရာတကာမှာ အရေးပါပြီး လူတကာရဲ့အားထားမှုကို ခံရတတ်တယ်။**

အကြောင်းတစ်ခုခုပေါ်ရင် အဲ့ဒီလို လူမျိုးတွေဆီကိုသွားပြီး အကြံကောင်း ဉာဏ်ကောင်းတွေ တောင်းကြရတာပေါ့။ အဲ့ဒီသူတွေက လူတကာကို ကူညီပေးရင်းနဲ့ အရေးပါတဲ့သူဖြစ်လာတယ်။

မယုံရင် မင်းကိုယ်တိုင် လုပ်ကြည့်လေ။ စာများများဖတ်၊ အတွေ့အကြုံ များများရအောင် အလုပ်များများလုပ်။ ဗဟုသုတတွေကို ရှာဖွေဆည်းပူး။ အချိန်ကြာလာတဲ့အခါ မင်း အသိုင်းအဝိုင်း မင်း ပတ်ဝန်းကျင်မှာ နေရာတကာ တတ်သိကျွမ်းကျင်နေတဲ့ ဆရာကြီးတစ်ဆူ ဖြစ်လာလိမ့်မယ်။

အဲ့ဒီအခါကျ မင်းအပေါင်းအသင်း သူငယ်ချင်းတွေနဲ့ မင်း မိဘ ဆွေမျိုး အသိုင်းအဝိုင်းတွေကြားထဲမှာ မင်းဟာ တန်ဖိုးထား လေးစားခြင်း ခံရလိမ့်မယ်။ အဲ့ဒါ ဘာကြောင့်လဲဆိုတော့ မင်းဟာ အကြားအမြင် ဗဟုသုတများပြီး သူတစ်ပါး အားထားနိုင်တဲ့သူ ဖြစ်လို့ပေါ့။

ဒါဆို တန်ဖိုးရှိတဲ့လူဖြစ်အောင် မင်း ဘာလုပ်ရမယ်ဆိုတာ သိပြီပေါ့နော်။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



## ချစ်တပည့် ...

"အပေါင်းအသင်းကြောင့် ဂုဏ်တက်၊ အပေါင်းအသင်းကြောင့် ဂုဏ်ပျက်" ဆိုတဲ့ စကား မင်း ကြားဖူးသလား။

အဲဒီစကားဟာ အမှန်ပဲ။ မင်းပေါင်းသင်းနေတဲ့ သူငယ်ချင်းဟာ စိတ်ဓာတ်မကောင်းဘူး။ တစ်ကိုယ်ကောင်း ဆန်တယ်။ သူတစ်ပါးပေါ်မှာလည်း ကိုယ်ချင်းစာစိတ် မရှိဘူး။ ဆရာမိဘကိုလည်း ရိုသေကိုင်းရှိုင်းမှု မရှိဘူး။ ကိုယ့်ကိုယ်ကိုယ်လည်း လေးစားမှု မရှိဘဲ အရက်သောက်၊ ဆေးလိပ်သောက်၊ သူများလိုက် နှောင့်ယှက်တယ်။ ထင်ရာပြော ထင်ရာလုပ်ပြီး ရိုင်းစိုင်းနေတယ်ဆိုရင် အဲဒီလိုလူမျိုး နဲ့ တွဲနေတဲ့ မင်းလည်း ဘယ်လောက်တော်ပါတယ်၊ ကောင်းပါတယ်ပြောပြော မယုံဘူး။ အဲဒီလို ကောင်မျိုးလို့ပဲ အထင်ခံရမယ်။ အဲဒီလို လူတွေနဲ့ ပေါင်းသင်းနေရင် မင်းလည်း ကြာလာတော့ လူ ပျက်ရင် ပျက်၊ မပျက်ရင် နာမည်ပျက်မှာပဲ။

မင်း ပေါင်းတဲ့ သူငယ်ချင်းဟာ ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ စာကြိုးစားတယ်။ လိမ္မာတယ်။ ဆရာတွေက ချစ်ခင်ကြတယ်။ အပေါင်းအသင်းတွေက လေးစား အားကိုးကြတယ်။ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားတယ်။ ကိုယ့်ဘဝအတွက် အကျိုးရှိစေတဲ့ စာကောင်းပေမွန်တွေကို ရွေးချယ် ဖတ်တတ်တယ်။ သူတစ်ပါးကိုလည်း တတ်နိုင်သလောက် ကူညီတယ်။ ဘယ်သူ့ကိုမှ ဒုက္ခ မပေးဘူး။ ကျောင်းသားအချင်းချင်းလည်း စောင့်ရှောက်တယ်။ **အချိန်ရဲ့ တန်ဖိုးကို အမြဲကြိုးစားနေတယ်ဆိုရင် အဲဒီ သူငယ်ချင်းမျိုးနဲ့ မင်း ပေါင်းသင်းတာ အဓိပ္ပာယ်ရှိတယ်။ ဉာဏ်ထက်တယ်။ အနည်းဆုံးတော့ မင်းကိုလည်း လူကောင်းလူတော် လေးလို့ ထင်ကြမှာပဲ။ အဲဒီတော့ မင်းတို့ အရွယ်မှာ အပေါင်းအသင်းဟာ သိပ်အရေးကြီးတယ်။ တွေ့ကရာ မပေါင်းနဲ့ ရွေးချယ်ပြီး ပေါင်း။**

**ဆရာကောင်း**

http://www.khtnetpc.webs.com For Knowledge & Educational Purposes



ချစ်တပည့် ...

မင်းကို မင်းမိဘတွေ ညီအစ်ကို မောင်နှမတွေက ချစ်ခင်ကြင်နာ ဂရုစိုက်စေချင်တယ်။ သူတို့က မင်းကို မချစ်ဘူး၊ ဂရုမစိုက်ဘူးလို့ ထင်နေတယ်။ မင်းဘဝကို မင်း မကျေနပ်ဘူး။ ဒါ့ကြောင့် လောကကြီးကို အရွဲ့တိုက်ချင်တယ်။ လောကကြီးမှာ အမျိုးလည်း ရှိတတ်ပါတယ်။ တချို့မိဘတွေက ကြီးပွားချမ်းသာဖို့ပဲ လုံးပမ်းနေတယ်။ ကိုယ့်သားသမီး ဘာဖြစ်လို့ ဖြစ်နေမှန်း မသိဘူး။ သူတို့ လိုချင်တာ ဝယ်ပေးပြီး သုံးချင်ရာသုံးဖို့ ငွေထုတ်ပေးနိုင်တယ်ဆိုရင် ပြီးပြီလို့ ထင်နေတယ်။ ကျောင်းကောင်းကောင်းမှာ ထားပြီး နာမည်ကြီး ကျူရှင်ဆရာတွေ ငှားထားပေးရင် တာဝန်ကျေပြီလို့ ထင်နေကြတယ်။ သူတို့က သားသမီးကိုချစ်တာ ငွေနဲ့ သက်သေပြချင်ပုံရတယ်။ တချို့မိဘကျတော့ သူ့ဘဝ သူ မကျေမနပ်နဲ့ လင်မယားချင်း ရန်ဖြစ်ပြီး တစ်ယောက်ကိုတစ်ယောက် အပြစ်တင် အပြစ်မြင်နေကြတာနဲ့ သားသမီးတွေကို ချစ်ခင်ရကောင်းမှန်း မသိဖြစ်နေတယ်။

အဲ့ဒီလို မိဘမျိုးနဲ့ တွေ့ရင်တော့ မင်းကံကောင်းတယ်။ ကံလည်း ဆိုးတယ်။ ကံကောင်းတာက မိဘတွေရဲ့ဘဝကို ခံစားနားလည်သင်ခန်းစာယူပြီး မင်းအလှည့်ကျ အကောင်းဆုံးမိဘဖြစ်အောင် ကြိုးစားခွင့်ရှိလို့ပဲ။ ကံဆိုးတာက လူတိုင်းလိုလားကြတဲ့ မိသားစုရဲ့ မေတ္တာကို မင်းအနေနဲ့ ပြည့်ပြည့်ဝဝ မရလို့ဘဲ။

ဒါပေမယ့် မင်းကကော သူတို့အပေါ် မေတ္တာထားရဲ့လား။ မေတ္တာထားတယ်ဆိုတာ ပါးစပ်နဲ့ ပြောလို့မရဘူးနော်။ သူတို့ စိတ်ချမ်းသာအောင် ဘာတွေများ ပြုမူပြောဆို နေထိုင်ခဲ့သလဲ။ **မင်းကိုယ်တိုင်က သူတို့ကို မေတ္တာမပေးရင် သူတို့ဆီကလည်း မင်း ဘာပြန် မျှော်လင့်နိုင်မှာလဲ။ ကိုယ်က မပေးဘဲ သူတစ်ပါးဆီက ပြန်ရဖို့ဆိုတာ ခဲယဉ်းပါတယ်။ အဲ့ဒါ သဘောပေါက်ပါ။**

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



ချစ်တပည့် …

ကတိတစ်ခုကို ပေးပြီးရင် အဲ့ဒီကတိကို တည်အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်တဲ့ သူဟာ ယောကျ်ားကောင်းပဲ။ ပြီးတော့ လူကြီးလူကောင်း တစ်ယောက်ရဲ့ နှုတ်ထွက်စကားတာ စာချုပ်ကဲ့သို့ နိုင်မာသတဲ့။ ကိုယ် မလုပ်နိုင်တာကို ကတိမပေးဘဲ၊ ကိုယ် ကတိပေးခဲ့ရင်လည်း မဖြစ်မနေ လုပ်ကိုလုပ်ရမယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထားတဲ့သူတွေအတွက်တော့ မဟာဥပဒေသပဲ။

မနက်ဖြန် ဆရာပေးတဲ့စာကို ရပါစေ့မယ်လို့ ကတိပေးပြီးမှ မီးပျက်လို့ပါ၊ ခေါင်းကိုက် ဗိုက်နာလို့ပါ ဆင်ခြေပေး အကြောင်းပြပြီး ကတိပျက်တာဟာ ကိုယ့်ကိုယ်ကိုယ် မလေးစားလို့ဘဲ။ ပြီးတော့ မင်း ဝဉ်းတားကြည့်၊ နက်ဖြန်ကို ငှားထားတဲ့စာအုပ် ပြန်ပေးပါ့မယ်၊ ချေးထားတဲ့ ငွေ ပြန်ပေးပါ့မယ်လို့ မင်းကိုကတိပေးပြီး မင်းသူငယ်ချင်းက သူ့ကတိကို ဖောက်ဖျက်ခဲ့ရင် သူ့အပေါ် မင်း ဘယ်လိုမြင်မှာလဲ၊ ဒီကောင် ကတိမတည်ဘူးလို့ မင်း စိတ်ထဲမှာ ထင်မှာပဲ။ မင်းအနေနဲ့ မကျေမနပ် ဖြစ်ချင်လည်း ဖြစ်မယ်။ ခွင့်လွှတ်ချင်လည်း ခွင့်လွှတ်မယ်၊ ဒါပေမယ့် သူ့အပေါ်မှာ မင်းရဲ့ တန်ဖိုးထားမှု အမှတ်ကတော့ လျော့သွားမှာ သေချာတယ်။

အေး … မင်းကလည်း သူတစ်ပါးကို ပေးထားတဲ့ ကတိဖောက်ဖျက်ခဲ့ရင် အဲ့ဒီသူတွေကလည်း မင်းကို အဲ့ဒီလို မြင်မှာပဲဆိုတာ ကြိုပြီး သဘောပေါက်စေချင်တယ်။ ကတိကိုတော့ ဘယ်သူ့ကိုပဲဖြစ်ဖြစ် လွယ်လွယ်မပေးနဲ့။ ပေးပြီးရင်လည်း တည်အောင်လုပ်၊ ဥပမာ … ဒီနှစ် စာမေးပွဲအောင်ကို အောင်စေရမယ်။ တက္ကသိုလ်ဝင်တန်း မအောင်မချင်း ဆေးလိပ်လည်း မသောက်ဘူး၊ ရည်းစားလည်း မထားဘူး … စသဖြင့် တစ်စုံတစ်ဦးကို ကတိပေးမိပြီဆိုရင်တော့ ကိုယ့်စကားကိုယ် တည်ပါစေ။ လူကြီးလူကောင်းဆန်ပါစေ။ ဒါမှ မင်းယောကျ်ားကောင်း။

တကယ်တော့ မင်းဟာ မယုံကြည်ရတဲ့ ခပ်ညံ့ညံ့ လူတစ်ယောက်မှ မဟုတ်တာ။ အဲ့ဒါကို ဆရာကြိုသိပေါ့။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



**ချစ်တပည့်** ...

**One kind word can warm three winter months.**

**အကြင်နာ စကားတစ်ခွန်းဟာ ဆောင်းရာသီသုံးလစလုံးကို နွေးထွေးစေနိုင်တယ်ဆိုတဲ့ ဂျပန်စကားပုံတစ်ခုကို သွားအမှတ်ရတယ်။**

ဘယ်သူမဆို ကိုယ့်မိဘဆီက ဖြစ်စေ၊ ကိုယ် ချစ်ခင်လေးစားရတဲ့ သူဆီကဖြစ်စေ၊ ကြင်ကြင်နာနာ စကားတစ်ခွန်းကို ကြားရရင် စိတ်ထဲမှာ ကျေနပ်ပြီးပီတိဖြစ်တတ်ပါတယ်။ အဲ့ဒီ စကားတစ်ခွန်းကြောင့် ကိုယ်ရဲ့ စိတ်တွေဟာလည်း အေးချမ်းဝမ်းသာပြီး အပြုအမူကောင်းတွေကိုလည်း လုပ်မိကြသတဲ့။

ကိုယ့်မိဘက ကိုယ့်ကို သားလေး၊ လူကလေး၊ သားငယ်၊ သားကြီးစသဖြင့် ကြင်ကြင်နာနာ ပြောဆိုဆက်ဆံရင် ကိုယ့်စိတ်တွေက သဘောတွေကျပြီး မိဘအလိုကျ လုပ်ပေးချင်စိတ်တွေဖြစ်လာတတ်ပါတယ်။ ဟဲ့ကောင် ...။ ဟို ... အသုံးမကျတဲ့ကောင်။ သေနာကောင်။ မောင်မောင်ကျော်ညွှန့်စသဖြင့် ...။ ရင့်ရင့်သီးသီး လေသံမာမာနဲ့ ခေါ်ပြောဆက်ဆံရင် ကိုယ့်စိတ်တွေကလည်း မကျေမနပ်နဲ့ အရွဲ့တိုက်ချင်စိတ်တွေ ပေါ်လာတတ်တယ်။ ဆရာနဲ့တပည့်ဆက်ဆံရေးမှာလည်း ဒီအတိုင်းပဲ။

ဘယ်သူမဆို ဒီအတိုင်းပါပဲလေ။ ကိုယ့်ကို ကြင်ကြင်နာနာဆက်ဆံရင် ကြင်ကြင်နာနာ တုံ့ပြန်မယ်။ ရိုင်းရိုင်းစိုင်းစိုင်း ဆက်ဆံရင် ရိုင်းရိုင်းစိုင်းစိုင်း တုံ့ပြန်တတ်ကြတာပါပဲ။ ဒါကြောင့် ဘယ်သူ့ကိုမဆို ကြင်ကြင်နာနာနဲ့ ပြောဆိုဆက်ဆံစေချင်တယ်။ ကြင်ကြင်နာနာ ပြောဆိုဆက်ဆံတတ်တဲ့ သူဟာ လူချစ်လူခင်ပေါတယ်။ မိတ်ဆွေကောင်းတွေ များတယ်။ ပြီးတော့ သူများလည်း စိတ်ချမ်းသာ ကိုယ်စိတ်ချမ်းသာ ဖြစ်နိုင်တယ်။

**ဒါ့ကြောင့် ဘယ်သူ့ကိုပဲဖြစ်ဖြစ် ဘယ်နေရာမှာပဲ တွေ့တွေ့ အကြင်နာစကားလေးတွေ ပြောဖြစ်အောင် ပြော။ မင်းတတ်ပါတယ်။ မေ့နေမှာစိုးလို့ ဆရာကသတိပေးတာပါ။**

**ဆရာကောင်း**

ချစ်တပည့် ...

ဘယ်သူမှ အမှားမကင်းကြပါဘူး။ တစ်ချိန်ချိန်မှာတော့ လူတိုင်း လိုလို တစ်ခုမဟုတ် တစ်ခုတော့မှားခဲ့ကြတာပါပဲ။ ဒါပေမယ့် လူ ဆိုတာ ကိုယ်မှားခဲ့တာတွေ မမြင်ဘဲ သူများမှားတာကို အကြီး အကျယ် စိတ်ပျက်ဒေါသထွက်မိတတ်ကြတယ်။ အထူးသဖြင့် လူကြီးအရွယ်ရောက်တဲ့ သူတွေဟာ ကိုယ်ငယ်ငယ်က မှားခဲ့တာ တွေ လုံးဝမေ့ပစ်ပြီး ကိုယ်လိုပဲ မှားမိတတ်ကြတဲ့ လူငယ်တွေကို အကြီးအကျယ် နှိပ်ကွပ်တတ်ကြတယ်။ ဒီအထဲမှာ ဆရာကောင်း လည်း ပါတယ်။ ငယ်ငယ်တုန်းက ကိုယ်ကျောင်းပြေးခဲ့ဖူးတာ မေ့ပြီး ကျောင်းပြေးတဲ့ တပည့်တွေကို ရေရေလည်လည် ဒေါကန်မိ ခဲ့ဖူး တယ်။ ကရုဏာ စေတနာတွေနဲ့ပါ။

ဒါပေမယ့် ... အခုတော့ သိပြီ။

လောကကြီးမှာ သူလည်း မှား၊ ကိုယ်လည်း မှားတတ် ကြတာပဲ။ တစ်ဝုံတစ်ယောက်ရဲ့ မှားယွင်းမှုကြောင့် အကြီး အကျယ် စိတ်ပျက်မနေသင့်ဘူး။ တစ်ချိန်ချိန်မှာ ကိုယ်လည်း သူ့လိုမျိုး မှားနိုင်တာပဲဆိုတဲ့ စာနာစိတ်နဲ့ပေါ့လေ။ အဲ့ဒီအခါ ကျတော့ လူတွေကို အလွယ်တကူ ခွင့်လွှတ်လာနိုင်ပြီး ကိုယ်လည်း စိတ်ငြိမ်းချမ်းမှု ရလာတော့တယ်။

သူတစ်ပါးရဲ့ အမှားတွေကို စာနာစိတ်နဲ့ နားလည်ခွင့်လွှတ်နိုင် ခြင်းဟာ မြင့်မြတ်တဲ့သူတွေရဲ့ အပြုအမူပါပဲ။ ဒါပေမယ့် ပြုပြင်မှု မရှိတဲ့ ထပ်တလဲလဲ အမှားတွေကိုတော့ သည်းခံပြီး လျစ်လျူရှု ဥပေက္ခာပြုရတဲ့ အခြေအနေမျိုးလည်း ကြုံတတ်ပါတယ်။ သူတစ်ပါး ရဲ့ အမှားတွေဟာ ကိုယ့်ကို ထိခိုက်နစ်နာစေလို့ ဒေါသနဲ့ တုံ့ပြန်တာ မျိုးတော့ မလုပ်မိစေနဲ့နော်။ မှားတတ်တယ်။ အဲ့ဒါကို ကလဲ့စားချေ တယ်လို့ ခေါ်တယ်။ သူတစ်ပါးရဲ့ အမှားကို ကလဲ့စား ပြန်ချေတာ လွယ်ပါတယ်။ သည်းခံခွင့်လွှတ်ပြီး မေ့ပစ်လိုက်တာက ခက်တယ်။ လွယ်တာတွေထက် ခက်တာကို လုပ်ရတာက ပိုစိတ်ဝင်စားဖို့ ကောင်းပါတယ်။ ဆရာ ဘာဆိုလိုချင်တယ်ဆိုတာ မင်းသဘော ပေါက်ပါတယ်။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



ချစ်တပည့် ...

ဓားသွေးကျောက်ဟာ ဓားတွေကို ထက်မြက်အောင် အသွေးခံရင်းနဲ့ သူ့ဘဝ လုံးပါး ပါးခဲ့ရတယ်။ ဆရာအတော်များများ ဟာလည်း တပည့်တွေကို ထူးချွန်ထက်မြက်အောင် အချိန်ပြည့် အားထုတ်ကြိုးပမ်းရင်းနဲ့ သူတို့ရဲ့ လူမှုရေးစီးပွားရေးဘဝတွေ ဆုံးရှုံး နစ်နာခဲ့ကြရတယ်။

တချို့ဆရာတွေဆို တပည့်တွေအတွက် နေကုန်နေခမ်း ကြိုးပမ်းအားထုတ်နေတဲ့အတွက် သူတို့ရဲ့ အိမ်ထောင်ရေး၊ သားရေး သမီးရေးကိစ္စတွေမှာ ထိခိုက်နစ်နာပျက်စီးခဲ့ကြရတယ်။

ဆရာအများစုဟာ တပည့်တွေကို တော်စေ တတ်စေ၊ ထူးချွန် ထက်မြက်စေချင်ကြတဲ့ သူတွေချည်းပဲ။ အနည်းဆုံးတော့ သူ သင်တဲ့ ဘာသာရပ်မှာ ဂုဏ်ထူးထွက်စေချင်တဲ့ စေတနာတော့ရှိကြစမြဲပါ။ ကိုယ့်ရဲ့ ဝမ်းရေးအတွက် ကျောင်းချိန်ပြင်ပမှာ မလွှဲသာလို့ အခကြေး ငွေယူပြီး သင်ပြပေးနေရပေမယ့် တပည့်ပေါ်ထားတဲ့ စေတနာက တော့ ရင်နဲ့အပြည့်ရှိပါတယ်။ အချိန်ကိုငွေနဲ့ ဖလှယ်ကြပေမယ့် စေတနာကိုတော့ ငွေနဲ့တန်ဖိုးဖြတ်ပြီး မရောင်းစားကြပါဘူး။

မင်းတို့က ဆရာကို အခကြေးငွေ ကောင်းကောင်းပေး သင် တာပဲဆိုပြီး အမြင်တစ်မျိုးနဲ့ မဆက်ဆံနဲ့နော်။ မှား သွားလိမ့်မယ်။ ဆရာရဲ့ မေတ္တာ စေတနာတွေကို မစော်ကားနဲ့။ သူတို့အပေါ် တန်ဖိုးထား လေးစားလေလေ ကိုယ့်အတွက် ပညာ ရလေလေပဲ။ သူတို့က ကိုယ့်အပေါ် သူတို့ရဲ့ ပညာ တွေကို စေတနာအပြည့်နဲ့ ပေးချင်လာအောင် လေးလေး စားစား ဆက်ဆံပါ။ တန်ဖိုးထား နားလည်ပါ။ သူတို့ စိတ်ငြိုငြင် အောင် စိတ်ထိခိုက်အောင် မလေးမစားနဲ့ မစော်ကားနဲ့နော်။ မင်းအတွက် အကျိုးယုတ်သွားလိမ့်မယ်။ သူတို့ မပေးရင် မင်း ဘာမှ မရဘူးဆိုတာ သဘောပေါက်နားလည်စေချင်တယ်။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



ချစ်တပည့် …

Life is time … တဲ့။

ဘဝဆိုတာ အချိန်ပဲ။ ဘဝကို အချိန်တွေနဲ့ တည်ဆောက်ထားတာပါ။ စက္ကန့်ကနေ မိနစ်၊ မိနစ်က နာရီ၊ နာရီက ရက်၊ ရက်က လ၊ လက နှစ်ဆိုပြီး အချိန်တွေ ပြောင်းလဲ သတ်မှတ်လာကြတာ။ နောက်ဆုံးတော့ ''နှစ်'' တွေကနေ ကာလဖြစ်ပြီး အဲ့ဒီကာလတွေကို ဘဝလို့ ခေါ်ဆိုကြတာပဲ မဟုတ်လား။

စက္ကန့်၊ မိနစ်၊ နာရီတွေဟာ ဘဝရဲ့ အစိတ်အပိုင်းတွေပဲ။ အဲ့ဒီ စက္ကန့်၊ မိနစ်၊ နာရီတွေကို ကိုယ့်ဘဝအတွက် အကျိုးရှိအောင် သုံးရင် အဲ့ဒီဘဝကို တည်ဆောက်တာပဲ။ ကိုယ့်ဘဝကို တိုးတက်မြင့်မားအောင် ကြိုးပမ်းအားထုတ်တာပဲ။ အချိန်ကို အကျိုးရှိရှိ သုံးလေလေ တစ်ဝဝနဲ့ ဘဝဟာ တိုးတက်မြင့်မားလာလေလေပဲ။ တန်ဖိုးရှိတဲ့ ဘဝ၊ အဖိုးတန်တဲ့ဘဝ ရောက်အောင် အချိန်ကို စနစ်တကျ အကျိုးရှိရှိ သုံးတတ်စေချင်တယ်။ အချိန်ကို အကျိုးရှိအောင် မသုံးတတ်ရင် အချိန်ဟာ အလဟဿ ကုန်ဆုံးသွားလိမ့်မယ်။

ဒီဆို အချိန်ကို ဖြုန်းတီးပစ်လိုက်တာပဲ။ အကျိုးမဲ့အချိန်တွေ ဖြုန်းတီးသွားမယ်ဆိုရင် မင်းဘဝ ဆုံးရှုံးနစ်နာသွားလိမ့်မယ်။ အဖိုးတန်တဲ့ အချိန်ကို သုံးရကောင်းမှန်းမသိဘဲ ဖြုန်းတီးနေရင်တော့ မင်းဘဝကို တစ်စစီပဲ့ခွဲနေတာနဲ့ အတူတူပဲ။ ကိုယ်ဘဝကိုယ် ဖြည်းဖြည်းချင်း ဖျက်ဆီးနေတဲ့ သဘောပဲ။ ကြာရင် ကိုယ့်ဘဝ တစ်ခုလုံး ပြိုပျက်ပြီး နစ်မွန်းသွားလိမ့်မယ်။ ဒါကြောင့် …

**အချိန်ဟာ ဘဝ၊ ဘဝဟာ အချိန်ပဲဆိုတာ အသေအချာ သဘောပေါက်ပါ။ အချိန်ကို အကျိုးရှိရှိ အသုံးပြုပြီး ဘဝကို တည် ဆောက်ပါလို့ ဆရာအလေးအနက် တိုက်တွန်းလိုက်ပါတယ်။**

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



ချစ်တပည့် ...

လောကမှာ လူနှစ်မျိုးရှိတယ်။ တစ်မျိုးက ထမင်းစားဖို့ အသက်ရှင်တဲ့ သူ။ နောက်တစ်မျိုးက အသက်ရှင် ရပ်တည်ဖို့ အတွက် ထမင်းစားနေတဲ့ သူ။ တူသလိုလိုရှိပေမယ့် မတူဘူး။ ကွဲပြားခြားနားတယ်။ ထမင်းစားဖို့ အသက်ရှင်တဲ့ သူကတော့ ထမင်းဟာ သူ့အတွက် အရေးကြီးဆုံး ဖြစ်နေတယ်။ ထမင်း ကောင်းကောင်းစားနိုင်ဖို့ ပြည့်ပြည့်စုံစုံရှိအောင် ဝဆောင်းရှာဖွေ ကြိုးစားမယ်ဆိုတာ သူ့ရဲ့ ဘဝရည်မှန်းချက်ပဲ။ သူ့ဘဝ ကောင်း ကောင်းစား ကောင်းကောင်းနေရဖို့အတွက်သာ သူ အသက်ရှင် နေခြင်းသာ ဖြစ်တယ်။

အသက်ရှင် ရပ်တည်ဖို့ ထမင်းကိုစားနေရတဲ့ သူကတော့ စောစောက လူနဲ့ မတူဘူး။ သူက သူ့ယုံကြည်ချက်၊ မျှော်လင့်ချက်တွေအတွက် အသက်ရှင်ချင်တယ်။ သူ့ကိုယ်ကျိုး အတွက် အများအကျိုးဆောင်ရွက်ဖို့ အသက်ရှင်ချင်တယ်။ အဲ့ဒီအတွက် ထမင်းကို သူစားနေခြင်း ဖြစ်တယ်။ ထမင်း ကောင်းကောင်း မစားရလည်း အရေးမကြီးဘူး။ သူ့ ယုံကြည်ချက်အတွက် လှုပ်ရှားဆောင်ရွက်နိုင်ဖို့ကသာ အရေးကြီး တယ်။

အဲ့ဒီ လူနှစ်ယောက်မှာ ဘယ်သူက တန်ဖိုးရှိသလဲ။ မင်း ဘယ်လို လူမျိုးဖြစ်ချင်သလဲ။ ဆရာ သိတယ်နော်။ မင်းဟာ အသက် ရှင်ရပ်တည်ဖို့ ထမင်းစားနေရတဲ့ သူမျိုးပဲ ဖြစ်ချင်မယ်ဆိုတာကို ပေါ့။ ဟုတ်တယ် ... ဟုတ်။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



တပည့်ချစ် ...

ဘဝမှာ မင်းဖြစ်ချင်တဲ့ ရည်မှန်းချက်တွေ၊ ဆန္ဒတွေကို စာတစ်အုပ်ထဲမှာ ချရေးထားပြီး အဲ့ဒီအချက်တွေကို ဖြစ်အောင် ကြိုးစားကြည့်ပါလား။

ဥပမာ ...

၁။ ဒီနှစ် စာမေးပွဲအောင်ကို အောင်ရမည်။

၂။ ပုဂံကို ဘုရားသွားဖူးမည်။

၃။ အင်္ဂလိပ်သီချင်း ၃-ပုဒ်ရအောင် ဆိုမည်။

၄။ ရှမ်းပြည်နယ် ကလောမြို့ကို သွားလည်မည်။

၅။ ပြင်ဦးလွင်မြို့ရှိ ရေတံခွန်ကို သွားကြည့်မည်။

၆။ မိဘမဲ့ကလေးများ ကျောင်းတစ်ကျောင်းကို စာအုပ် ပေါင်း၊ အဝတ်ပေါင်းများ သွားလှူမည်။

၇။ အင်္ဂလိပ်စကားပြောစာအုပ် တစ်အုပ်ကို ပြီးဆုံးအောင် အလွတ် ရွတ်ဆို ကျက်မှတ်မည်။

၈။ အင်္ဂလိပ်စစ်တုရင် ထိုးတတ်အောင် လေ့ကျင့်မည်။

၉။ ရေဝတီမြစ်ကို သွားကြည့်မည်။

၁၀။ ကြက်သား ဆီပြန်ဟင်းတစ်ခွက် ချက်ကြည့်မည်။

စသဖြင့် စိတ်ထဲရှိတာတွေ ချရေးကြည့်လိုက်ပါ။ ပြီးတော့ အဲ့ဒီ ဆန္ဒတွေ၊ ရည်မှန်းချက်တွေကို ဖြစ်အောင် ကြိုးစားကြည့်။ ဖြစ်လာ တဲ့အခါ ဘေးနားမှာ (မှန်)ဆိုတဲ့ အမှတ်အသား (✔) ကို ခြစ်လိုက်ပါ။ တစ်သက်လုံးစာနဲ့ တစ်နှစ်စာကို ခွဲခြားပြီး မှတ်ထားပါ။ အဲ့ဒီတော့ မင်းဘဝမှာ ဘာတွေ လုပ်နိုင်ခဲ့တယ်ဆိုတာ ပေါ်လွင်လာပါလိမ့်မယ်။ စမ်းကြည့်ချင်နေပြီလား။ လုပ်ကြည့်လိုက်လေ။ ကြာသလားလို့။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



## ချစ်တပည့် ...

စာကျက်မရလို့ ဉာဏ်ထုံထိုင်းတယ်ထင်ပြီး စိတ်ဆင်းရဲနေမယ်ဆိုရင် ဆရာပြောတာလေးတွေ သတိရနော်။

လျှပ်စစ်မီးသီး မီးချောင်းစတဲ့ တီထွင်မှုပေါင်း ၁၀၀၀–ကျော် လုပ်ခဲ့တဲ့ သိပ္ပံပညာရှင်ကြီး အက်ဒီဆင်ဟာ ငယ်စဉ်က အလွန်ညံ့ပြီး ဆရာတွေ လက်မှိုင်ချရလောက်အောင် အလွန် ထုံထိုင်းဖျင်းအသတဲ့။

စစ်နဲ့ ငြိမ်းချမ်းရေး ဝတ္ထုရေးခဲ့လို့ ကမ္ဘာကျော်ဖြစ်ခဲ့တဲ့ ရုရှ စာရေးဆရာကြီး လီယိုတော်စတွိုင်းဟာ စာသင်မရ၊ စာသင်ချင်စိတ်မရှိလို့ ဆရာတွေရဲ့ မှတ်ချက်ပေးခြင်းခံရပြီး ကောလိပ်ကျောင်းကနေ တစ်ဝက်တစ်ပျက်နဲ့ ကျောင်းထွက်ခဲ့ရတယ်။

၁၈–ရာစု အင်္ဂလိပ်အတွေးအခေါ်ပညာရှင် ရူပဗေဒဘာသာရပ်မှာ ထင်ရှားတဲ့ သိပ္ပံပညာရှင်ကြီး အိုက်ဇက်နယူတန်ဟာလည်း အထက်တန်းကျောင်းသားဘဝမှာ အလွန်ညံ့ခဲ့သတဲ့။

သူတို့ဟာ ကျောင်းစာမှာ ညံ့ပေမယ့် အတွေးအခေါ် မညံ့ဘူး။ လုံ့လဝီရိယ ရှိတယ်။ ဇွဲကောင်းတယ်။ သူတို့ သိချင်တာ ဖြစ်ချင်တာ တစ်ခုခုကို မရမချင်း ဇွဲကောင်းကောင်းနဲ့ ဘဝကို နစ်မြှုပ်ပြီး အလုပ် လုပ်ကြတယ်။ ဒီ့ကြောင့် သူတို့ဟာ သူများတွေ မတွေးနိုင် မလုပ်နိုင်တာတွေကို တွေးနိုင် လုပ်နိုင်တဲ့အတွက် ကမ္ဘာကျော် ပုဂ္ဂိုလ်ကြီး ဖြစ်ခဲ့ကြတယ်။

မင်းလည်း စာကျက်လို့မရတဲ့အခါ ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးတွေနဲ့ တူလာပြီလို့သာ မှတ်လိုက်ပေတော့။

ဆရာကောင်း

ချစ်တပည့် ...

It is no use crying over spilt milk.

မှောက်သွားတဲ့ နွားနို့ခွက်အတွက် ငိုနေလို့ အလကားပဲ ... တဲ့။

မှောက်သွားမှတော့ အဲ့ဒီ နွားနို့ကို ပြန်သောက်လို့ ဘယ်ရတော့မလဲလေ။ ထိုင်ငိုနေလို့လည်း အပိုပဲပေါ့။

တချို့က ဒီသဘောတရားကို နားမလည်ဘဲ စာမေးပွဲကျလို့ တစ်နေကုန် ထိုင်ငိုနေတတ်တယ်။ တချို့ကျတော့ စာမေးပွဲမှာ ဂုဏ်ထူးတွေ မျှော်လင့်သလို ထွက်မလာလို့ ထမင်းမစားနိုင်၊ ဟင်းမစားနိုင် ဖြစ်ခဲ့ကြရတယ်။ တချို့ကျတော့ ချစ်ခင်သူများနဲ့ ကွဲကွာခွဲခွာကြရလို့ တငိုငို တရယ်ရယ်ဖြစ်ခဲ့ကြရတယ်။

ကံအကြောင်းမလှလို့ တွေ့ကြ၊ ဆုံကြ၊ ကွဲကွာ ခွဲခွာရတာ ဘာတတ်နိုင်မလဲလေ။ ဒါဖြစ်တတ်တဲ့ သဘာဝပဲဟာ။ ဘယ်သူလွန်ဆန်နိုင်မှာလဲ။

ကိုယ်က ကြိုးစားပါရက်နဲ့ ကံကြမ္မာရဲ့ လှဲ့ချော်မှုကြောင့် စာမေးပွဲကျတာမျိုးလည်း ကြုံတတ်ပါတယ်။ ကိုယ်က အသေအချာ လုပ်ကိုင်ပါရက်နဲ့ မှားယွင်းမှု ဆုံးရှုံးမှုတွေလည်း ကြုံတွေ့နိုင်တာပဲ။ အဲ့ဒီ ဆုံးရှုံးမှု မအောင်မြင်မှုတွေကြောင့် ကြေကွဲဝမ်းနည်းပြီး တစ်နေကုန် ထိုင်ငိုနေလို့လည်း အကြောင်းထူးမှာတဲ့လား။

အဲ့ဒီလို ထိုင်ငိုနေလို့ အပိုပဲ။ ဆုံးရှုံးမှုတွေကို ခဏချပြီး တစ်ကပြန်စလိုက်။ မျှော်လင့်ခြင်း အသစ်တွေ ရရှိလာလိမ့်မယ်။ သုံးစားမရတဲ့ ပူဆွေးဝမ်းနည်းမှုနဲ့ စိုးရိမ်သောကတွေကို ခေါင်းထဲက ထုတ်ပစ်လိုက်ဖို့ မမေ့နဲ့နော်။

**ဆရာကောင်း**

http://www.khtnetpc.webs.com For Knowledge & Educational Purposes



ချစ်တာပည့် ...

မင်းကို အဖြစ်အပျက်လေးတစ်ခု ပြောပြရဦးမယ်။ မြို့တစ်မြို့မှာ ကောင်လေးနဲ့ကောင်မလေးနှစ်ယောက်ရှိတယ်။ သူတို့ သိပ်ချစ်ကြတယ်။ သူတို့နှစ်ယောက်က ၁၀–တန်း မအောင်ကြသေးဘူး။ ကောင်လေးက ဆင်းရဲတယ်။ ကောင်မလေးက ချမ်းသာတယ်။ ၁၀–တန်း စာမေးပွဲဖြေပြီးတဲ့နေ့မှာ စာမေးပွဲ မဖြေနိုင်လို့ဆိုပြီး စိတ်ပျက်လက်ပျက်နဲ့ အိမ်မပြန်ဘဲ ထွက်ပြေးကြသတဲ့။

အိမ်ထောင်ပြုခြင်းရဲ့ အဓိပ္ပာယ်နဲ့ ရည်ရွယ်ချက်ကို နားမလည်ဘဲ စိတ်ထင်ရာ လုပ်လိုက်တယ်။ စိတ်ကစားတဲ့အရွယ်မှာ အချစ်ဆိုတာ အမြန်ဆုံး အတူနေဖို့လို့ အဓိပ္ပာယ်ကောက်လွဲခဲ့ကြတယ်။

အကျိုးဆက်ကတော့ ကောင်မလေး မိဘတွေရဲ့ လိုက်လံဖမ်းဆီးခြင်း ခံလိုက်ရလို့ ကောင်လေးက အချုပ်ထဲရောက်သွားတယ်။ ကောင်မလေးက အမေ့အိမ်ပြန်ရောက်သွားတယ်။

နောက်ဆက်တွဲ ဇာတ်လမ်းကတော့ တရားရုံးမှာ ကောင်မလေးက မိဘရဲ့ ရှေ့နေသင်ပေးတဲ့အတိုင်း အလိုမတူဘဲ အတင်းခိုးယူ ထွက်ပြေးတာပါလို့ ထွက်ဆိုသတဲ့။ ကောင်လေး ထောင်ကျသွားတယ်။ ရုပ်ရှင်ထဲမှာဆိုတော့ လွမ်းခန်းပဲ။ မင်းသမီးလေးက မပြောချင်ဘဲနဲ့ အမေ့ရဲ့ နှလုံးရောဂါကို ငဲ့လို့ အံခဲပြီး ပြောချလိုက်တဲ့ အိုင်တင်မျိုး၊ မင်းသားကလည်း ကြေကွဲဝမ်းနည်းပြီး ပရိသတ်က သနားရမယ့် အိုင်တင်မျိုးပေါ့။ အပြင်မှာတော့ ကောင်မလေးက သူ့အမှား သူသိပြီး၊ သူ့ အရှက်သူ ကာကွယ်တဲ့အနေနဲ့ ဒီကိစ္စ သူ့ကြောင့် မဟုတ်ပါဘူး။ ကောင်လေးက ခြိမ်းခြောက်ခေါ်လို့တဲ့။ ခိုးရာလိုက်ပြေးတဲ့ ရက်ပိုင်းအတွင်းမှာ သူ့ ဆွဲကြိုးလေး ရောင်းသုံးလို့ ထမင်းမငတ်ခဲ့တာ သူ သဘောပေါက်သွားပြီ။ ဆွဲကြိုးရောင်းရတဲ့ ငွေလေးကုန်သွားရင် ငတ်တော့မယ်ဆိုတာ သူ အသေအချာသိတော့ အမေ့အိမ် အလွယ်တကူ ပြန်လိုက်ခဲ့တာပေါ့။ ကောင်လေးလည်း ငွေမရှာနိုင်သေးဘဲ မိန်းမအခိုးကောင်းလို့ ထောင်ကျတော့မှ မှားပေါ့ ... မှားပေါ့ ... ဆိုပြီး နောင်တရသတဲ့။ အဲ့ဒီ နောင်တမျိုး မင်းကို မရစေချင်ဘူးနော် ...

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



ချစ်တပည့် ...

**အစက်အခဲတွေကိုသာ ထိပ်တိုက်ရင်ဆိုင် မကျော်ဖြတ်ဘူးဆိုရင် အောင်မြင်မှုဆိုတာ ဘယ်လာရပါ့မလဲ။**

မင်းသိအောင် ပြောရဦးမယ်။ မြင်းသစ်ဘုရင် နပိုလီယံကို မင်းကြားဖူးတယ် မဟုတ်လား။ စစ်ဘုရင်ကြီး တစ်ပါးပေါ့ကွာ။ သူက ကြွေးကြော်ဖူးတယ်။ ''မဖြစ်နိုင်ဘူးဆိုတဲ့ စကားလုံး သူ့ အဘိဓာန်မှာ မရှိတဲ့''။ သူက ပြောတဲ့အတိုင်းလည်း လုပ်တတ်ပါတယ်။ ဥပမာ ... အီတလီပြည်ကို ဝင်တိုက်တော့ မြင့်မားမတ်စောက်တဲ့ အဲလ်(စ်) တောင်တန်းကြီးကို ကျော်ဖြတ်နိုင်မှ ရန်သူကို အမှတ်မထင် အလစ်ဝင်တိုက်နိုင်မယ်ဆိုတာ စစ်ရေးအရ တွက်ချက်မိတယ်။ ခက်တာက သူ့ရဲ့ စစ်အင်အားနဲ့ ဒီတောင်တန်းကြီးကို ကျော်ဖြတ်ဖို့ဆိုတာ ပင်ပန်းဆင်းရဲမှုတွေ အများကြီး ကြုံတွေ့ရလိမ့်မယ်။ ဖြစ်နိုင်ပါ့မလားပေါ့။

သိတယ် မဟုတ်လား။ နပိုလီယံလေ။ မဖြစ်နိုင်ဘူးဆိုတဲ့ စကားလုံး သူ့ အဘိဓာန်မှာမှ မရှိတာ။ ချီတက်ပဲ။ တော အထပ်ထပ် တောင်အထပ်ထပ်ကို ခက်ခက်ခဲခဲ ဖြတ်ကျော်တက်တော့တာပေါ့။ နောက်ဆုံးတော့ နပိုလီယံ မှန်တယ်။ ရန်သူတွေကို အငိုက်မိစေခဲ့တယ်။ သူ အောင်ပွဲရခဲ့တယ်။

အဲ့ဒါ ဘာကြောင့်လည်းသိလား။

**နပိုလီယံတာ သူလုပ်ချင်တာ ဖြစ်ချင်တာရှိရင် မဖြစ်မနေ လုပ်တတ်တဲ့ စိတ်ဓာတ်နဲ့ ဇွဲ လုံ့လတို့ကြောင့်ပေါ့။ မင်းလည်း နပိုလီယံလို စိတ်မျိုးထားပြီး ကြိုးစားကြည့်လိုက်စမ်းပါလား။**

**အခုပြေတော့မယ့် တမေးပွဲလို ကိစ္စမျိုးတွေကတော့ အသေးအဖွဲလေးဖြစ်သွားလိမ့်မယ်။ ပြီးတော့ နပိုလီယံလို ကြုံးဝါးလိုက်။ ''မဖြစ်နိုင် ဆိုတဲ့စကားလုံး ငါ့ အဘိဓာန်မှာမရှိ ... လို့''။ မင်း လုပ်ရဲ ပြောရဲသလား။ ဆရာ စောင့်ကြည့်နေမယ်နော်။**

**ဆရာကောင်း**

http://www.khtnetpc.webs.com For Knowledge & Educational Purposes



ချစ်တပည့် ...

ဆရာ ငယ်ငယ်တုန်းက ''ကံအကြောင်းတရား၊ ကြံ တစ်ချောင်း ဝါးပြား'' လို့ နောက်ပြောင် ပြောဆိုခဲ့ဖူးတယ်။ ကိုယ် လိုချင်တာကို ကိုယ်ကြိုးစားမှ ရမယ်။ ကိုယ် ဖြစ်ချင်တာကို ကိုယ် ကြိုးစားမှ ဖြစ်မယ်ဆိုတဲ့ အသိ ရင်မှာ စွဲငြိခဲ့ဖူးတယ်။ ကံတရားကို မယုံဘူး။ ကိုယ့်ကိုကိုယ်ပဲ ယုံတယ်။ ကံကို ယုံပြီး ဆုပုံ မနင်း ဘူး။ တကယ်ဖြစ်ချင် တကယ် လုပ်၊ အဟုတ် ဖြစ်တယ်။ ဒီလိုပဲ စိတ်စွဲပြီး တကယ်လည်း ကြိုးစားခဲ့တယ်။

မင်းတို့ အရွယ်မှာ ဆရာဟာ ကံအကြောင်းလည်း မသိ၊ ကံ ကောင်းခဲ့တာလည်း မရှိခဲ့သလိုပါပဲ။ ဘဝကို ရုန်းကန်ဖြတ်သန်းခဲ့ ရတော့ ဆင်းရဲခြင်းဆိုတာ အသေအချာ သိတယ်။ လူတွေဟာ ရွှေငွေ ရတနာနဲ့ ဂုဏ်ပကာသနတွေပေါ်မှာ အခြေခံပြီး ဆက်ဆံ ကြတယ်ဆိုတာ သဘောပေါက်ခဲ့တယ်။

အဲ့ဒီတုန်းကတော့ လူငယ်ပီပီ မခံချင်တဲ့စိတ်နဲ့ ပြင်းပြင်း ထန်ထန် ကြိုးစားခဲ့မိတယ်။ တစ်နေ့ကျရင် ငါ ဘာဖြစ်ရမယ်ဆိုတဲ့ စိတ်နဲ့ပေါ့။ ကိုယ့်ကို အရေးတယူ မလုပ်ခဲ့တဲ့ ဆွေမျိုးပတ်ဝန်းကျင် အပေါ် စိတ်နာခဲ့တယ်။ တစ်နေ့ကျရင် ငါ့အကြောင်း သိရစေ့မယ် ပေါ့။ အဲ့ဒီ လူငယ်ပီသတဲ့ မခံချင်စိတ်နဲ့ မာနဟာ ဆရာ့ကို သည်လို အခြေအနေမျိုးရောက်အောင် တွန်းပို့လိုက်တာပဲ။

သူများပြောသမျှ ခေါင်းငုံ့ခံပြီး စိတ်ဓာတ်ကျ ထိုင်မှိုင်နေ မယ်၊ အတိတ်ကံမှ မကောင်းတာဆိုပြီး ဖြစ်သမျှ ဘဝလေး ရောင့်ရဲနေမယ်ဆိုရင်တော့ အောင်မြင်မှုနဲ့ အဝေးကြီးပေါ့။ သူများဆီ လက်ဖြန့်ခံတောင်းဖို့ အသနားခံ အကူအညီတောင်း ဖို့ အိပ်မက်ထဲမှာတောင် ထည့်မမက်ခဲ့ဘူး။ ဒီဆို မင်း သဘော ပေါက်၊ လူငယ်ပီသတဲ့ မှန်ကန်တဲ့ မခံချင်စိတ်နဲ့ မာနဟာ မင်း ရင်ထဲမှာ အစဉ်နိုးကြားနေပါစေ။ တစ်နေ့ကျ မင်းလည်း ဆရာ့လို အောင်ပန်းတွေ တဝေဝေနဲ့ပေါ့။ ယုံတယ် ... မဟုတ် လား။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



**ချစ်တပည့် …**

ပညာသင်နေချိန်မှာ အောင်မြင်မှုကို အဟန့်အတားဖြစ်စေတာဟာ ပျင်းရိတဲ့ စိတ်ပဲ။ အိပ်ရာထရမှာ ပျင်းတယ်။ တကျက်ရမှာ ပျင်းတယ်။ ကျောင်းသွားရမှာ ပျင်းတယ်။ အိမ်စာတွေ လုပ်ရမှာ ပျင်းတယ်။

ဒါပေမယ့် သီချင်းနားထောင်ရတာ မပျင်းဘူး။ သူများအကြောင်း ပြောဆို နားထောင်ရတာ မပျင်းဘူး။ တီဗီကြော်ငြာကြည့်ရမှာ မပျင်းဘူး။

မပျင်းစေတဲ့ အရာတွေဟာ ကိုယ့်ဘဝ အောင်မြင်မှုအတွက် အကျိုးမပြုဘူး။ ကိုယ်လုပ်ရမှာ ပျင်းတဲ့အရာတွေဟာ ကိုယ့်ဘဝ အတွက် အရေးပါတယ်။ လူရဲ့စိတ်ဟာ တစ်ခါတစ်ရံမှာ ဘဝအတွက် အရေးပါတာတွေ မလုပ်ချင်ဘဲ ဘဝအတွက် အကျိုးမရှိ တာတွေကို ကြိုးစားပမ်းစား လုပ်ကိုင်တတ်တယ်။ ထူးချွန်အောင်မြင်တဲ့သူတွေကတော့ အများနဲ့မတူဘူး။ အချိန်ကို အကျိုးရှိရှိသုံးပြီး ဘဝအတွက် အရေးပါတဲ့ကိစ္စတွေကို နေ့မအား ညမအား ကြိုးပမ်း အားထုတ်ကြတယ်။ သူတို့ အဘိဓာန်မှာ ပျင်းရိခြင်းဆိုတဲ့ စကားလုံးရှိပုံမရဘူး။

ကဲ … တပည့် … ပျင်းတာ ကောင်းသလား၊ မပျင်းတာကောင်းသလား။ မပျင်းတာ ကောင်းတယ်လို့ မင်းဖြေမှာပါပဲ။ ဒါပေမယ့် … တအုပ်ကောက်ကိုင်ပြီး ဖတ်ရမှာ ပျင်းနေသေးတယ်။ စာ ထရေးမှာ ပျင်းနေသေးတယ်။ စာ ထိုင်ကျက်ရတာငြီးငွေ့ ပျင်းရိနေသေးတယ်ဆိုရင်တော့ အပြောနဲ့ အလုပ် မညီတော့ဘူးနော်။ အပြောနဲ့ အလုပ် မညီတဲ့သူတွေဟာ ခပ်ညံ့ညံ့လူတွေပဲ။ မင်းက ခပ်ညံ့ညံ့လူစားထဲမှာ မပါလောက်ဘူးထင်ပါရဲ့။

ဆရာကောင်း

ချစ်တပည့် ...

The greatest pleasure in life is doing what people say you cannot do.

ဘဝရဲ့ အကြီးကျယ်ဆုံး ပျော်ရွှင်မှုဆိုတာ မင်း မလုပ်နိုင်ဘူးလို့ လူတွေက ပြောဆိုနေတဲ့အရာကို ပြုလုပ်ခြင်းပါပဲ ... တဲ့၊

ကဲ ... လူတွေက ပြောကုန်ကြပြီ။ ဒီတမေးပွဲမှာ ဂုဏ်ထူးတွေနဲ့ မအောင်မြင်နိုင်ပါဘူးတဲ့။ အဲဒီဆို မင်း ဘာလုပ်မလဲ။ ဂုဏ်ထူးတွေ တသီကြီးနဲ့ အောင်မြင်အောင် မင်းကြိုးစား ပြရမှာပေါ့။ အဲ့ဒီလို အောင်မြင်သွားတဲ့အခါမှာ မင်းဘယ်လောက် ပီတိဖြစ်သွားမလဲ။ လူတွေက မဖြစ်နိုင်ဘူး၊ မလုပ်နိုင်ဘူးလို့ပြောတဲ့ အရာတွေကို ငါ လုပ်နိုင်ခဲ့ပြီဆိုပြီး ကျေနပ် ဝမ်းသာရတဲ့ အရသာဟာ အဲ့ဒါ the greatest pleasure.။

မင်းဟာ ... ဘယ်လောက်ပဲ ကြိုးစားကြိုးစား ဒီဘဝမှာတော့ ကမ္ဘာကျော် ပုဂ္ဂိုလ် မဖြစ်နိုင်ပါဘူးတဲ့။ အဲ့ဒီလို ပြောကြတယ်ဆိုရင် မင်း ဘာလုပ်မလဲ။ သူတို့ မဖြစ်နိုင်ဘူးလို့ပြောတဲ့ အရာကို မဖြစ်ဖြစ်အောင် ကြိုးစားပြလိုက်မှာပေါ့။ အင်္ဂလိပ်စာကို ထူးချွန်အောင် ကြိုးစားတယ်။ သုတေသနစာတမ်းတွေ ပြုစုတယ်။ UNICEF တို့ UNDP တို့လို အဖွဲ့အစည်းတွေမှာ အလုပ်ရအောင် ကြိုးစားမယ်။ စာတမ်းတွေ တင်မယ်။ အဲ့ဒီ နည်းလမ်းမျိုးတွေနဲ့ ကမ္ဘာကျော်ဖြစ်အောင် ကြိုးစားလေ။ ဥပမာ ပြောတာပဲရှိသေးတယ်။ နောက်ထပ် နည်းလမ်းတွေ အများကြီးရှိတယ်။ ဖြစ်ချင်တဲ့ စိတ်ဆန္ဒရှိလို့ ဖြစ်အောင် ကြိုးစားရင် ဖြစ်တာပဲ။ ကဲ ... ငါ့ တပည့် လုပ်ပြလိုက်စမ်းကွာ။ ကြားသလားလို့။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



ချစ်တပည့် ...

အမေရိကတိုက်ကို ပထမဆုံး စတင်တွေ့ရှိ ရောက်ရှိသူ ကိုလံဘတ်စ်အကြောင်း ပြောပြရဦးမယ်။

ကိုလံဘတ်စ်က ကျောင်းသားဘဝကတည်းက ကမ္ဘာကြီး လုံးကြောင်း သီအိုရီကို ယုံကြည်လက်ခံပြီး အိန္ဒိယတိုက်ကို ရွက်လွှင့် ဖို့ အရူးအမူးဖြစ်ခဲ့တယ်။ အဲဒီအချိန်တုန်းက ခုလို သိပ္ပံပစ္စည်းတွေ မပြည့်စုံသေးတော့ ကမ္ဘာကြီး လုံးသလား ပြားသလားဆိုတာ ဘယ်သူမှ ခိုင်ခိုင်မာမာ မပြောနိုင်သေးတဲ့ အချိန်ပေါ့။

ကိုလံဘတ်စ်ဟာ သူရဲ့ စွန့်စားခန်းအတွက် ၁၈–နှစ်လုံးလုံး ကြိုးပမ်း ကြံစည်ခဲ့တယ်။ မအောင်မြင်ဘူး။ နောက်ဆုံးမှာ ပုပ်ရဟန်း မင်းကြီးက သူ့ရဲ့စိတ်ဆန္ဒ ပြင်းပြမှုကိုသိပြီး စပိန်ဘုရင်မကြီးကို အကူအညီပေးဖို့ တိုက်တွန်းခဲ့တဲ့အတွက် ဘုရင်မကြီးက ကူညီ တယ်။ သူလိုချင်တဲ့ သင်္ဘောနဲ့ ရိက္ခာတွေ ရခဲ့တယ်။ ဒါပေမယ့် သင်္ဘောသားတော့ အပြည့်အစုံ မရဘူး။ ဒီတော့ ကိုလံဘတ်စ်က လက်မလျှော့ဘူး။ ငွေပေး၊ ခြိမ်းခြောက်၊ ဖမ်းဆီးတဲ့နည်းတွေနဲ့ သင်္ဘောသားတွေကို မရ ရအောင်လုပ်ခဲ့တယ်။ နောက်ဆုံးတော့ သူဟာ သင်္ဘော ၃–စင်းနဲ့ ကမ္ဘာပတ်ခွင့် ရသွားတယ်။ လမ်းမှာ အခက်အခဲမျိုးစုံ တွေ့ရတယ်။ အဲဒီ အခက်အခဲမျိုးစုံကို ကျော်လွှန် ပြီး ကိုလံဘတ်စ်ဟာ ကမ္ဘာ့သမိုင်းမှာ အရေးကြီးဆုံးနဲ့ ခေတ်သစ် ကို ဆန်းသစ်စေမယ့် ခရီးစဉ်တစ်ခုကို စတင်နိုင်ခဲ့တယ်။ သူ့ကို လည်း အမေရိကတိုက်ကို ပထမဆုံး တွေ့ရှိသူ ရောက်ရှိသူအဖြစ် ဂုဏ်ပြုကဗ္ဗည်းတင်ခဲ့ကြတယ်။

လက်ထဲမှာ သင်္ဘောတစ်စင်းမှ ကိုယ်ပိုင်မရှိဘဲ ကမ္ဘာကြီး ကို ရွက်လွှင့်သွားဖို့ ကြံစည်တဲ့ ကိုလံဘတ်စ်ရဲ့ ဇွဲသတ္တိကို စဉ်းစားကြည့်စမ်း။ ဘယ်လောက် အံ့ဩချီးကျူးစရာကောင်း သလဲလို့။ မင်းလည်း အဲဒီလိုမျိုး ကြံစည်ကြိုးစားကြည့်ပါလား။ ဆရာ အားပေးမယ်။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



**ချစ်တာပည့် …**

တအုပ်တွေထဲမှာရှိတဲ့ အကြောင်းအရာတွေဟာ အံ့ဩစရာ ရတနာတွေပဲတဲ့။ ရတနာကျွန်းပေါ်ရှိ ပင်လယ်ဓားပြတွေ သိမ်းဆည်းထားတဲ့ ရတနာတွေထက်တောင် ပိုမိုများပြားလှသတဲ့။ အဲ့ဒီ ရတနာတွေကို တူးဖော်ယူတတ်ဖို့သာ လိုသတဲ့။ ကောင်းလိုက်လေ။ အဲ့ဒီစကား အမှန်ပဲကွ။ မင်း … ဆေးအတတ် သင်ချင်သလား၊ တအုပ်ထဲမှာ ရှိတယ်။ အင်ဂျင်နီယာ အတတ် သင်ချင်သလား၊ တအုပ်ထဲမှာ ရှိတယ်။ စိတ်ရဲ့ ငြိမ်းချမ်းခြင်းကို လိုချင်သလား။ တအုပ်ထဲမှာ ရှိတယ်။ ကြီးပွားချမ်းသာချင်သလား။ တအုပ်ထဲမှာ ရှိတယ်၊ သဘာဝ လောကအကြောင်းကို သိချင်သလား၊ တအုပ်ထဲမှာ ရှိတယ်။

မင်းလိုချင်တာတွေကို တအုပ်ထဲမှာ တူးဖော်ယူလိုက်ရုံပဲ။

တအုပ်တွေထဲမှာ မင်းလိုချင်တာတွေ အကုန်ရှိတယ်ဆိုတာ မယုံမရှိနဲ့နော်၊ အဲ့ဒီတော့ တအုပ်တာ ရတနာတွေ စုဆောင်းထားတဲ့ ရတနာသေတ္တာကြီးနဲ့ တူတယ်၊ အဲ့ဒီ သေတ္တာကြီးကို ဉာဏ်သော့နဲ့ ဖွင့်ပေတော့၊ ဖွင့်ရကောင်းမှန်းလည်း မသိ၊ ဖွင့်လည်း မဖွင့်တတ်ရင်တော့ ရတနာသိုက် ရှိမှန်းသိရက်နဲ့ တူးဖော်မယူတတ်တဲ့ ပေါ့၊ အေ၊ ညံ့၊ ဖျင်း၊ အသုံးမကျ လူ့ဗာလဖြစ်သွားလိမ့်မယ်၊

မင်းက ခပ်ညံ့ညံ့ အေတစ်ကောင်မှ မဟုတ်တာ။ ဒီတော့ တအုပ်တွေထဲမှာရှိတဲ့ ရတနာတွေကို ရှာဖွေတူးဖော်ယူပေတော့။ မင်းလိုချင်တာ ရမှာသေချာတယ်။ တအုပ်တွေထဲက ရတနာတွေကို တူးဖော်ယူတတ်သွားပြီဆိုရင်တော့ မင်း … ကြီးပွားတိုးတက် အောင်မြင်ကျော်ကြားတဲ့သူ ဖြစ်ပြီပေါ့။

ဆရာကောင်း

## ချစ်တပည့် ...

ပြဿနာဆိုတာ ဘဝစာမေးပွဲပဲကွ။ ဘဝမှာ ပြဿနာတွေ များများတွေ့၊ များများ ဖြေရှင်းနိုင်တယ်ဆိုရင် ဘဝစာမေးပွဲတွေ များများအောင်တဲ့ သဘောပေါ့။ ပြဿနာဆိုတာလည်း ကိုယ်နဲ့ သိပ်မဆိုင်ရင် သေးသေးလေးလို့ ထင်ရပေမယ့် ကိုယ်နဲ့ တိုက်ရိုက်ပတ်သက်ရင်တော့ အကြီးကြီး ဖြစ်နေပြန်ရော။

အဲ့ဒီ ပြဿနာကို အဖြေရှာတဲ့အခါ စေတနာကို အရင်းခံပြီး မေတ္တာနဲ့ အဖြေရှာရမယ့်အစား မာန်မာနတွေ၊ ဒေါသတွေ အခြေခံပြီး အဖြေရှာရင်တော့ ပြဿနာ မီးပွားက မီးတောက်ကြီးဖြစ်သွားနိုင်တယ်။ သူနေရာမှာ နေရင် ဒါလည်း ဘယ်လိုခံစားရမလဲဆိုတဲ့ တနာစိတ်နဲ့ ဒေါသ၊ မာနတွေကို ထိန်းချုပ်ပါ။ ဒီပြဿနာရဲ့ ဇစ်မြစ်ဟာ ဘာလဲဆိုတာ သိအောင်လုပ်ပါ။ တစ်ခါတလေ မာနတွေ၊ ဒေါသတွေ ပွားများနေတာနဲ့ ပြဿနာရဲ့ အခြေခံကို ရှာလို့မတွေ့ဘဲ ဖြစ်တတ်တယ်။ ဒါကြောင့် ဒေါသ၊ မာနတွေကို ချုပ်တည်းနိုင်းတာပေါ့။

ခေါင်း အေးအေးထားပြီး စဉ်းစား အဖြေရှာပါ။ ချက်ခြင်း ဖြေရှင်းလို့ ရရင် ချက်ခြင်းဖြေရှင်းပါ။ ချက်ခြင်း ဖြေရှင်းလို့မရရင် အချိန်စောင့်ပြီး ဖြေရှင်းပါ။ အချိန်တန်တော့ ပြီးသွားပါလိမ့်မယ်။ အဲ ... ပြဿနာကိုကြီးထွားအောင် ရေးကြီးခွင်ကျယ်မလုပ်မို့တော့ လိုတယ်။ လူကြောင့်ဖြစ်လာတဲ့ ပြဿနာတွေကို လူကပဲ ပြန်ဖြေရှင်းနိုင်တယ်ဆိုတာ ယုံ၊ ဘာ ပြဿနာပဲဖြစ်ဖြစ် ဆရာပြောတဲ့အတိုင်း ခေါင်းအေးအေးထားပြီး ဖြေရှင်းပါ။ သင်္ချာပုစ္ဆာတစ်ပုဒ် တွက်သလို သဘောထားပြီး ဖြေရှင်းကြည့်၊ တော်ကြာ ... ပြဿနာတွေ ဖြေရှင်းရတာ ပျော်ပြီး၊ ပြဿနာမရှိမှာတောင် ပူနေရဦးမယ်။ မယုံရင် စမ်းကြည့်လေ။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



ချစ်တပည့် ...

ကျောင်းကထွက်ပြီး နှစ်ပေါင်းများစွာ ကြာတဲ့အခါ သူငယ်ချင်းတွေ ပြန်ဆုံဆည်းဖို့ အကြောင်းတွေ ပေါ်တတ်တယ်၊ သာရေး နာရေးကိစ္စတွေမှာဖြစ်စေ၊ အာစရိယပူဇော်ပွဲ အခမ်းအနားမှာဖြစ်စေ ပြန်ဆုံတွေ့တတ်တယ်။ သူငယ်ချင်းချင်း ပြန်ဆုံတွေ့တဲ့အခါ သူက ဘယ်မှာ ဘာဖြစ်နေတယ်။ သူတတော့ ဘယ်လို ချမ်းသာသွားတယ်။ သူကတော့ နိုင်ငံခြားမှာ ထွက် အလုပ်လုပ်တယ် ... စသည်ဖြင့် ပြောစရာတွေ ရှိကြလိမ့်မယ်။ မင်းလည်း တစ်ခုခုတော့ ပြောရလိမ့်မယ်။ မင်း ဘာတွေ ပြောမလဲ။

ကိုယ့်ခြေထောက်ပေါ် ကိုယ်မရပ်တည်နိုင်ခင်မှာ မိန်းမယူပြီ လို့ တးဝတ်နေရေး လှိုင်းတံပိုးအောက်မှာ နစ်မြုပ်ပျောက်ဆုံးနေပြီလို့ ပြောမလား။ ဘဝခရီးကို ပင်ပင်ပန်းပန်း ရုန်းကန်နေရလို့ နာလန်မထူနိုင်တော့တဲ့ အကြောင်းလား။ အရက် လောင်းကစား မိန်းမများကြောင့် လမ်းပေါ်လျှောက်သွား၊ သောက်စားနေတယ် ဆိုတာလား။ မင်းဘာမှ မပြောရဲလို့ လူတောထဲက ထွက်ပြေး ပုန်းရှောင်မလား။

ဒါမှမဟုတ်။ ငါက ဘယ်မှာ ဘာဖြစ်နေတာ။ ငါကတော့ အကောင် မဟုတ်ပေမယ့် လူဘောင်ကို အကျိုးပြုနေတဲ့သူ စသဖြင့် လုလယ်ကောင်မှာ ပြောရဲဆိုရဲတဲ့ အနေအထားမျိုး ဖြစ်နေမလား။

အဲဒီအချိန်မှာ အေးအေးဆေးဆေး ပြောနိုင်ဖို့အတွက် အခု အချိန်မှာ တက်တက်ကြွကြွ ကြိုးစားရမယ်။ ဘာပဲလုပ်လုပ် အောင်မြင်အောင် ငွဲ လုံ့လ ဝီရိယထားလုပ်ရမယ်။ ဒီအချိန်မှာ များများ လုပ်၊ များများရုန်းကန် ကြိုးစားနိုင်မှ နောင်တစ်ချိန်မှာ လက်မထောင်နိုင်မှာ။ ဒီလောက်တော့ မင်းသဘောပေါက်ပါတယ်။ ဆရာတပည့်ဆို ... ဘယ် ဒီလောက် ညံ့ပါ့မလဲ ... နော။

ဆရာတောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



**ချစ်တပည့် ...**

မင်းက မေးတယ်၊ သတ္တိနဲ့ဇွတ္တိဆိုတာ ဘာလဲတဲ့၊ မှတ်ထားနော်၊ သတ္တိဆိုတာ မှန်မှန်ကန်ကန် ပြုမူပြောဆို လုပ်ကိုင်ဝံ့တာကို ခေါ်တယ်၊ ကိုယ်မှန်တယ် ထင်တာကို ရဲရဲဝံ့ဝံ့ လုပ်ရဲတာကို သတ္တိလို့တော့ တလွဲမထင်လိုက်နဲ့၊ ကိုယ်မှန်တယ် ထင်တာဟာ ကိုယ်ရော လူအများစုကိုပါ ထိခိုက်တာမျိုးဆိုရင် ဘယ်လိုလုပ်မလဲ၊ သဘာဝတရားနဲ့ အခြေအနေ အချိန်အခါက မှန်ကန်သင့်လျော်နေတဲ့ကိစ္စမျိုးကို ရဲရဲဝံ့ဝံ့ နောက်မတွန့်ဘဲ ပြုမူပြောဆိုရဲတာကို သတ္တိလို့ခေါ်တယ်၊ ကိုယ်ကော(သူတစ်ပါး) လူများစုကိုပါ အကျိုးရှိမယ်၊ ဒါမှမဟုတ်(သူတစ်ပါး) လူများစုအတွက် အကျိုးရှိမယ့် ကိစ္စမျိုးကို လုပ်ဝံ့တာကို သတ္တိလို့ခေါ်တယ်။

ဥပမာ ... မြန်မာနိုင်ငံက ကြက်ခြေနီတပ်ဖွဲ့ဝင် စိုင်းအောင်လှိုင်မြင့်က မြစ်ထဲကျသွားတဲ့ ကားတစ်စီးထဲက လူတစ်ယောက်ရဲ့ အသက်ကို စွန့်စားပြီး ကယ်တာမျိုးပေါ့။ အဲ့ဒီလို သတ္တိရှိရှိနဲ့ စွန့်စားပြီး ကယ်တင်ခဲ့တဲ့အတွက် ကမ္ဘာကြက်ခြေနီဆုဖြစ်တဲ့ ဟင်နရီဒူးနန့်ဆုကို ထိုက်ထိုက်တန်တန် ရခဲ့တယ်။

အသက်ကို မငဲ့ဘဲ သူတစ်ပါး၊ အများအကျိုးအတွက် စွန့်စားလုပ်ကိုင်ရဲတာ သတ္တိ၊ အဲ့ဒီ သတ္တိကို ပေါ်လွင်အောင် ပြုမူပြောဆို လုပ်ကိုင်လိုက်တဲ့အကြောင်းက ဇွတ္တိ၊

ဒါကြောင့် သတ္တိလည်း ရှိရမယ်။ ဇွတ္တိလည်း ရှိရမယ်။ စိုင်းအောင်လှိုင်မြင့်ဟာ သတ္တိ ဇွတ္တိရှိတဲ့ လူတစ်ယောက်လို့ ပြောရမယ်။ မင်းကော သတ္တိ ဇွတ္တိရှိတဲ့ လူတစ်ယောက် မဖြစ်ချင်ဘူးလား။ အဲ့ဒီလိုမျိုး အခြေအနေ အချိန်အခါဖြစ်လာခဲ့ရင် မင်း ဘာလုပ်မလဲ။ ထိုင်ကြည့်နေမှာလား။ စိုင်းအောင်လှိုင်မြင့်လို ကိုယ့် အသက်ကို မငဲ့ဘဲ စွန့်စားကယ်တင်မှာလား။ ဒါပေမယ့် မင်းက သွေးမနည်းပါဘူး။ သတ္တိ ဇွတ္တိရှိတဲ့ လူတစ်ယောက်လို့ ငါယုံကြည်တယ်။ ငါယုံကြည်တာ မမှားပါဘူးနော်။

ဆရာကောင်း

**ချစ်တပည့် ...**

ကံ အကြောင်း ငါ လာမပြောနဲ့။ ကံကောင်းအောင် ကျွန်ကျောင်း ကြည့်နိုင်းလို့လည်း မရဘူး။ ကံကောင်းချင်ရင် ကိုယ့်ကိုယ်တိုင် ကံကောင်းအောင် လုပ်။ ဒါပဲ။ အတိတ်ကံ၊ လက်ရှိကံဆိုတာ ရှိတယ်။ အတိတ်ကံဆိုတာ ကိုယ်ဘာမှ မတတ်နိုင်၊ မလုပ်နိုင်တော့ဘူး။ အတိတ်ကံ အကျိုးပေးမယ့် အချိန်ထိုင်စောင့်နေလို့လည်း မရဘူး။ လက်ရှိ လတ်တလော ကံကိုပဲ ကောင်းအောင် လုပ်ရမယ်။ ဘယ်လိုကောင်းအောင် လုပ်မလဲ။ သိချင်နေပြီလား။ မှတ်ထား။ စေတနာသည် ကံတဲ့။ ကံကောင်းချင်ရင် စေတနာကောင်းဖို့ လိုတယ်။ ဘယ်လိုနေရာတွေမှာ စေတနာကောင်းရမလဲ၊ ဘယ်သူ့အပေါ် စေတနာကောင်းရမလဲ။ ဘယ်အချိန်မှာ စေတနာကောင်းရမလဲ၊ မင်း မေးချင်နေပြီပေါ့။

မှတ်ထားဦး။ ကိုယ်နဲ့ တွေ့ကြုံပတ်သက်ရတဲ့ လူ၊ တိရစ္ဆာန်၊ သတ္တဝါတိုင်းပေါ် စေတနာကောင်းထားပါ။ နေရာတကာမှာ ထားပါ။ အချိန်တိုင်းမှာ ထားပါ။ စေတနာကို ဘယ်လိုထားရမလဲ။ ဟုတ်လား။ မင်းတော့ ခက်ပြီ။ ကဲ ... ကဲ ... ပြောလက်စနဲ့ ပြောရတော့မှာပေါ့။

ထပ်ပြီးမှတ်ထား။

ကိုယ်ချင်းစာနာစိတ်ထားပြီး သူ့အကျိုးကို အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်ပေးခြင်းဟာ စေတနာထားခြင်းပဲ။ အဲ့ဒီလို စေတနာထားပြီး ကိုယ့်ဘဝ တိုးတက်မြင့်မားအောင် ဇွဲလုံ့လ ဝီရိယနဲ့ အချိန်ကို အကျိုးရှိရှိ အသုံးချ ကြိုးစားနေမယ်ဆိုရင် မင်း ကံကောင်းလာပြီလို့သာ မှတ်လိုက်တော့။

မယုံမရှိနဲ့ ကိုယ့်လူ။ ကိုယ်တွေ့။ အဲ့ဒါ ဆရာရဲ့ ကံကောင်းအောင် လုပ်တဲ့နည်းပဲ။ မင်းကို စေတနာထားပြီး ပြောလိုက်တာနော်။ အဲ့ဒီနည်းကို အလကားမတ်တင်း ရလို့ဆိုပြီး မလေးမစား မလုပ်နဲ့။ ဒါပဲ။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



ချစ်တပည့် ...

ပညာနဲ့ ငွေ ဘယ်ဟာ အရေးကြီးသလဲတဲ့။ မင်း မေးပြန်ပြီ၊ ငွေရှိရင် အရာရာတွင်ကျယ်တာကို မြင်နေရတော့ ငွေက ပိုအရေးကြီးတယ်လို့ မင်းထင်နေသလား မသိဘူး။ အဲဒီလို ထင်ရင် မင်းမှားပြီ၊ ပညာကသာ ပိုအရေးကြီးတယ်၊ ပညာဆိုတာ အတန်းပညာတစ်ခုတည်းကို ပြောတာမဟုတ်ဘူးနော်၊ အမှန်နဲ့ အမှားကို ခွဲခြားနားလည်ပြီး အခြေအနေ အချိန်အခါနဲ့ လိုက်လျောညီထွေ ပြုမူပြောဆိုတတ်တဲ့ အသိဉာဏ်ကို ပြောတာ၊

ငွေ များများရအောင် ရှာနိုင်တာလည်း ဉာဏ်ပညာပဲ၊ ရလာတဲ့ ငွေတွေကို တိုးပွားဖို့ အကျိုးရှိရှိ သုံးစွဲတတ်ဖို့ဆိုတာလည်း ဉာဏ်ပညာရှိဖို့ လိုတာပဲ၊ ငွေများများရအောင် ရှာနိုင်တဲ့ သန်းကြွယ်သူဌေးတွေဟာ ငယ်စဉ်က ဆင်းရဲတဲ့သူ များတယ်၊ ဆင်းရဲတာကနေ ချမ်းသာအောင် နည်းလမ်းတွေရှာပြီး မရပ်မနား ကြိုးပမ်းအားထုတ်လာလို့ ချမ်းသာလာတာ၊ အဲဒီလို နည်းလမ်းတွေ ရှာဖွေတွေ့ရှိ အသုံးချနိုင်တာ အဲဒီ ဉာဏ်ပညာပဲ၊

ငွေတွေဟာ သူ့အလိုလို မိုးပေါ်က ကျလာပြီး ချမ်းသာလာတာ မဟုတ်ဘူး။ လူတွေ ပိုက်ဆံအိတ်ထဲက ငွေတွေ သူ့ဆီရောက်လာအောင် နည်းလမ်းကြံဆ တီထွင် ကြိုးစားခဲ့လို့ ချမ်းသာလာကြတာ၊ ဒါကြောင့် ငွေကို ဖြစ်အောင်ဖန်တီးနိုင်တဲ့ အသိဉာဏ်ပညာက ပို အရေးကြီးတယ်၊

အသိပညာ၊ အတတ်ပညာ၊ စိတ်စေတနာနဲ့ ဇွဲ လုံ့လ ဝီရိယပေါင်းစပ်နိုင်မှ ငွေများများ ရှာနိုင်မှာ၊

အဲဒီတော့ မင်းလည်း အသိပညာ အတတ်ပညာတွေ ပြည့်စုံအောင် ကြိုးစားထား။ ပျင်းမနေနဲ့နော်၊

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



## ချစ်တပည့် ...

ငွေနှင့်ပတ်သက်ပြီး မင်းကို ပြောရဦးမယ်။ ငွေဟာ ရေလိုပဲ အရေးကြီးတယ်။ သူ လုံးဝမရှိရင်လည်း ဒုက္ခမျိုးစုံ ခံစားရနိုင်တယ်။ ပြီးတော့ ငွေဟာ မြွေလိုပဲ အဆိပ်ပြင်းတယ်။ အကိုင်အတွယ် မတတ်လို့ကတော့ ဒုက္ခရောက်တတ်တယ်။ ငွေက လူတွေချစ်လာအောင် လုပ်နိုင်သလို မုန်းတီးနာကြည်းသွားအောင်လည်း လုပ်နိုင်တယ်။ လူတွေဟာ ငွေအတွက်နဲ့ မကောင်းမှုတွေ ကျူးလွန်ရဲကြတယ်။ အချင်းချင်းလည်း သစ္စာဖောက်ကြတယ်။ အဲဒီလူတွေက ငွေကို တပ်မက်လိုလားပြီး လောဘကြီးလို့ ဖြစ်ကြတာ။

တချို့ကငွေကို မှန်ကန်တရားမျှတစွာနဲ့ ရှာဖွေတယ်။ ပြီးတော့ ငွေကို ရေကာသိုလ်လုပ်သလို ငွေကာသိုလ်လုပ်ကြတယ်။ ရက်ရက်ရောရော လှူဒါန်းပေးကမ်းပစ်လိုက်ကြတယ်။ ဒုက္ခရောက်နေတဲ့ သူ၊ ချို့တဲ့တဲ့သူ အများစုကို ကယ်ဆယ်နိုင်တဲ့ မိဘမဲ့ ကလေးကျောင်း၊ ဘိုးဘွားရိပ်သာ၊ မျက်မမြင်ကျောင်း၊ လူအများ တရားဓမ္မ ဆောင်ရွက်နိုင်တဲ့ ဘုရားတန်ဆောင်း ကျောင်း ဓမ္မာရုံတွေ ဆောက်လုပ် လှူဒါန်းကျွေးမွေး ပေးကမ်းကြတယ်။ သူတို့က ငွေကို သိမ်းဆည်းဖို့ထက် စွန့်ကြဲဖို့ ပို စိတ်သန်ကြတယ်။

ငွေကို စွန့်ကြဲပေးကမ်းဖို့ များများရအောင် ရှာသင့် တယ်။ ငယ်ရွယ်စဉ်မှာ ရှိတာလေးနဲ့ ရောင့်ရဲတင်းတိမ်နေတာ ကောင်းတော့ ကောင်းပါတယ်။ ဆရာကတော့ အားမပေးဘူး။ တရားနည်းလမ်းကျစွာနဲ့ အားကြိုးမာန်တက် ရှာပါ။ ဒါပေမယ့် တပ်မက်စိတ်နဲ့ သိမ်းဆည်းဖို့ မရှာနဲ့။ လောဘစိတ်နဲ့ မရှာနဲ့။ ပေးကမ်းလိုစိတ်နဲ့ ရှာ။ မင်း လိုချင်တဲ့ ငွေတွေရလာလိမ့်မယ်။

ဆရာကောင်း

**ချစ်တပည့် ...**

**လူတွေဟာ တစ်ယောက်နဲ့တစ်ယောက် အတုခိုးနေကြတာပဲ။**

ရုပ်ရှင်မင်းသား မင်းသမီးတွေကိုကြည့်ပြီး အတုခိုးတယ်။ **အဆိုတော်တွေ** ကြည့်ပြီး အတုခိုးတယ်။ ကိုယ်အထင်ကြီး လေးစားရတဲ့သူတွေကို ကြည့်ပြီး အတုခိုးတယ်။ တစ်ယောက်နဲ့တစ်ယောက် တစ်နည်းမဟုတ် တစ်နည်း အတုခိုးနေကြတာပဲ။

အတုခိုးမှန်ရင်တော့ ဟန်ကျတာပေါ့။ ကောင်းတဲ့သူတွေကို ကြည့်၊ အားကျပြီး သူတို့ကို အတုခိုး ကြိုးစားကြမယ်ဆိုရင်တော့ သိပ်ကောင်းပေါ့။

မကောင်းတဲ့သူတွေ ကြည့်ပြီး အတုခိုးရင်တော့ ကိုယ်ကျိုးနည်းတတ်တယ်။

အရက်ကို ရေမရောဘဲသောက်တာကို အတုခိုး၊ စီးကရက် လက်ကြားကမချဘဲ သောက်တာကို အတုခိုးရင်တော့ ကိုယ်ကျိုး နည်းပြီပေါ့။

ရှိသေးတယ်။ ယောကျ်ားက မိန်းမလို အတုခိုး ဝတ်ဆင်ပြော၊ မိန်းမကလည်း ယောကျ်ားလေးလို အတုခိုး ဝတ်ဆင်ပြောဆို ပြုမူကြတာလေ။ မျက်စိကန့်လန့်၊ နားကလောပဲ။

အဲဒီလို အတုခိုးမှားလို့ကတော့ ခံစားသွားရလိမ့်မယ်။ သူတစ်ပါးတွေ ကြီးပွားနေချိန်မှာ ကိုယ်က ခွေးဝဲတားဖြစ်နေလိမ့်မယ်။

ဒီတော့ ... အတုခိုး မမှားစေနဲ့နော်။

**ဆရာကောင်း**

http://www.khtnetpc.webs.com For Knowledge & Educational Purposes



**ချစ်တဲ့ညီ ...**

မင်းတို့အရွယ်ဟာ အပေါင်းအသင်း သူငယ်ချင်းကို အလွန်ချစ်စင်တတ်တယ်။ ပျော်စရာ ရွှင်စရာ လုပ်ကြမယ်ဆိုတဲ့အခါ မင်းမှာ သူငယ်ချင်းတွေ အများကြီး ရှိနေတတ်ပေမယ့် မင်းဒုက္ခရောက်တဲ့အခါ အားကိုးနိုင်တဲ့ သူငယ်ချင်းဆိုတာ အလွန်ရှားတယ်။ မင်းဘဝရဲ့ တိုးတက်အောင်မြင်မှုဟာ မင်းကိုယ်တိုင် ကြိုးစားယူမှသာ ရနိုင်တယ်။ သူများကို အားကိုးလို့ မရဘူး။

ဒါပေမယ့် စီးကရက်၊ ဘီယာ၊ အရက်၊ မူးယစ်ဆေး သုံးပြီဆိုရင် သူငယ်ချင်းကြောင့်ပဲ ဖြစ်နိုင်တယ်။ မကောင်းမှုတစ်ခုခု လုပ်ရဲသွားပြီဆိုရင် အဲဒီ သူငယ်ချင်း အပေါင်းအသင်းကြောင့်ပဲ ဖြစ်နိုင်တယ်။ တချို့ သူငယ်ချင်းဆိုရင် ကိုယ့်ကို ဟန်ဆောင်ပေါင်းပြီး ကိုယ့်နောက်ကျော ဓားနဲ့ ပြန်ထိုးတာလည်း ရှိတယ်။ ဒီလိုမျိုး ကြုံရင် စိတ်မတိုနဲ့ ဒေါသမဖြစ်နဲ့ အဲဒီ လူ့သဘာဝ။ မင်းကို မနာလိုလို့ သူ့ထက်သာမှာစိုးလို့ မင်းကို အပြတ်နှိပ်လိုက်တာ။ အဲဒါကို နားလည်သဘောပေါက်ပြီး သည်းခံခွင့်လွှတ်လိုက်။ ပြန်ပြီး ကလဲ့စားချေတာတွေ မလုပ်နဲ့။ သံသရာ ရှည်တယ်၊ မုန်းစကို တိုစေ၊ ချစ်စကို ရှည်စေတဲ့။ ဘယ်လိုပဲဖြစ်ဖြစ် သူငယ်ချင်းက မင်းအပေါ် မကောင်းရင်နေပါစေ။ မင်းက သူငယ်ချင်းတွေအပေါ် ကောင်းအောင်ကြိုးစားရမယ်။

**သူငယ်ချင်းအပေါ် မနာလို ဝန်တိုစိတ် မထားရဘူး။ သူ့အကျိုးလိုလားပြီး တတ်နိုင်သလောက် ကူညီရမယ်။ သူ့အကြောင်း မကောင်းမပြောရဘူး။ သူ့လက်မှားရောက်နေရင် အတတ်နိုင်ဆုံး ဖျောင်းဖျနားချရမယ်။ သူ့ရဲ့ ကောင်းကွက်တော်ကွက်လေးတွေ အမြဲချီးကျူးပေးရမယ်။ အပြန်အလှန် လေးစားရမယ်၊ အဲဒါတွေလုပ်မှ မင်းဟာက သူငယ်ချင်းကောင်း ဖြစ်သမယ်၊ သူငယ်ချင်းကောင်း ဖြစ်သတဲ့ လူတစ်ယောက် ဖြစ်နေပါစေ။**

**ဆရာကောင်း**

http://www.khtnetpc.webs.com For Knowledge & Educational Purposes



## ချစ်တပည့် ...

ဖတ်စရာ စာအုပ်တွေပေါ်များလာတဲ့ ၂၁-ရာစုခေတ်မှာ စာအုပ်တွေ အကုန်လုံး မင်းမဖတ်နိုင်တော့ဘူး။ ရွေးချယ်ပြီး ဖတ်တတ်ဖို့ မင်းလိုပြီ၊ ဘာတွေကို ရွေးချယ်ပြီး ဖတ်ရမလဲ လို့ မင်း ပြန်မေးလိမ့်မယ်၊ ဒီတော့ ဆရာကတန်းစီပြီး ပြောရလိမ့်မယ်၊

၁။ အတတ်ပညာကို အထောက်အကူပြုတဲ့စာအုပ်၊

၂။ ဘာသာစကားနဲ့ ပတ်သက်တဲ့စာအုပ်၊

၃။ အတွေးအခေါ် ဒဿနနဲ့ ပတ်သက်တဲ့စာအုပ်၊

၄။ ဘာသာအယူဝါဒနဲ့ ပတ်သက်တဲ့စာအုပ်၊

၅။ ကမ္ဘာကျော်ပုဂ္ဂိုလ်များရဲ့ အထုပ္ပတ္တိစာအုပ်၊

၆။ အချစ် ပညာပေးဒဿန စာအုပ်အချို့

၇။ အသိပညာ ဗဟုသုတဖြစ်စေတဲ့ မဂ္ဂဇင်းဂျာနယ်အချို့ လို့ ပြောချင်တယ်၊

အဲ့ဒီစာအုပ်တွေကို အပြဲမပြတ် ဖတ်ရမယ်။ ၂၄-နာရီမှာ အနည်းဆုံး ၆-နာရီလောက်တော့ ဖတ်သင့်တယ်။ ဒီထက် ပိုအချိန်ပေးရင် ပိုကောင်းတာပေါ့။ ဒီနေရာမှာ အချစ်ပညာပေး ဒဿန စာအုပ်အချို့ဆိုတာ ထည့်ထားတာက မင်းတို့ အချစ်နဲ့ပတ်သက်ပြီး သိသင့်သိထိုက်တာ သိအောင်လို့၊ ပြီးတော့ မင်းတို့အရွယ်မှာ အချစ်နဲ့ပတ်သက်တာတွေကလည်း ဖတ်ချင်နေဦးမှာ။ ဒါပေမယ့် ရည်ရွယ်ချက် ယယ်ယယ်ရရ မရှိဘဲ စိတ်ကူးတည့်ရာတွေ လျှောက်ရေးထားတဲ့ အပျော်ဖတ်ဝတ္ထုတွေကိုတော့ မဖတ်မိစေနဲ့။ ဘိန်းစွဲ သလို စွဲသွားပြီး မင်းရဲ့ အချိန်တွေကို ခိုးစားသွားလိမ့်မယ်။ ဖတ်စရာတွေ များလာတဲ့အခါမှာ အချိန်ဟာ အရေးကြီးတယ်။ မင်းရဲ့ အဖိုးတန်တဲ့ အချိန်မှာ မင်းဘဝအတွက် အကျိုးရှိနိုင်မယ့် တမျိုးပဲ ရွေးချယ်ဖတ်သင့်တယ်။ သဘောတူတယ် ... ဟုတ်။

ဆရာကောင်း

ချစ်တပည့် ...

လောကမှာ ဘာ အရေးကြီးဆုံးလဲ ? လို့ မင်းကို မေးရင် မင်း ဘယ်လိုဖြေမလဲ။ ငါသိနေတယ်။ လောကမှာ အရေးကြီးဆုံးက 'ငွေ' ပဲလို့ မင်းဖြေမှာပဲ ထင်တယ်။ တချို့က စိတ်ချမ်းသာဖို့ အရေးကြီးဆုံးလို့ ဖြေကြလိမ့်မယ်။

ဆရာ့ အယူအဆကတော့ လောကမှာ အရေးကြီးဆုံးက ''**ကျန်းမာရေး**'' ပဲလို့ ထင်တယ်။ မင်းတို့နဲ့ ဆရာ သဘောချင်း မတူညီရင်လည်း ကိစ္စမရှိပါဘူး။ လွတ်လပ်စွာ သဘောကွဲလွဲခွင့် ရှိပါတယ်။ ဒါပေမယ့် ဆရာကတော့ ကျန်းမာရေးနဲ့ပတ်သက်ပြီး ကိုယ်တွေ့ကြုံထားတာတွေ တွေ့နေရတော့ မကျန်းမာရင် လူဟာ ဘာမှ လုပ်လို့ မရတော့ဘူး။ ငွေလည်း မရှာနိုင်ဘူး။ ငွေရှိလည်း အဲဒီငွေဟာ သူ့ကို စိတ်ကျေနပ်အောင် လုပ်မပေးနိုင်ဘူး။ ပြီးတော့ ရောဂါတစ်ခုခု ခံစားရပြီဆိုတာနဲ့ စိတ်ချမ်းသာမှုနဲ့လည်း ဝေးပြီပေါ့။

ဘာမဟုတ်တဲ့ သွားကိုက်တဲ့ရောဂါလေး တစ်ခုနဲ့တောင် မအိပ်နိုင်၊ မစားနိုင်ဖြစ်ကြရတာ။ သွေးတိုး၊ နှလုံး၊ ဆီးချို၊ ကင်ဆာ၊ အဆုတ်၊ အသည်းရောဂါ၊ ကျောက်ကပ်ရောဂါ၊ AIDS ရောဂါကြီးတွေဆို ဘာ ပြောကောင်းမလဲ။ စိတ်ဆင်းရဲလိုက်မယ့် ဖြစ်ခြင်း။ အဲဒီရောဂါ ပျောက်ဖို့ဆိုရင် ရှိသမျှ စည်းစိမ်ပုံပေးချင်တဲ့စိတ် ပေါ်လာလိမ့်မယ်။

ဒါကြောင့် ကျန်းမာအောင်နေ။ ကျန်းမာရေး ပညာပေးစာအုပ်တွေဖတ်၊ ဆေးဆရာ၊ ဆရာဝန် စကားနားထောင်။ မတည့်တဲ့ အစားအစာကို ရှောင်၊ အာဟာရပြည့်ဝအောင် ချင့်ချိန်စား။ လူကို အသက်တိုစေတဲ့ ဆေးလိပ်မသောက်နဲ့၊ အသည်းကိုမာကြွပ်စေတဲ့ အရက်ပြင်းပြင်းတွေကို အဆက်မပြတ် မသောက်နဲ့။ စိတ်သောက မဖိစီးအောင် တရားဓမ္မလေးနဲ့ ငြိမ်းချမ်းအောင်နေ။ ဒါမှ ကျန်းမာရေးနဲ့ ညီညွတ် အဆင်ပြေလိမ့်မယ်။ သူ့ဘာသာ ကံကုန်လို့ သေချင် သေပါစေ၊ ကိုယ့်ရဲ့ ကျန်းမာရေး ဇတုသုတ ညံ့ချင်းလို့တော့ မသေစေနဲ့ပေါ့။ တုတ်တယ် ... မတုတ်လား။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



ချစ်တပည့် …

လူ့ဘဝမှာ ပျော်ရွှင်စွာ အသက်မရှင်ရဘူးဆိုရင် ဘဝတာ ဘာ အဓိပ္ပာယ်ရှိတော့မှာလဲ။ ဒါကြောင့် ဘဝရဲ့ အဓိပ္ပာယ် ပြည့်ဝဖို့ အနှစ်သာရရှိရှိနဲ့ အသက်ရှင်သန်ဖို့အတွက် ပျော်ရွှင်စွာ နေတတ်ဖို့လိုတယ်။

ပျော်ရွှင်စွာဆိုတဲ့ နေရာမှာ ပေါ့လော့ပါးလော့နဲ့ လူတွေကို နှောင့်ယှက်နောက်ပြောင်ပြီး ပျော်ရွှင်တာမျိုး ပြောတာမဟုတ်ဘူး။ လူတွေရဲ့ အကျိုးစီးပွားကို ကူညီဆောင်ရွက်ပြီး ဘဝကို တိုးတက် ထက်မြက်စေတဲ့ အလုပ်ကို လုပ်ရင်း ကိုယ့်ဘဝကိုယ် ပျော်စေချင်တာပါ။

ကိုယ့်ဘဝ တိုးတက်ရာတိုးတက်ကြောင်း လုပ်မယ်။ အဲ့ဒီ အလုပ်မှာ စိတ်ပါဝင်စားပြီး ပျော်ရွှင်မယ်။ အားလပ်ချိန်မှာ ချစ်ခင် ရင်းနှီးရတဲ့ မိတ်ဆွေ၊ သူငယ်ချင်းတွေနဲ့ ကောင်းသောစကားများ ကို ပြောဆိုဖို့ တွေ့ဆုံပြီး ပျော်ရွှင်မှုကို ရှာမယ်။ အလုပ် မရှိသေး ရင်၊ ကိုယ့်ဘဝကို တိုးတက်ထက်မြက်စေမယ့် တကောင်းပေမှန် တွေကို ရွေးချယ်ရှာဖွေ ဖတ်ရှုပြီး ပျော်မယ်။

အားကစား ဝါသနာပါသူက ကိုယ်ဝါသနာပါတဲ့ အားကစား တွေကို လုပ်ကိုင်ရင်း ပျော်မယ်။ စာရေးတာ ဝါသနာပါတဲ့သူက ကိုယ်ရင်ထဲက ခံစားမှုတွေကို ဝတ္ထု ကဗျာ ဆောင်းပါးတွေ ချရေးပြီး အဲ့ဒီ အတွေးတွေထဲမှာ ပျော်မယ်။

ချစ်ခင်စရာ မိသားစုရှိတဲ့ သူတွေက သူတို့နဲ့ တီဗီ ဗီဒီယိုကြည့် ရင်း တးသောက်သွားလာရင်း ပျော်မယ်။ အတတ်ပညာကို စိတ်ဝင် စားသူက အတတ်ပညာကို နှံ့စပ်အောင်လေ့လာရင်းနဲ့ ပျော် မယ်။ ပြီးတော့ ငှက်ကလေးတွေ၊ ငါးကလေးတွေ အစာကျွေးပြီး ပျော်မယ်။ လောကကြီးမှာ ပျော်တတ်မယ်ဆိုရင် ပျော်စရာတွေ အများကြီးပဲ တပည့်ရေ။ သူလည်း မထိခိုက်၊ ကိုယ်လည်း မနစ်နာ စေတဲ့ ပျော်ရွှင်စရာတွေ ရှာကြံပြီး လောကကြီးမှာ ပျော်ရွှင်စွာ အသက်ရှင်နိုင်ပါစေလို့ ဆရာ ဆုတောင်းပေးပါတယ်။

ဆရာတောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



**ချစ်တပည့်** ...

ဘဝမှာ ဆရာကောင်းတွေနဲ့ ဆုံတွေ့ရခြင်းဟာ ကုသိုလ်တစ်မျိုးပါပဲ။ ဆရာကောင်းတွေနဲ့ ဆုံတွေ့ရရင် သူတို့ရဲ့ မေတ္တာစေတနာတွေကို ထိတွေ့ခံစားရမယ်၊ သူတို့ရဲ့ နေထိုင်ပြုမူပြောဆိုပုံတွေကို လေးစား အတုယူရမယ်။

ပြီးတော့ သူတို့ရင်ထဲက အတတ်ပညာတွေကို ဆရာစား မချန်ဘဲ ရရှိအောင် လေ့လာဆည်းပူးရမယ်။ ဒီတော့ မင်းက မေးလိမ့်မယ်။ ဆရာကောင်းဆိုတာ ဘယ်လိုမျိုးလဲလို့ပေါ့။ အင်းလေ ... မင်းမေးမယ်ဆိုရင်လည်း မေးသင့်ပါတယ်။ အတွေ့အကြုံ နည်းသေးတော့ ဆရာကောင်းဆိုတာ မင်း သိချင်မှ သိမှာပေါ့။

သေချာမှတ်ထား ... ဆရာကောင်းဆိုတာ တပည့်တွေ အကျိုးစီးပွားအတွက် သူ့ရဲ့ ကိုယ်ကျိုးစီးပွားကို အရေးမထားဘဲ စေတနာနဲ့ သင်ကြားပြသ ဆိုဆုံးမတဲ့ ဆရာမျိုးကို ခေါ်တာ။ တပည့်တွေကိစ္စကို အမြဲအရေးထား စိတ်ဝင်စားပြီး သူ့ရဲ့အချိန်တွေကို တပည့်တွေကို ပုံပေးထားတဲ့ ဆရာမျိုး။ တပည့်တွေကို ကျောင်းစာသာမကဘဲ ဘဝအသိတွေကိုပါ လမ်းညွှန်သွန်သင်ပြသပေးနိုင်တဲ့ ဆရာမျိုးကို ခေါ်တာ။ ကဗျာတိုလေးနဲ့ ပြောရရင်တော့ ...

တပည့်တွေ ဘဝ ၊ လမ်းပြတဲ့ ဆရာ
တပည့်တွေညှာပြီး ၊ အနစ်နာခံရဲတဲ့ ဆရာ
တပည့်အရေးအတွက် ၊ အသက်ပေးတဲ့ ဆရာမျိုးကို ပြောတာ။

ကုသိုလ်ကောင်းလို့ အဲဒီလို ဆရာမျိုးနဲ့ ကြုံရရင် အခွင့်အရေး လက်မလွှတ်စေနဲ့နော်။ ဆရာရဲ့ ဆုံးမလမ်းညွှန် သွန်သင်မှုတွေကို အသေအချာ ရအောင်ယူ။ သူပေးတဲ့ ပညာတွေ မရ ရအောင် အားထုတ်ကြိုးပမ်း။ အဲဒါတွေဟာ မင်း ဘဝလမ်းအတွက် အရမ်းအရေးပါလိမ့်မယ်။ သဘောပေါက်။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



ချစ်တပည့် ...

လူတစ်ယောက်ဟာ လှပနေဖို့ လိုအပ်တယ်။ အထူးသဖြင့် မျက်နှာလှပနေအောင် ဂရုစိုက်ရမယ်။ လူတွေဟာ မျက်နှာကို ကြည့်ပြီး ပြောဆိုဆက်ဆံကြရတာ။ ကိုယ့် မျက်နှာလေး လှပ စိုပြည်ပြီး ကြည်လင်အေးချမ်းနေမယ်ဆိုရင် ကိုယ်နဲ့ တွေ့ကြုံ ဆက်ဆံရသူအဖို့ စိတ်အေးချမ်းတာပေါ့။ အဲဒီတော့ မျက်နှာလှဖို့ လိုတယ်။ မိန်းကလေးဆိုရင် အဲဒီ မျက်နှာလေး လှပကျော့ရှင်းနေဖို့အတွက် အရမ်းအရေးကြီးတယ်။ ဒီမျက်နှာလေး လှပအောင် ဘာလုပ်ရမလဲလို့ မင်းမေးတော့မယ်။ မင်း မမေးခင် ပြောတာပဲ ကောင်းပါတယ်။

တစ်အချက် မျက်နှာကို အရုပ်ဆိုးစေမယ့် ကိစ္စတွေ မလုပ်နဲ့။ မျက်နှာကို ရင့်ရော်ပျက်ဆီးစေတဲ့ ဆေးလိပ်သောက်တာမျိုး မလုပ်နဲ့။ သွားအလှတွေ ပျက်စီးစေတဲ့ ကွမ်းကို မစားနဲ့။ မျက်နှာကို ပွ ယောင်းယောင်းဖြစ်စေလာနိုင်တဲ့ ဘီယာ၊ အရက်တွေ မသောက်နဲ့။ မျက်နှာကို နေရောင်ခြည် မထိအောင် အကာ အကွယ်နဲ့ သွား။ အရိပ်ထဲက သွားမယ်။ ထီး၊ ဦးထုပ်ဆောင်း သွားမယ်ပေါ့။

နှစ်အချက် မျက်နှာကို အဆီပြန်ရင် ချွေးပြန်ရင် အဝတ်သန့် သန့်နဲ့ ပြည်းပြည်းလေး သုတ်သုတ်ပေး။ မျက်နှာဆိုတာ နူးနူးညံ့ညံ့ နေရာ၊ စားပွဲသုတ်သလို ကြမ်းကြမ်းတမ်းတမ်း မသုတ်နဲ့။ ပြီးတော့ ဝက်ခြံတွေ ဘာတွေ ထွက်လာရင် လက်နဲ့ ညှစ်တမ်း မကစားနဲ့။ တစ်မျက်နှာလုံး အပုအထစ်တွေနဲ့ ညစ်ပတ်သွားလိမ့်မယ်။

သုံးအချက် စိတ်သဘောထား ကောင်းအောင်လေ့ကျင့်၊ စိတ်ယုတ်မာ မမွေးနဲ့။ ပူပန်တဲ့စိတ်၊ ဒေါသစိတ်၊ မနာလိုစိတ်တွေ ဟာ မျက်နှာမှာပေါ်လွင်ပြီး မျက်နှာကြီး ပုပ်သိုးနေတတ်တယ်။ အဲ့ဒါဆို အရုပ်ဆိုးပြီပေါ့။ မျက်နှာကို အရုပ်မဆိုးပါစေနဲ့။ မျက်နှာ ဆိုတာ သူတစ်ပါးက ကိုယ့်ကိုကြည့်ပြီး ဆက်ဆံနေရတဲ့နေရာ။ သူတစ်ပါး စိတ်ရွှင်လန်း အေးချမ်းပြီး ချစ်ခင်နေအောင် မျက်နှာ ချိုချိုလေးနဲ့ နုပျိုလှပအောင် ဂရုစိုက်နော်။ ဒါပေမယ့် အစွန်းမရောက် နဲ့နော်။ အခြောက်ဖြစ်သွားဦးမယ်။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



**ချစ်တဲ့ပည့်** ...

၂၀၀၀ ပြည့်နှစ်မှာ ကမ္ဘာကျော် တိုင်းမဂ္ဂဇင်းကြီးက ကောင်စုနှစ်ရဲ့ ပုဂ္ဂိုလ်ထူး (Person of the century) အဖြစ် သိပ္ပံပညာရှင်ကြီး အဲလ်ဘတ်အိုင်းစတိုင်း (Albert Einstein) ကို သတ်မှတ်ခဲ့ကြတယ်။ ဘာဖြစ်လို့ ဒီလို အရေးထားသတ်မှတ်သလဲ ဆိုတော့ သူဟာ လူသားကောင်းကျိုးဖြစ်စေတဲ့ ဆောင်ရွက်ချက်တွေကို အဆက်မပြတ် လုပ်ခဲ့လို့ပါပဲ။

သူဟာ ၁၉၂၁-ခုနှစ်မှာ ရူပဗေဒပညာရပ်အတွက် နိုဘယ်လ်ဆုရခဲ့ပါတယ်။ သူဟာ ကြောင်းကျိုးဆက်စပ်မှုတရားနှင့် ဆင်တူတဲ့ Theory of Relativity သီအိုရီတစ်ခုကို စူးစမ်းလေ့လာ ရှာဖွေဖော်ထုတ်ခဲ့တယ်။

**အိုင်းစတိုင်းဟာ အချိန်ကို အမြဲတမ်း အကျိုးရှိရှိ သုံးစွဲခဲ့ပြီး လူသားတွေ အကျိုးရှိစေမယ့် ကိစ္စရပ်တွေကို သေသည့်တိုင် ကြိုးပမ်းအားထုတ်သွားခဲ့တယ်။ တကယ့်ကို ချီးကျူးလေးစားစရာကောင်းတဲ့ ပုဂ္ဂိုလ်ထူးတစ်ယောက် ဖြစ်ပါတယ်။**

သူဟာ ငယ်စဉ်ကတည်းက ထူးခြားခဲ့ပါတယ်။ ဂျာမနီမှာမွေးတဲ့ ဂျူးလူမျိုးတစ်ယောက် ဖြစ်ပါတယ်။ အသက် (၃)နှစ်အထိ စကားမပြောခဲ့ဘူးလို့ ဆိုပါတယ်။ အသက် ၁၂-နှစ်အရွယ်မှာ သင်္ချာဘာသာ (ဂျီဩမေတြီ)ကို သူ ဘာသာလေ့လာခဲ့သတဲ့။ ကျောင်းမှာတော့ လူတော်စာရင်းထဲ မပါပေမယ့် ပါရဂူဘွဲ့ကို ရအောင်ယူနိုင်ခဲ့တယ်။ **အဲ့ဒီလို** ထူးချွန်တဲ့ ပုဂ္ဂိုလ်တွေအကြောင်း ဖတ်ရတော့ မင်းကို သတိရတယ်။ မင်းကလည်း အတန်းထဲမှာ သိပ်မတော်တဲ့သူ ဖြစ်နေတော့ တစ်ချိန်မှာ အိုင်စတိုင်းလို ကမ္ဘာကျော်သိပ္ပံပညာရှင်ကြီး ဖြစ်နေမလားလို့ မျှော်လင့်နေမိသေးတယ်။ ဘယ်လိုလဲ။ ဖြစ်နိုင်တယ် မဟုတ်လား။ ငါ့တပည့်က ခပ်ညံ့ညံ့မဟုတ်တော့ ဆရာက မျှော်လင့်လျက်ပဲပေါ့။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



ချစ်တပည့် …

**Never despair, but if you do work on in despair.** *(Burke)*

ဘယ်တော့မှ စိတ်မပျက်နဲ့။ စိတ်ပျက်နေရင်လည်း အလုပ် ဆက်လုပ်ပါတဲ့။ ဘတ်(ခ်)ဆိုတဲ့ ပညာရှိတစ်ယောက်ရဲ့ ပြောတဲ့ စကားမှတ်သားမိခဲ့ဖူးတယ်။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ မင်းလည်း စိတ်ပျက်စရာ စိတ်ဓာတ်ကျစရာ ကြုံကောင်း ကြုံလိမ့်မယ်။ အဲ့ဒီ အခါမှာ ဆရာ့စကားကို နားထဲမှာ ကြားယောင်မိစေချင်တယ်။

စိတ်ပျက်တယ်ဆိုပြီး ထိုင်ငိုင်နေလို့ ဘာဖြစ်မှာလဲ။ စိတ်ဆင်းရဲတယ်ဆိုပြီး ထင်ရာလုပ်တော့ကော စိတ်ဆင်းရဲစရာတွေ ပျောက်သွားမှာလား။

အဲ့ဒီလို အချိန်မျိုးမှာ ကိုယ်လုပ်စရာရှိတဲ့ အလုပ်ကို ဆက်လုပ်ပြီး စိတ်ပျက်စရာ စိတ်ဆင်းရဲစရာ အခြေအနေတွေကို ကျော်ဖြတ်သွားရမှာပဲ။ မင်းက ကျောင်းသားဆိုရင် ကျောင်းစာကိုပဲ ဖတ်နေရလိမ့်မယ်။ စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ။ စာဖတ်နေရမယ်။ မင်းက အလုပ်လုပ်နေသူဖြစ်ရင် အလုပ်ထဲမှာပဲ စိတ်နှစ်ထားရမယ်။ ကျောင်းလည်း မတက်၊ အလုပ်လည်း မလုပ်ဘူးဆိုတဲ့ သူကတော့ ကိုယ်ကြိုက်တဲ့ စာအုပ်တွေဖတ်။ ဒါမှမဟုတ် ဂုဏ်တော်ပုတီးစိပ်ပြီး ဘာသာရေး အလုပ်လုပ်နေရမှာပဲ။

ဘာပဲဖြစ်ဖြစ် ထိုင်စိတ်ညစ်နေမယ့်အစား အလုပ်တစ်ခုခုကိုတော့ မဖြစ် ဖြစ်အောင် လုပ်နေရလိမ့်မယ်။ အဲ့ဒီအခါမှာ မင်း စိတ်ထဲမှာ နေရာယူနေတဲ့ စိတ်ညစ်စရာတွေဟာ တဖြည်းဖြည်းလျော့ပါးသွားလိမ့်မယ်။ မယုံမရှိနဲ့ ကိုယ့်လူ။ ဆရာ့ကိုယ်တွေ့။ မယုံဝပ်ကြည့်။ ဒါပဲ။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



ချစ်တပည့် ....

ပုံလေးတစ်ပုံ ပြောဦးမယ်။ ရှေးရှေးတုန်းကပေါ့။ အကျင့် မကောင်းတဲ့ တပည့်တစ်ယောက်ကို ဆရာက တောထဲခေါ်သွား တယ်။ သွားရာလမ်းမှာတွေ့တဲ့ သစ်ပင်လေးတစ်ပင်ကို အနုတ်ခိုင်းတယ်။ တပည့်က အသာလေး နုတ်လိုက်နိုင်တယ်။ ဆရာက နောက်ထပ် နည်းနည်းပိုကြီးတဲ့ အပင်ကို နုတ်ခိုင်းပြန် တော့လည်း နုတ်ပြနိုင်သေးတယ်။ ဒါပေမယ့် ဆရာက ခပ်ကြီးကြီး တစ်ပင်ကိုလည်း နုတ်ခိုင်းရော ချွေးစီးတွေသာ ပြန်တယ်။ မနုတ် နိုင်တော့ဘူး။

အဲ့ဒီတော့မှ ဆရာက ပြောတယ်။ ငါ့တပည့် ... မကောင်းတဲ့ အကျင့်ဆိုတာ မင်းနုတ်တဲ့ အပင်တွေလိုပဲ။ အပင်သေးတုန်းမှာ နုတ် လို့ရပေမယ့် အပင်ကြီးလာတဲ့အခါ နုတ်လို့ မလွယ်ဘူး။ မကောင်း တဲ့အကျင့် မစွဲမြဲခင်မှာ အမြန်ပြုပြင်ဖို့ လိုတယ်။

အဲ့ဒီလို ဆရာပြောတော့မှ တပည့်လည်း နားလည်သဘော ပေါက်သွားပြီး သူ့အမှားကို သူပြင်သတဲ့။ သူ့ရဲ့ မကောင်းတဲ့အကျင့် ကို သူပြင်သတဲ့။

ကဲ ... မင်းမှာကော ... အဲ့ဒီလို မကောင်းတဲ့အကျင့် ရှိနေ သလား။ ဆရာတော့ မသိဘူးနော်။ ရှိနေတယ်ဆိုရင်တော့ မြန်မြန် ပြင်ပေတော့။ မကောင်းတဲ့ အကျင့်ကြီး စွဲမြဲပြီးကာမှ ပြုပြင်ဖို့ စိတ်ကူးရရင် သစ်ပင်ကြီးကြီး နုတ်ရသလို မလွယ်ဘူး ဖြစ်နေလိမ့်မယ်နော်။

ဆရာ့စေတနာ မင်းနားလည်သဘောပေါက်မှာပါ။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



ချစ်တပည့် ...

လူတစ်ယောက်ရဲ့ အမြင့်ဆုံးတန်ဖိုးဟာ ယုံကြည်စိတ်ချရမှုပဲ ဖြစ်တယ်။ လူတွေရဲ့ ယုံကြည်စိတ်ချရမှု ရဖို့ဆိုတာ လွယ်ကူတာ မဟုတ်ဘူး။ သူတို့နဲ့ ပေါင်းသင်းဆက်ဆံတဲ့အခါ အပြောအဆို အနေအထိုင် တည်ကြည်မယ်၊ ပြောတဲ့အတိုင်း လုပ်တတ်တယ်၊ ရိုးသားဖြူစင်တယ်၊ ဘာကိစ္စမဆို အလေးအနက်ထား ဆောင်ရွက်တတ်တယ်၊ ဘာပဲလုပ်လုပ် အမှားအယွင်းကင်းပြီး အောင်အောင်မြင်မြင် လုပ်တတ်မယ်ဆိုရင် သူ့ကို ဘယ်သူမဆို ယုံကြည်စိတ်ချကြမှာပဲ။ အဲ့ဒီလို ယုံကြည်စိတ်ချရတဲ့သူမျိုးဖြစ်ဖို့ အချိန်ပေးရတယ်။ ချက်ခြင်းကြီးတော့ ဘယ်သူမှ ယုံကြမှာ မဟုတ်ဘူး။

အဲ့ဒီ စိတ်ချယုံကြည်ရမှုမျိုးရဖို့ အချိန်အကြာကြီးယူပြီး တည်ဆောက်ရတတ်တယ်။ အဲ့ဒီ ယုံကြည်စိတ်ချရမှုမျိုး ရပြီဆိုရင်လည်း လုပ်ချင်တာ လုပ်တော့ အခွင့်အရေးတွေ အခြေအနေတွေက သူ့အလိုလို ပေးလာတော့တာပဲ။ ပြီး သူ့ရဲ့ တန်ဖိုးလည်း အလိုလို မြင့်လာတော့တာပဲ။

ဒါပေမယ့် အဲ့ဒီ ယုံကြည်စိတ်ချရမှုမျိုးကို ကိုယ့်ရဲ့ ဆင်ခြင်တုံတရားနည်းပါးမှု အမြော်အမြင်မရှိမှုတို့ကြောင့် မပြောသင့်တာ ပြော၊ မလုပ်သင့်တာ လုပ်မိရင်တော့ မိနစ်ပိုင်း နာရီပိုင်းအတွင်း ပျက်စီးသွားနိုင်တယ်။

အဲ့ဒီအခါကျရင် လူ့တန်ဖိုးလည်း အလိုလို ကျသွားတော့တာပဲ။ အပေအမေက မယုံကြည်ရတဲ့ သူ၊ ဆရာသမား မိတ်ဆွေ သူငယ်ချင်း၊ ညီအစ်ကို မောင်နှမတွေ မယုံကြည်ရတဲ့သူဟာ ဘာသွားသုံးရတော့မှာလဲ။ အမြဲတမ်း သံသယနဲ့ ဒေါက်ထောက်ကြည့်ခံနေရပြီး အလိုလိုစိတ်ကျဉ်းကျပ်ပြီး စိတ်ဓာတ်ကျနေတော့မှာပဲ။ ပြီးတော့ အောင်မြင်မှုနဲ့လည်း ဝေးပြီပေါ့။ ဒီလောက်တော့ မင်းသိမှာပါနော်။

ဆရာကောင်း

**ချစ်တပည့် ...**

ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီး တစ်ဦးဖြစ်တဲ့ ဝေါ့ဒစ္စနေအကြောင်း ပြောပြရဦးမယ်။ သူက ကာတွန်းရုပ်ရှင်ကို တီထွင်ပန်တီးပြီး သန်းကြွယ်သူဌေးကြီး ဖြစ်လာတဲ့သူပဲပေါ့။ မင်း သူ့ကို မသိပေမယ့် သူ့ဇာတ်လိုက်တွေကိုတော့ မင်းသိမှာပါ။ မကောင်းသူတွေ [illegible]ယ်၊ ကောင်းသူတွေ ကယ်တဲ့ "**မစ်ကီးမောက်စ်**" လေ။ လူမဟုတ်ဘူးနော်။ ကြွက် ...။ စူပါမင်းလို လူစွမ်းကောင်းကြွက်ပေါ့။ နောက်တော့ ဝက်ကလေးတွေ၊ ဘဲကလေးတွေ၊ မြေခွေးတွေ ဇာတ်ကောင်ထားပြီး ကာတွန်းရုပ်ရှင်တွေ အများကြီးတီထွင် ရိုက်ကူးထုတ်လုပ်ခဲ့တဲ့ ပုဂ္ဂိုလ်ပေါ့။ အမေရိကန် နိုင်ငံရုပ်ရှင်မြို့တော် ဟောလီးဝုဒ်မှာသာမက တစ်ကမ္ဘာလုံး သူ့ဇာတ်ကောင် ဇာတ်လမ်းတွေဟာ ပျံ့နှံ့ထင်ရှားသွားခဲ့တယ်။ မြန်မာရုပ်မြင်သံကြားနဲ့ မြဝတီမှာတောင် ရံဖန်ရံခါ မင်း ကြည့်ဖူးမှာပါ။ ဗီဒီယိုတိတ်ခွေတွေလည်း အများကြီးထွက်နေပါပြီ။

အဲ့ဒီလောက် ထင်ရှားအောင်မြင်နေတဲ့ ဝေါ့ဒစ္စနေဟာ အသက်နှစ်ဆယ်ကျော် လူငယ်ပိုင်းမှာ အတော်ဆင်းရဲတယ်။ ထမင်းတောင် နပ်မှန်အောင် မစားရဘူး။ သူက ပန်းချီဆရာ အဖြစ် အသက်မွေးဖို့ ကြိုးစားတယ်။ မဂ္ဂဇင်းတိုက်တွေ သတင်းစာတိုက်တွေက သူ့လက်ရာကို မကြိုက်လို့ ပယ်လွှတ်လိုက်ကြတယ်။ နေစရာလည်း မရှိလို့ ကားဂိုဒေါင်ထဲမှာ ပန်းချီဆွဲရတယ်။ ပန်းချီဆွဲနေရင်းနဲ့ ဂိုဒေါင်ထဲမှာ လျှောက်ပြေးနေတဲ့ ကြွက်ကလေးကို တွေ့သွားတယ်။ အဲ့ဒီ ကြွက်လေးကို မစ်ကီးမောက်စ်လို့ နာမည်ပေးပြီး ဇာတ်လမ်းတွေ ရေးဆွဲ ရုပ်ရှင်ရိုက်ရင်းနဲ့ ကြီးပွားချမ်းသာသွားခဲ့သတဲ့။ အကြံကောင်းတစ်ချက်ဆိုတာ အဲ့ဒါပဲပေါ့။ ဇွဲလုံ့လ ဝီရိယရှိပြီး အကြံကောင်း ဉာဏ်ကောင်းရှိရင် ကြီးပွားချမ်းသာနိုင်တယ်ဆိုတာ မင်းကို ပြောချင်တာပဲ။ သဘောပေါက်။

ဆရာကောင်း

## ချစ်တပည့် ...

လူတိုင်းလူတိုင်းမှာ သူ့တန်ဖိုးနဲ့ သူရှိတယ်။ ကျောင်းသားလည်း ကျောင်းသားတန်ဖိုး၊ ဆရာလည်း ဆရာ့တန်ဖိုး၊ ကလေးလည်း ကလေးတန်ဖိုး၊ လူကြီးလည်း လူကြီးတန်ဖိုး။ သူ့တန်ဖိုးနဲ့သူ ရှိနေကြတယ်။

တန်ဖိုးကို ဘာနဲ့ တိုင်းတာ အကဲဖြတ်သလဲလို့ မင်းမေးမယ်ဆိုရင် ဆရာကတော့ ဒီလိုပဲ ပြောချင်တယ်။ လူတစ်ယောက်ရဲ့တန်ဖိုးဟာ သူတွေးတော ကြံစည်ပြုမူပြောဆို ဆက်ဆံမှုပေါ်မှာမူတည်ပြီး တိုင်းတာအကဲဖြတ်ကြရတာပဲ။ ခပ်ညံ့ညံ့ တွေးတော ကြံစည်ပြီး ခပ်ချာချာ ပြုမူပြောဆိုဆက်ဆံရင် ကြီးကြီးငယ်ငယ် တန်ဖိုးနိမ့်ကျသွားမှာပဲ။

**ကိုယ့်ရဲ့ တွေးတောကြံစည် ပြုမူပြောဆို ဆက်ဆံမှုတွေဟာ သူတစ်ပါးကို ကျေနပ်နှစ်သိမ့်စေမယ်၊ စာနာကြင်နာ စိတ်ရှိမယ်၊ ကူညီရိုင်းပင်းမှုရှိမယ်ဆိုရင် ကိုယ့်ရဲ့ တန်ဖိုးဟာ အလိုလို မြင့်တက်လာမှာပဲ။**

အဲဒီ ကိုယ့်တန်ဖိုးကို မြင့်တက်အောင် လုပ်တာ၊ နိမ့်ကျသွားအောင် လုပ်နေတာဟာ သူတစ်ပါးက လာလုပ်နေတာ မဟုတ်ဘူး။ ကိုယ်ကိုယ်တိုင် ဖန်တီးပြုမူမှုကြောင့် ဖြစ်နေရတာ။

အမှန်တော့ ကိုယ့်တန်ဖိုးကို ကိုယ်ဖြတ်တာပါပဲ။ ဘယ်သူမပြုမိမိမှုဆိုတဲ့ စကားဟာ ဒီနေရာမှာ အတော်မှန်နေတယ်။ ဒါကြောင့်ကိုယ့်ဘဝကိုယ် တန်ဖိုးနိမ့်ကျပြီး ပြောင်းထဲကျသွားအောင် မလုပ်မိပါစေနဲ့။ သူတစ်ပါးပေါ် စာနာစိတ် ကူညီစိတ်၊ အကောင်းမြင်စိတ်ထားပြီး လူတွေကို ချစ်ချစ်ခင်ခင်နဲ့ အကောင်းမြင်စိတ်ထားပြီး လေးလေးစားစား ဆက်ဆံပါ။ ကိုယ့်တန်ဖိုးဟာ သူ့အလိုလို မြင့်တက်လာလိမ့်မယ်ဆိုတာ ... ယုံ။ မပြောမရှိနဲ့ ကိုယ်တွေ့။ ဆရာပြောတာ မမေ့နဲ့နော်။

**ဆရာကောင်း**

http://www.khtnetpc.webs.com For Knowledge & Educational Purposes



**ချစ်တပည့် ...**

ဘဝဆိုတာ တစ်ခါတလေတော့ ဉာဏ်စမ်း ပဟေဠိဖြေနေရသလိုပဲ။

ကိုယ့်အထင်နဲ့ ကိုယ်မှန်တယ်ထင်ပြီး ဖြည့်လိုက်တာပဲ၊ ကွက်လပ်အားလုံး ဖြည့်ပြီးသွားတဲ့အခါ ကိုယ်ဖြေလိုက်တာတွေ အားလုံး မှန်တယ်ထင်ပြီး ကျေနပ်ဝမ်းသာပီတိ ဖြစ်နေတော့တာပေါ့။

ဒါပေမယ့် အဖြေမှန် ထွက်လာလို့ ကိုယ့်အဖြေနဲ့ လွဲချော်သွားတဲ့အခါ ဘာဖြစ်သွားလို့ ညာဖြစ်သွားလို့နဲ့ ကိုယ့်ကိုယ်ကိုယ် ဆင်ခြေပေးပြီး နေသွားတတ်ကြတယ်။ စိတ်ကြီးသူတချို့ကတော့ ကိုယ့်အမှားကို ကိုယ်မကျေနပ်ဖြစ်ပြီး ဖြေမဆည်ဖြစ်နေတတ်ပြန်တယ်၊

တကယ်တော့ ကိုယ်ဖြည့်လိုက်တဲ့ အဖြေဟာ သေချာပေါက်မှန်မယ် ထင်ထားပေမယ့် မှန်ချင်မှ မှန်မယ်ဆိုတာ ကြိုသိခဲ့ရင် သိပ်အထူးအထွေ ခံစားမနေရတော့ဘူးပေါ့နော်။

ကိုယ်က ဝါသနာပါလို့ ဖြေတယ်။ ဖြေဆိုရတဲ့အတွက် ကိုယ့်မှာ ပညာဗဟုသုတ တိုးတယ်ဆိုတဲ့ အတွေးမျိုးရှိမယ်ဆိုရင် ဉာဏ်စမ်းပဟေဠိတွေကို အခွင့်အရေးရတိုင်း ဖြေနေသင့်တာပေါ့နော်။

**လူ့ဘဝဆိုတာ ဒါပါပဲ။ ကိုယ်မှာရှိတဲ့ အသိဉာဏ်လေးနဲ့ ကိုယ်မှန်တယ်ထင်တာတွေကို လျှောက်လုပ်နေကြတာပါပဲ။**

ဒီကြားထဲမှာ ပညာမာန ဥစ္စာမာနတွေထောင်ပြီး၊ မရင့်ကျက်သေးတဲ့ သူကတော့ သူပြောတာ အမှန်၊ သူ လုပ်တာ အဟုတ်ဆိုပြီး လူတကာနဲ့ ငြင်းခုန်ပြီး ယုံကြည်ချက်ဆိုတဲ့ တားကြိုးကို အသေဆုပ်ကိုင်ထားတတ်တယ်။ မင်းကိုလည်း အဲ့ဒီလို တစ်ယူသန်ဖြစ်မှာစိုးတယ်။ တစ်ယူသန်ဖြစ်ပြီး ဘာကိစ္စဖြစ်ဖြစ် ကိုယ်ပဲမှန်တယ်လို့ ထင်နေရင် ရှေ့ဘဝခရီးမှာ မင်းအတွက် ရင် လေးတယ်။ အလယ်အလတ် ကျင့်စဉ်နဲ့ပဲ ဘဝခရီးကို မှန်မှန်ချီတက် သွားပါကွယ်။

ဆရာကောင်း

## ချစ်တပည့် ...

အားကစား တစ်မျိုးမျိုးကိုတော့ မင်းပြိုင်ပွဲမှာပဲ။ အဲ့ဒီပြိုင်ပွဲမှာ မင်းနိုင်ပြီဆိုရင် ဝမ်းသာပျော်ရွှင်မှာပဲ။ ရှုံးပြီဆိုရင် မခံချင်ဖြစ်မယ်၊ ဝမ်းနည်းမယ်။ စိတ်မကောင်း ဖြစ်မယ်။

မင်းက သိပ်ပြီး နိုင်ချင်စိတ်ရှိတဲ့အခါမျိုးမှာ အရှုံးကို မင်းမခံစားနိုင်တော့ဘဲ စိတ်ပျက်ဒေါသ ထွက်မိလိမ့်မယ်။ အဲ့ဒါမျိုး ဆရာကြုံဖူးတယ်။ ဆရာ ပညာရေးတက္ကသိုလ်တက်တုန်းကပေါ့။ ဆရာတို့ ဒုတိယနှစ်နဲ့ ပထမနှစ် ဘောလုံးဗိုလ်လုပွဲ ကန်ကြတယ်။ အနိုင်အရှုံးဖြစ်အောင် မကန်ကြဘဲ တစ်ဖက်နဲ့ တစ်ဖက် ဂိုး မသွင်းနိုင်ကြလို့ ပူးတွဲ ချန်ပီယံ ပေးတယ်။ ဒိုင်းကိုလည်း ခေါင်းပန်းလှန်ပြီး ပထမ ၆-လ၊ ဒုတိယ ၆-လဆိုပြီး ခွဲပေးတယ်။ ဆရာတို့က ပထမ ၆-လရတယ်။ အဲ့ဒီတော့ ဆရာတို့က ဒိုင်းကို သူငယ်ချင်းတစ်ယောက်ရဲ့ ဆလွန်းကားထိပ်မှာတင်ပြီး ဆရာတို့နှစ်က အမျိုးသမီးတွေနေတဲ့ ပြည်ဆောင်ကို အောင်ပွဲခံဖို့ ထွက်လာကြတယ်။ အဲ့ဒီမှာ ပထမနှစ်က ဘောလုံးသမားတစ်ယောက်က မခံမရပ်နိုင်ဖြစ်ပြီး ကားစက်ဖုံးပေါ် ခုံတက်၊ ဒိုင်းဆုကြီးကို ဆွဲလုလို့ ထိုးမယ် ကြိတ်မယ်နဲ့ ရုတ်ရုတ်သဲသဲဖြစ်သွား ခဲ့ရတယ်။ ဆရာတို့လည်း ပျော်ရွှင်တာတွေပျောက်ပြီး ဒေါသတွေ ဖြစ်ကုန်ကြတာပေါ့။

သူ့ရဲ့ ဒိုင်းဆု လိုချင်စိတ်ကြောင့် စိတ်ပျက်ဒေါသထွက်ပြီး ဒီလိုလုပ်လိုက်ခြင်းဟာ ကစားဖော် သူငယ်ချင်းတွေရဲ့ စိတ်ပျော်ရွှင်ချမ်းမြေ့မှုကို ပျက်စီးသွားစေခဲ့တယ်၊ သူလည်း အတော်ခံစား ဝမ်းနည်းခဲ့ရပြီး သူများတကာရဲ့ မနှစ်မြို့ခြင်းကို ခံခဲ့ရတယ်၊

ချစ်တပည့် ... မင်းသာ သူ့နေရာမျိုးကို ရောက်ခဲ့ရင် သူ့လို မဖြစ်စေနဲ့၊ အရှုံးကို တည်တည်ငြိမ်ငြိမ် ရင်ဆိုင်ရဲတဲ့ အကောင်းဆုံး အရှုံးသမားဖြစ်ပါစေ။ သူတစ်ပါးရဲ့ စိတ်ချမ်းမြေ့မှုကို မဖျက်စီးတဲ့ အကောင်းဆုံး အရှုံးသမားဖြစ်ပါစေ။

ဆရာကောင်း

**ချစ်တပည့်** ...

မင်းတို့ စာကျက်တာကို ဆရာသတိထားကြည့်မိတယ်။ ကက်ဆက်နားထောင်ပြီး စာကျက်တာတွေ့ရတယ်။ မေးကြည့်တော့လည်း ကက်ဆက်နားထောင်ပြီး စာကျက်ရတာ အဆင်ပြေသတဲ့။ ဆရာစဉ်းစားကြည့်တယ်။ လူတစ်ယောက်ရဲ့ စိတ်ဟာ အာရုံနှစ်ခုကို တစ်ပြိုင်တည်း ခံစားပြီး အလုပ်လုပ်ရင် အဲဒီအလုပ်ဟာ ထူးချွန်ထိရောက်ပါ့မလား။ သီချင်းသံထဲကို နစ်မြောသွားရင် စာဖတ်နေတဲ့ အာရုံဟာ လွင့်သွားမှာပဲ။ ဒါမှ မဟုတ် သီချင်းသံက ဘယ်လိုပဲ ညံ့ညံ့ တထဲမှာပဲ အာရုံရောက်နေပါတယ်ဆိုရင်တော့ ဆရာလည်း ခေတ်မမီတော့တဲ့ အဘိုးကြီးတစ်ယောက် ဖြစ်ပြီထင်ပါရဲ့။

ဆရာတို့တုန်းက စာကျက်တယ်ဆိုရင် တိတ်ဆိတ်အေးချမ်းနေမှ အထူးသဖြင့် လူခြေတိတ်တဲ့ ညဘက်မျိုးဆိုရင် စာပိုကျက်လို့ ကောင်းတယ်။ စာကျက်လို့ ပိုရသလိုပဲ။ တစ်ချိန်မှာ အလုပ်တစ်ခုကိုပဲ အာရုံစူးစူးစိုက်စိုက် တည်တည်ငြိမ်ငြိမ် လုပ်ကိုင်ခြင်းဟာ စိတ်တန်ခိုး သတ္တိရှိတဲ့ ဉာဏ်ကြီးသူတို့ရဲ့ အမှတ်သင်္ကေတလို့ ယုံကြည်ခဲ့တယ်။ မြန်မာစာ ကျက်မှတ်နေရင် မြန်မာစာကိုပဲ ခေါင်းထဲ ထည့်ထားသင့်တယ်။ ဘေးနားက ကက်ဆက်ထဲမှာ ဘိုင်အိုဆရာရဲ့ သင်ခန်းစာသီချင်း တိတ်ခွေထည့်ပြီး ဖွင့်မထားသင့်ဘူး။ အင်္ဂလိပ်စာ ကျက်မှတ်နေရင်လည်း အင်္ဂလိပ်စာကိုပဲ အာရုံစူးစိုက်ထားသင့်တယ်။ ခပ်လှမ်းလှမ်း တီဗီက ထက်ထက်မိုးဦး ကြော်ငြာအသစ် လာလို့ဆိုပြီး ထ မကြည့်သင့်ဘူး။

တစ်ခုခုကို စိတ်အာရုံစိုက်ပြီး လုပ်နေတုန်း နောက်တစ်ခုကို စိတ်ရောက်သွားရင် အဲဒီ အာရုံထွေပြားတယ်လို့ ခေါ်တယ်၊ စိတ်တန်ခိုးအားနည်းခြင်းရဲ့ အမှတ်အသားပဲ၊ အဲဒီ ကောင်းသလား မကောင်းဘူးလားဆိုတာ မင်းတို့ကိုကြည့်ပြီး ဆရာဘာပြောရမှန်း မသိတော့ဘူး။ ကက်ဆက်နားထောင်ပြီး လက်ဖက်ရည်သောက်သလို သီချင်းနားထောင်ပြီး စာကျက်တာပါလို့ ပြောရင် အချိန်ကုန်သလောက် ထိရောက်မှု ရှိပါ့မလားလို့ ဆရာသံသယဝင်နေမိတယ်။ ဟုတ် မဟုတ် မင်း ပြန်စဉ်းစားကြည့်။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



ချစ်တပည့် …

ပညာရှာတယ်ဆိုတာ ကျောင်းစာကျက်မှတ်တာ တစ်ခုတည်းပဲလို့ မထင်နဲ့နော်။ နေရာတကာမှာ ပညာရှိတယ်။ ပညာဗဟုသုတ မရနိုင်တဲ့နေရာ ဘယ်မှာမှ မရှိဘူးဆိုတာ … ယုံ။

စူးစမ်းဆင်ခြင်တတ်ပြီး ပညာကို လိုလားတယ်ဆိုရင် တစ်နေ့တစ်နေ့ ပညာတွေ သင်ယူလို့ကို ကုန်မှာ မဟုတ်တော့ဘူး။ သိချင်စိတ်ကို မွေးပါ။ သိတဲ့လူတွေကို မေးပါ။ မင်းအတွက် အသိပညာအတတ်ပညာတွေ နေရာတကာတိုင်းမှာ အချိန်တိုင်းမှာ ရှိနေပါလိမ့်မယ်။ ဥပမာကွာ။ မင်းကျောင်းသွားတယ် ဆိုပါစို့။ လမ်းမှာ ဝက်သားတုတ်ထိုးဆိုင် တွေ့တယ်။ မင်း ဝင်ထိုင်ပြီး စားကြည့်တယ်။ ကောင်းတယ်လို့ မင်းထင်တယ်။ အဲ့ဒီ ဝက်သားတုတ်ထိုးသည်ကို မေးကြည့်ပါလား။ ချဉ်စပ်ထဲမှာ ဘာတွေ ထည့်သလဲ။ ဝက်သားတွေကို အိုးထဲမှာ ရိုးရိုး ထည့်ပြုတ်တာလား။ ဘာ ပစ္စည်းတွေထည့်သေးလဲ။ တစ်နေ့ကို ဘယ်လောက်ရောင်းရသလဲ။ မင်းကသူနဲ့ အဖွဲ့ကျလို့ ဖောက်သည်ဖြစ်သွားတဲ့အခါ မေးကြည့်ပါလား။ မရိုင်းပါဘူး။ မင်းမေးတာ သူမြေမှာပါ။ လူတွေဟာ သူတို့ သိထားတတ်ထားတဲ့အရာတွေကို ပြောပြချင်တဲ့သူတွေချည်းပဲ။

ဝက်သားတုတ်ထိုး လုပ်နည်း အမြတ်ရအောင် ရောင်းချနည်းတွေ မင်းသိပြီ တတ်ပြီဆိုရင် ဝက်သားတုတ်ထိုး လုပ်ရောင်းနိုင်တဲ့ အတတ်ပညာတစ်ခုကို မင်းရလိုက်တာပဲ။ လူ့ဘဝ ကံကြမ္မာဆိုတာ ပြောလို့ရတာ မဟုတ်ဘူး။ မမျှော်လင့်ဘဲ ဝက်သားတုတ်ထိုး ရောင်းရဖို့ ကံပါလာရင် မင်းဟာ ကျွမ်းကျင်တဲ့ ဝက်သားတုတ်ထိုးသည်ဖြစ်ပြီပေါ့။

ဝက်သားတုတ်ထိုး ရောင်းချင်မှတော့ စာသင်မနေတော့ဘူးလို့တော့ ဘုမတောနဲ့နော်။ ဝက်သားတုတ်ထိုးသည် တစ်ယောက်ရဲ့ ပျမ်းမျှ တစ်နေ့အမြတ်ဟာ တစ်နေ့ကို ၂၀၀၀/-အထက်မှာ ရှိတယ်။ ဒီလိုပြောလို့ မင်းကို ဝက်သားတုတ်ထိုးရောင်းဖို့ တိုက်တွန်းနေတာမဟုတ်ဘူး။ ပညာဆိုတာ ယူတတ်ရင် နေရာတကာမှာရှိတယ်လို့ ပြောချင်တာ။ တလွဲချော် တွေးမနေနဲ့ဦး။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



**ချစ်တပည့် ...**

**မင်းတို့အရွယ်မှာ ပျော်ရွှင်မှုနဲ့ သင်ယူလေ့လာမှုကို အချိုးမျှတစွာ ပေါင်းစပ်တတ်ဖို့ အရေးကြီးတယ်။ ကျောင်းနေပျော်၍ စာတော်ရမည်။ ပျော်ရွှင်မှုဖြင့် သင်ယူပါ ဆိုတာ မင်းတို့အတွက် ရေးထားတဲ့ စာကြောင်းတွေ။**

မင်းတို့အရွယ်မှာ ပျော်ရွှင်စရာတွေ များတယ်။ လူတွေ အပန်းဖြေဖို့အတွက် ပျော်ရွှင်စရာ ကစားနည်းတွေရှိတဲ့ ဥယျာဉ်ပန်းခြံတွေရှိတယ်။ အစားစားပြီး သီချင်းဆိုနိုင်တဲ့ ကာရာအိုကေဆိုင်တွေရှိတယ်။ မြို့ကြီးတွေမှာဆို ပိုက်ဆံပေးပြီး ဆော့ကစားရတဲ့ တီဗီဂိမ်းတွေ အများကြီးရှိနေတယ်။ အိမ်မှာလည်း တီဗီ၊ ဗီဒီယိုတွေနဲ့ ရုပ်ရှင်မျိုးစုံကြည့်နိုင်သေးတယ်။

တစ်ဖက်မှာလည်း မင်းအတွက် သင်ယူလေ့လာရမှာတွေက အများကြီး တက္ကသိုလ်ဝင်တန်းအောင်ဖို့ လုပ်ရဦးမယ်။ ဘွဲ့တစ်ခုရအောင် ကြိုးစားရမယ်။ ကွန်ပျူတာခေတ်ရောက်နေတော့ ကွန်ပျူတာကျွမ်းကျင်ဖို့လည်း လိုသေးတယ်။ နိုင်ငံတကာနဲ့ ဆက်သွယ်နိုင်ဖို့လည်း အင်္ဂလိပ်စာ တတ်မှဖြစ်မယ်။ အင်္ဂလိပ်စာအပြင် ဂျပန်စာ၊ ပြင်သစ်စာ၊ တရုတ်စာတတ်ထားရင် ပိုကောင်းမယ်။ စဉ်းစားကြည့်။ သင်ယူလေ့လာစရာတွေက အများကြီး။

အဲ့ဒီနှစ်ခုကို အချိုးအစား မျှတစွာ မပေါင်းစပ်တတ်လို့ အပျော်အပါးဘက် စိတ်များသွားမယ်ဆိုရင် ဘာတစ်ခုမှ သုံးစားလို့ ရအောင် မတတ်တော့ဘူး။ တစ်ချိန်လုံး သင်ယူလေ့လာမှုကိုချည်း အာရုံပြုနေရင်လည်း ပျော်ရွှင်စရာတွေကို မသိတော့တဲ့ စက်ရုပ်လိုမျိုး ဖြစ်သွားလိမ့်မယ်။

ပျော်ရွှင်စရာလေးတွေကို အသက်အရွယ်အလိုက် ပျော်သင့်သလောက်ပျော်ပါ။ သင်ယူ လေ့လာမှုတွေကိုလည်း လုပ်နိုင်သလောက် လုပ်ပါ။ မပျင်းပါနဲ့။ အတတ်ပညာတစ်ခုခုကို လုပ်ကိုင်စားနိုင်တဲ့အထိ ကြိုးစားသင်ယူ လေ့လာပါလို့ ဆရာတိုက်တွန်းချင်တယ်။

ဆရာကောင်း

ချစ်တပည့် ...

တစ်ခါတစ်ရံမှာ စကားတစ်ခွန်း စာတစ်ကြောင်းဟာ လူ့ဘဝလမ်းကြောင်းကို ပြောင်းလဲပေးနိုင်တယ်။ အဲ့ဒါ ဆရာကိုယ်တွေ့ပဲ။

တက္ကသိုလ်မှာတုန်းက မိဘစီးပွားရေး မပြေလည်လို့ ချို့ချို့တဲ့တဲ့ တက်ရတဲ့ အခြေအနေမှာ စားချင်တာ မစားရဘူး။ ဝတ်ချင်တာ မဝတ်ရဘူး။ သူတစ်ပါးတွေ ပျော်ပါးနေတဲ့အချိန်မှာ စာကိုပဲ သဲသဲမဲမဲ ဖတ်နေခဲ့တယ်။ ဘယ်သူ့ကိုမှလည်း အကူအညီမတောင်းဘူး။ ဘယ်သူမှလည်း ဟုတ္တိပတ္တိ မကူညီခဲ့ဘူး။ ဆွေမျိုးတွေဆိုပါးစပ်နဲ့တောင် ကူညီအားပေးဖော် မရခဲ့ဘူး။ အဆောင်ကို ဧည့်သည်လာတွေ့ရင် ဆရာဧည့်သည်ရယ်လို့ အစ်ကိုတစ်ယောက်ကလွဲရင် မရှိသလောက် ရှားတယ်။

အဲ့ဒီအချိန်မှာ ဆရာဟာ စာလေးတစ်ကြောင်းကို သွားတွေ့တယ်။ အဲ့ဒီစာလေးကို အခန်းတံခါးဝမှာ ကပ်ထားပြီး ကိုယ့်ကိုယ်ကိုယ် စိတ်ဓာတ်မကျအောင် မာန်သွင်းထားရတယ်။ အဲ့ဒီ စာတန်းလေးက အထူးအဆန်းမဟုတ်ပါဘူး။ အင်္ဂလိပ်စာကြောင်းတိုလေး တစ်ကြောင်းပါ။ Only one but lion. တဲ့။ တစ်ကောင်တည်း ဒါပေမယ့် ခြင်္သေ့။

အဲ့ဒီ စာတန်းလေးနဲ့ပဲ ကိုယ့်ဘဝကိုယ် ရပ်တည်နိုင်အောင် ကြိုးစားခဲ့တယ်။ ကျောင်းဆရာဖြစ်တော့လည်း ကေသရာဇာခြင်္သေ့မင်းတို့သည် အစာငတ်သော်လည်း မြက်မစား ... ဆိုတဲ့ စာကြောင်းလေးကို ဘဝလမ်းညွှန်အဖြစ်ထားပြီး မတော်လောဘနဲ့ စီးပွားရှာတာမျိုး။ တပည့်တွေအပေါ် အကြံအဖန် ရိုက်စားလုပ်တာမျိုး ဘာတစ်ခုမှ မလုပ်ခဲ့ဘူး။ သူတို့အကျိုးစီးပွားအတွက် ကိုယ့်ဘဝရဲ့ အချိန်များစွာကို ပေးဆပ်ပြီး သူတို့ဘဝကို ပြုစု ပျိုးထောင်ခဲ့တယ်ဆိုတာ ဆရာနဲ့ တွေ့ကြုံခဲ့ဖူးတဲ့ တပည့်တိုင်း သိပါတယ်။ အဲ့ဒီ စာကြောင်းလေး တစ်ကြောင်းကြောင့် ဘဝအားမာန်တွေ ရှင်သန်ပြီး ကိုယ့်ဘဝကို ထူထောင်ခဲ့ရတယ်ဆိုတာ မင်းကို သိစေချင်ပါတယ်။ မင်းဘဝမှာလည်း ဆရာ့လိုမျိုး ဘဝလမ်းညွှန် စာကြောင်းတစ်ကြောင်းတော့ ရှိသင့်တယ်။

ဆရာကောင်း

ချစ်တပည့် ...

It is easy to flatter, it is harder to praise.

*(Jean Paul Richter)*

မြှောက်ပင့် ပြောဆိုဖို့လွယ်တယ်။ ချီးကျူးဖို့ကျတော့ ခက်တယ်တဲ့။ ဂျင်းပေါလ်ရစ်ချ်တာ ဆိုတဲ့ ပုဂ္ဂိုလ်က ပြောခဲ့ဖူးတယ်။

အဲဒါ အမှန်ပဲကွ။ တို့တွေဟာ တစ်ယောက်နဲ့တစ်ယောက် တွေ့ရင် ဒီနေ့ တယ်လှပါလား။ ဝလာ လိုက်တာနော်။ သူငယ်ချင်းက သိပ်တော်တာပဲ စသဖြင့် ပြောကောင်း ပြောမယ်။ စိတ်ထဲက ပါလို့ပဲဖြစ်ဖြစ် မပါလို့ပဲဖြစ်ဖြစ် ပြောမိတတ်ကြတယ်။

ဒါပေမယ့် ကိုယ်နဲ့ဆက်ဆံရတဲ့ ကိုယ့်မိဘ ညီအစ်ကို မောင်နှမ၊ သူငယ်ချင်းမိတ်ဆွေတွေနဲ့ကျ သူတို့ရဲ့ ကောင်းကွက်တွေ၊ တော်တာတွေ၊ မှန်မှန်ကန်ကန် ချီးကျူးပြောဆိုဖို့ မေ့နေတတ်ကြတယ်။ ဥပမာ မင်းအဖေက စာရေးဆရာဆိုပါစို့ကွာ။ ဖေဖေရေးတဲ့ စာက သိပ်ကောင်းတာပဲ။ ခေါင်းထဲကို တစ်ခါတည်း စွဲသွားတာပဲ။ ပြီးတော့ ဒီနေ့ အမေချက်တဲ့ ဟင်းက သိပ်ကောင်းတာပဲ။ ထမင်းမြိန်လိုက်တာ။ အဲ့ဒီလိုမျိုး အိမ်သားတွေအပေါ် ချီးကျူးလိုက်တာနဲ့ သူတို့တွေ ဘယ်လောက် ကျေနပ်ဝမ်းသာသွားမလဲဆိုတာ မင်းသိရဲ့လား။ မင်းကလည်း သူတို့ရဲ့ ကောင်းကွက်လေးတွေ ချီးကျူးပြောဆိုပေးတတ်ရင် သူတို့ကလည်း မင်းကောင်းတာလေးတွေကို ရှာကြံပြီး ချီးကျူးပြောဆိုကြမှာပဲ။

တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန်လေးစားပြီး စစ်မှန်တဲ့ ချီးကျူးစကားလေးတွေ ပြောပေးကြမယ်ဆိုရင် ဘယ်လောက် ကောင်းလိုက်မလဲနော်။ အဲ့ဒီလို ပြောတတ်လာရင် ငါ့တပည့် သိပ်တော်တာပဲလို့ ဆရာက အရင်ဆုံး ချီးကျူးမှာပါ။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



## ချစ်တပည့် …

လောကမှာ ကျေးဇူးတရားကို သိတတ်ဖို့ သိပ်အရေးကြီးတယ်။ ကျေးဇူးတရား သိတတ်တဲ့သူမှာ မိတ်ဆွေကောင်းပေါတယ်။ အခက်အခဲနဲ့ တွေ့ကြုံရင်ဆိုင်ရတဲ့ အချိန်မှာ ကူညီမယ့်သူတွေ အလိုလိုပေါ်လာတယ်။ မိဘကျေးဇူးသိတတ်တဲ့ သူဟာ ဘယ်တော့မှ ဒုက္ခမရောက်ဘူး။ ဆရာသမားကျေးဇူးကို သိတတ်တဲ့သူဟာ ဘယ်တော့မှ လူ့အောက်မကျဘူး။ မိတ်ဆွေ သူငယ်ချင်းကျေးဇူးကို သိတတ်တဲ့သူဟာ လူချစ်လူခင်ပေါတယ်။

အဲ့ဒီတော့ ကိုယ့်အပေါ်မှာ ကျေးဇူးပြုဖူးတဲ့သူတွေကို ရင်ထဲမှာ အမြဲအမှတ်ထားပါ။ အခွင့်အခါသင့်လို့ ကိုယ့်အလှည့်ကြုံကြိုက်တဲ့အခါ အဲ့ဒီ ကျေးဇူးတရားကို ပြန်ပေးဆပ်ဖို့ မမေ့ပါနဲ့။

ငွေကြေးပစ္စည်း လက်ဆောင်တွေနဲ့ ကျေးဇူးမဆပ်နိုင်ခဲ့ရင်တောင် ကိုယ် ကူညီနိုင်သမျှ ကူညီပြီး ကျေးဇူးတရားကို ဖော်ထုတ်ပြသပေးပါ။ လူဆိုတာ ဘာကိစ္စပဲဖြစ်ဖြစ် ကြာရင် မေ့တတ်တယ်။ ဒါပေမယ့် ကျေးဇူးတရားနဲ့ပတ်သက်လာရင်တော့ နှစ်တွေ ဘယ်လောက်ပဲကြာကြာ မမေ့သင့်ဘူး။

ကိုယ့်ဘဝကို ထိထိရောက်ရောက် ကျေးဇူးပြုခဲ့ဖူးသူတွေကို နိုင်ယာရီထဲမှာပဲဖြစ်ဖြစ်၊ မှတ်တမ်းစာအုပ်ထဲမှာပဲဖြစ်ဖြစ် မှတ်တမ်းတင်ထားသင့်တယ်။ တစ်ချိန်မှာ အဲ့ဒီ ကျေးဇူးတရားတွေကို တတ်စွမ်းသရွေ့ ပြန်ဆပ်နိုင်အောင် ကြိုးစားရမယ်။ ဒါမှ ကျေးဇူးတရားကို နားလည်သိတတ်တဲ့လူ ဖြစ်မယ်။ အဲ့ဒီလို ကျေးဇူးတရားကို သိတတ်နားလည်တဲ့သူဟာ ဘယ်တော့မှ နိမ့်နိမ့်ကျကျ မဖြစ်ဘူး။ မယုံရင် စမ်းကြည့်၊ လက်တွေ့ သိလာလိမ့်မယ်။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



ချစ်တပည့် ....

လူ့လောကမှာ အခြေအနေ အချိန်အခါကို လိုက်ပြီး ဆက်ဆံပေါင်းသင်းတတ်ခြင်းဟာ အောင်မြင်ခြင်းရဲ့ လျှို့ဝှက်ချက်တစ်ခုပဲ။

ကိုယ့်ထက်ကြီးမြင့်သူတွေကို ဘယ်လို ဆက်ဆံသလဲ။ ကိုယ်နဲ့တန်းတူ လူတွေကို ဘယ်လိုဆက်ဆံသလဲ။ ကိုယ့်ထက်နိမ့်ကျတဲ့သူတွေကို ဘယ်လို ဆက်ဆံသလဲ။ ကဲ ... စဉ်းစားကြည့်။ မင်းဆိုရင် ဘယ်လိုဆက်ဆံမလဲ။ ဆရာထင်တယ်လေ။

ကိုယ့်ထက် ကြီးမြင့်သူတွေကို ရိုသေလေးစားစွာ ဆက်ဆံမယ်။ ကိုယ်နဲ့ တန်းတူလူတွေကို ချစ်ခင်လေးစားစွာ ဆက်ဆံမယ်။ ကိုယ့်ထက် နိမ့်ကျတဲ့သူတွေကို စာနာ နားလည်စွာ ဆက်ဆံမယ်ပေါ့။ ဟုတ်တယ် မဟုတ်လား။

အဲ့ဒီလို မဆက်ဆံဘဲ အားလုံးကို တညီတည်းဆက်ဆံရင် ကိုးယိုကားရားနဲ့မှားယွင်းပြီး ဒုက္ခများသွားလိမ့်မယ်။

ကိုယ့်ထက် ကြီးမြင့်တဲ့သူကို ကိုယ်နဲ့တန်းတူ သူငယ်ချင်းလို ဆက်ဆံရင် မယဉ်ကျေးတဲ့သူ ဖြစ်မှာပေါ့။ မယဉ်ကျေးတဲ့ သူကို ဘယ်သူက အရေးတယူ ပေါင်းသင်းချင်မှာလဲ။ ကိုယ်နဲ့ တန်းတူ သူငယ်ချင်းကို စာနာ နားလည်စိတ်နဲ့ သနားညှာတာပြီး ဆက်ဆံရင် အထင်လွဲ စိတ်ဆိုးခံထိမယ်။ ကိုယ့်ထက် နိမ့်ကျတဲ့သူကို ရိုသေလေးစားစွာ ဆက်ဆံနေမယ်ဆိုရင် အရွဲ့တိုက်တယ်ထင်ပြီး အပြုငြင်ခံရမယ်။ ဒါမှမဟုတ် ပေါတောတော လူလို့ အထင်ခံရပြီး ကိုယ့်အပေါ် မလေးမစား ပြန်ဆက်ဆံလိမ့်မယ်။ ဒီတော့ ဒူးနေရာ ဒူး၊ တော်နေရာ တော် ဆိုတဲ့ စကားအတိုင်းပဲ လူတွေကို အခြေအနေ ကြည့်ပြီး ဆက်ဆံတတ်ဖို့လိုတယ်။ ဒါဟာ မင်းတစ်ဘဝလုံးအတွက် အရေးကြီးတယ်ဆိုတာ သဘောပေါက်။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



ချစ်တပည့် ...

နံနက်ခင်းလေးရဲ့ အလှကို စေ့စေ့လေးထပြီး ခံစားကြည့်ဝမ်း။ တော်တော်လှပ သာယာတာပဲ။ ငှက်ကလေးတွေက စိုးစီစိုးစီနဲ့ နေခြည်ဖျော့ဖျော့လေးတွေရဲ့ အောက်မှာ တေးဆိုနေကြတယ်။ စိမ်းစိုရောင်သမ်းနေတဲ့ သစ်ရွက်လေးတွေကြားထဲက လူတွေကို အနွေးဓာတ်ပေးမယ့် ရွှေရောင်ခြည်တန်းကလေးတွေကလည်း ဝင်းလက်ဖြာကျနေတယ်။ မပူ့တပူ ဖျော့ဖျော့လေး လင်းနေတဲ့ နံနက်ခင်းလေးကို ဆရာသိပ်သဘောကျတယ်။ အဲဒီအချိန်မျိုးလေးမှာ နှင်းကလေးတွေကိုပဲဖြစ်ဖြစ်၊ ငှက်ကလေးတွေကိုပဲ ဖြစ်ဖြစ် ခွေးကလေး ကြောင်ကလေးတွေပဲဖြစ်ဖြစ် အစာကျွေးခွင့်ရမယ်ဆိုရင် ဘယ်လောက်ကြည်နူးဖို့ ကောင်းလိုက်မလဲလို့။

ဒါပေမယ့် ဘဝတွေ မတူတော့ အခြေအနေမတူ။ အခြေအနေတွေ မတူတော့ ခံစားမှုလည်း မတူနိုင်ကြဘူးပေါ့။ ဆရာက နှင်းလေးတွေ အစာကျွေးပြီး ကြည်ကြည်နူးနူးနဲ့ နံနက်ခင်းရဲ့ အလှကို ခံစားနေတဲ့အချိန်မှာ မင်းတို့က ကျူရှင်အမီ အပြေးအလွှား သွားချင်သွားနေရမယ်။ အိပ်ရာထ နောက်ကျပြီး အိမ်က ဘာမှ မစားခဲ့ရလို့ မုန့်ဟင်းခါးဆိုင် အပြေးအလွှား ဝင်စားနေရတာမျိုးလည်း ဖြစ်ကောင်းဖြစ်မယ်။ ဒါမှမဟုတ် လူကြပ်ကြပ် ဘတ်စ်ကားကြီးထဲမှာ တိုးဝှေ့ပြီး အသက်ရှူနေရကောင်း နေရမယ်။ ဒါမှမဟုတ် မိဘစီးပွားရေး ကူညီရလို့ အစောကြီး ဈေးရောင်းရတာမျိုး ဈေးသွားရတာမျိုး ကြုံကောင်းကြုံမယ်။

ဘယ်လို အခြေအနေမျိုးမှာပဲဖြစ်ဖြစ် ခံစားတတ်မှုက အရေးကြီးတယ်။ မြင်တတ်ဖို့က အရေးကြီးတာကွ။ မင်းက သဘာဝရဲ့ အလှအပကို ခံစားတတ်ပြီး ကြည့်မြင်တတ်မယ်ဆိုရင် နေရာတကာမှာ အလှအပကို မြင်နေရမှာပဲ။ ဘာဖြစ်လို့လည်းဆိုတော့ လောကကြီးက လှနေလို့ပဲ။

အဲဒီ လှပနေတဲ့ လောကကြီးကို မင်း မြင်တတ်အောင် ကြည့်ပါ။ ဒါပေမယ့် လောကကြီးကိုတော့ မတရားတဲ့ လောကကြီး မကောင်းတဲ့လောကကြီးလို့တော့ မမြင်ပါနဲ့ကွယ်။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



**ချစ်တပည့် ...**

မင်းကို ပေတ္တာရှင်မလေး ပေါ်လီယာနာအကြောင်း ပြောရဦးမယ်။ ဆရာထင်လင်း ဘာသာပြန်ထားတဲ့စာအုပ် မင်းဖတ်ကြည့်စေချင်တယ်။ ပေါ်လီယာနာဆိုတဲ့ ကောင်မလေးက (၁၁)နှစ်ပဲ ရှိသေး တာ။ အဖေအမေဆုံးသွားတာနဲ့ အဒေါ်နဲ့ သွားနေရတယ်။

ယယ်ယယ်က သူ့ကို အဖေက ဝမ်းသာအောင် နေထိုင်နည်း သင်ပေးခဲ့တယ်။ သူက အဲ့ဒါကို ဝမ်းသာတမ်းကစားနည်း ဆိုပြီး လူတွေကို လိုက်ဟောပြောတယ်။ ဥပမာ ဒါးကိုင်းနေတဲ့ အဘိုးကြီးကိုတွေ့ရင် "အဘ ဒါးကိုင်းနေတာ ဝမ်းသာစရာပဲ။ ဘာပြုလို့လည်းဆိုတော့ ပေါက်တူးပေါက်ရတဲ့အခါ အဘ ဒါးကုန်းရ တစ်ဝက်သက်သာလို့ ဝမ်းသာစရာပဲပေါ့" တဲ့။

ပြီးတော့ ခြေကျိုးတဲ့သူကိုတွေ့တော့ "ဦးဦးခြေကျိုးတာက တစ်ဖက်တည်းရယ်။ နှစ်ဖက်စလုံးမှ မကျိုးတာ ဝမ်းသာစရာပေါ့တဲ့"။ ဒီလိုသာ ပြောကြေးဆိုရင် ကင်းခြေများ မဟုတ်ခဲ့တာကိုပဲ ကျေးဇူးတင်ရမယ်။ ကင်းခြေများဆိုရင် ခြေအချောင်း ငါးဆယ် ကျိုးမယ်မဟုတ်လားလို့ ခပ်ရွှံ့ရွှံ့ ပြန်ပြောပေမယ့် "အိုး ဒါလည်း ကောင်းတာပဲ၊ ကင်းခြေများဆိုတာ သမီးသိသားပဲ။ ခြေထောက်တွေ အများကြီးရှိတာလည်း ဝမ်းသာစရာပေါ့တဲ့။

ပေါ်လီယာနာဆိုတဲ့ ကောင်မလေးဟာ အဲ့ဒီလို ဝမ်းသာစရာ ကစားတမ်းကို သူ့ပတ်ဝန်းကျင်မှာရှိတဲ့ သူတွေအားလုံးကို သင်ပေးခဲ့ပါတယ်။ နောက်ဆုံးမှာတော့ လူတွေအားလုံးက သူ့ကို လိုလားချစ်ခင်ပြီး သူ့အလာကိုပဲ မျှော်လင့်တောင့်တနေကြသတဲ့။

ကဲ ... ငါ့ တပည့်။ ပေါ်လီယာနာလို စိတ်ထားနဲ့ ကမ္ဘာကြီး ပျော်ရွှင်ငြိမ်းချမ်းအောင် မလုပ်ချင်ဘူးလား။ လုပ်ချင်တယ် ဆိုရင် တွေ့တဲ့ လူတွေနဲ့ ဝမ်းသာတမ်း ကစားနည်းကို စပြီး ကစားပေတော့ ...။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



ချစ်တပည့် ...

မင်း ပတ်ဝန်းကျင်က လူတွေကိုကြည့်လိုက်စမ်း။ အလုပ်တွေ ရှုပ်နေတဲ့ သူတွေများလိမ့်မယ်။ တချို့က ထမင်းစားဖို့ အလုပ် လုပ်နေတယ်။ တချို့က လူမှုရေးအလုပ်တွေနဲ့ ရှုပ်နေတယ်။ တချို့ကတော့ အပျော်အပါး လောင်းကစားအတွက် ရှုပ်နေတယ်။ တချို့ကျတော့ အိမ်မှာလိုင်နေရင်း ဟိုလူ အပြစ်တင် ဒီလူအပြစ်မြင်၊ ဟိုလူ မကောင်းကြောင်း ပြော၊ ဒီလူမကောင်းကြောင်းပြောနဲ့ မောနေတာပဲ။ အဲ ... တချို့ကျ ... လက်ဖက်ရည်ဆိုင် ထိုင်ပြီး ဝေဖန်လေကန်ရင်း အလုပ်ရှုပ်နေကြလေရဲ့။ သူနည်းသူ့ဟန်နဲ့တော့ အလုပ်တွေ များနေကြတာပေါ့ကွာ။

ဒီ ကျောင်းဆရာဘဝတုန်းက အိမ်တစ်အိမ် အလည်သွားရင်းနဲ့ ကောင်မလေးတစ်ယောက် ဆန်ပြာနေတာတွေ့ခဲ့ဖူးတယ်။ ကောင်မလေးက ဆန်သာပြာနေတယ်။ စိတ်က ဘယ်ရောက်နေမှန်း မသိတော့ ဖွဲလည်း မထွက်ဘူး၊ ဆန်တော့ ပြာနေတာပဲ။ လုပ်တော့ လုပ်နေတာပဲ။ အကျိုးသက်ရောက်မှု မရှိဘူး။

မင်းကိုလည်း အဲ့ဒီလိုမျိုး ဖြစ်မှာ စိုးတယ်။ သွားတော့ သွားနေတာပဲ အကျိုးရှိတဲ့ နေရာလား။ လုပ်တော့ လုပ်နေတာပဲ။ ကိုယ့်ဘဝ တိုးတက်စေမယ့် အလုပ်လား။ ဖတ်တော့ ဖတ်နေတာပဲ ဘာစာတွေလဲ။ ကိုယ့်ဘဝကို တိုးတက်မြင့်မားစေမယ့် စာတွေလား။ နေ့ကော ညကော စာအော်ဖတ်ပြီး ဖတ်တဲ့စာတွေ ခေါင်းထဲရောက်ရဲ့လား။ မရောက်ဖူးဆိုရင်တော့ ဆန်ပြာနေတဲ့ ကောင်မလေးနဲ့ မင်းနဲ့ အတူတူဖြစ်သွားလိမ့်မယ်။

တအုပ်ကြီး ရှေ့ချပြီး တကျက်ချင်ယောင် ဆောင်နေရင်တော့ ဆန်သာပြာတယ် ဖွဲ မထွက်တာမျိုး ဖြစ်နေဦးမယ်နော။

ကဲ ... ဒီနေ့ကစပြီး မင်းကိုမင်း မညာမတာ ဝေဖန်ကြည့်စမ်း။ တစ်နေကုန် အလုပ်တွေရှုပ်ပြီး ဘာလုပ်နေတာလဲလို့။ ကိုယ်ဘဝကို ဝေဖန် ဆန်းစစ်တတ်မှ အောင်မြင်ကြီးပွားမှာကွ။ မင်းက ခပ်ညံ့ညံ့မှ မဟုတ်တာ။

ဆရာကောင်း

ချစ်တပည့် ...

တစ်ခါတစ်ရံမှာ လူဟာ သတ်သေချင်လောက်အောင် စိတ်ဓာတ်ကျစရာ အခြေအနေမျိုး ကြုံတတ်သတဲ့။ မင်းကို ဇါတ်နဲ့ မပြောနဲ့ သိပ္ပံပညာရှင်ကြီး ဘာထရန်ရပ်ဆဲလ်တောင် စိတ်ဓာတ်ကျပြီး သတ်သေချင်စိတ် ပေါ်ခဲ့ဖူးသတဲ့။ အဲဒီမယ့် သင်္ချာပုစ္ဆာတွေ တွက်ရင်းနဲ့ သင်္ချာပညာဟာ အရမ်းစိတ်ဝင်စားစရာကောင်းတာကို တွေ့ရှိသွားမိပြီး သတ်သေချင်တဲ့စိတ်တွေ ပျောက်သွားသတဲ့။

သင်္ချာပညာလို စိတ်ဝင်စားစရာ ဘာသာရပ်ရှိနေမှတော့ ဒီဘဝကို ဘာလို့ အချည်းနှီး သတ်သေရမှာလဲလို့ သူ တွေးမိသတဲ့။

မင်းလည်း အဲဒီလိုအခြေအနေမျိုးကြုံလို့ သူ့လို သင်္ချာဘာသာကို မပြောချင်ရင် အင်မတန် ချစ်စရာကောင်းတဲ့ ချစ်သူလေး ရှိရက်သားနဲ့ ဘာလို့ သတ်သေရမှာလဲပေါ့ကွာ။ ကောင်မလေးက မကြိုက်လို့ သတ်သေချင်ရင် အင်မတန်ချစ်တတ်တဲ့ အမေရှိရက်သားနဲ့ ဘာလို့ သတ်သေရမှာလဲပေါ့ကွာ။ အမေမရှိရင် သူငယ်ချင်း။ သူငယ်ချင်းမဟုတ်ရင် ညီမလေး။ ညီမလေးမဟုတ်ရင် ဆရာတစ်ယောက်ယောက်ပေါ့ကွာ။

ဒါမှမဟုတ်။ မင်းက ဘာထရန်ရပ်ဆဲလ်လို သင်္ချာပညာရှင်ကြီး ဖြစ်ချင်ရင်တော့ သင်္ချာဘာသာပေါ့ကွာ။ ကွန်ပျူတာပညာရှင် ဖြစ်ချင်ရင်တော့ ဒီဘဝဟာ ကွန်ပျူတာရှိနေမှတော့ တန်ဖိုးရှိသွားပြီ။ ကွန်ပျူတာထဲမှာ ဘဝရဲ့အချိန်တွေ နစ်မြုပ်ပြီး ကြိုးစားလိုက်မယ်ဆိုရင် (၃)နှစ်အတွင်း မင်းဟာ ကိုယ်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်တဲ့ ကွန်ပျူတာပညာရှင် ဖြစ်သွားနိုင်တယ်။ ဒီထက်တောင် ပိုနိုင်သေးတယ်။ ဘာဖြစ်လို့လည်းဆိုတော့ မင်းဟာ မလုပ်ချင်ရင်နေမယ် လုပ်ချင်ရင်တော့ အပြတ်ပဲဆိုတဲ့ ကောင်မျိုးဆိုတာ ဒါသိနေလို့ပေါ့။

ဆရာကောင်း

ချစ်တပည့် …

ဆရာစဉ်းစားမိတာလေး တစ်ခု မင်းကို ပြောပြရဦးမယ်။ မနေ့က ဆရာ့အိမ်ထဲကို စာကလေးတစ်ကောင် ဝင်လာတယ်။ ဆရာက ငှက်ကလေးတွေ ချစ်တတ်တော့ စာကလေးအိမ်ထဲဝင်လာတာကို လာဘ်ကောင်းတယ်လို့ ယူဆပြီးပျော်သွားမိတယ်။

အဲ့ဒီလို ပျော်ရွှင်နေတုန်း ကြွက်တစ်ကောင်က ရှေ့က ဖြတ်ပြေးတော့ အေးပွသွားမိတယ်။ လာပြန်ပြီလား ဒီကြွက်ပေါ့။

ငှက်ကလေးကိုမြင်တော့ ပျော်ရွှင်ပြီး ကြွက်ကိုမြင်တော့ ဘာလို့ အေးပွရတာလည်းလို့ ကိုယ့်ဘာသာ ပြန်မေးကြည့်ရတော့တာပေါ့။ တကယ်ဆိုရင် သတ္တဝါတွေပေါ်မှာ ချင်ခင်သနားစိတ်ထားပြီး ကွေးမွေးရမှာပဲ မဟုတ်လား။ မေတ္တာစိတ်ထားပြီး ခွင့်လွှတ်ရမှာပဲ မဟုတ်လား။

ဒါပေမယ့် ဆရာကငှက်ကိုပဲ ချစ်ပြီး ကြွက်ကိုတော့ မမြင်ချင်ဘူး ဖြစ်နေတယ်။ ဘာကြောင့်လဲလို့ ဆရာ သေချာ ပြန်စဉ်းစားကြည့်တော့ အကြောင်းကိုတွေ့လာတယ်။ ငှက်ကလေးက ဆရာ့ကို ဘာ ဒုက္ခမှ မပေးဘူးလေ။ ကြွက်ကလေးကတော့ စာအုပ်တွေကိုက်တယ်။ စားစရာတွေကိုက်ချီပြီး ချောင်ထဲမှာထားတယ်။ ကြွက်ချေးတွေ နေရာတကာမှာတွေ့ရတယ်။ အဆိုးဆုံးကတော့ ရောဂါပိုးတွေ သယ်လာနိုင်တယ်ဆိုတာပဲ။ ဒါ့ကြောင့် ကြွက်ကို ဆရာ မမြင်ချင်တာဖြစ်လိမ့်မယ်။

ဆရာတို့ လူ့လောကမှာလည်း ဒီအတိုင်းနေမှာပဲ။ ကိုယ့်ကို ဒုက္ခမပေးတဲ့သူကို စွန့်ကြဲပေးကမ်း ချစ်ခင်နိုင်ပေမယ့် ကိုယ့်ကို ဒုက္ခပေးမယ့်လူမျိုးကိုတော့ ဘယ်သူ ချစ်ခင်နိုင်မလဲလေ။

ဒါ့ကြောင့် တို့တွေဟာ ငှက်ကလေးဖြစ်ချင် ဖြစ်ပါစေ၊ ကြွက်ကလေး မဖြစ်ဖို့တော့ လိုတယ်နော်။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



ချစ်တပည့် ...

ငှက်အကြောင်းပြောတော့ ... တစ်ခါတစ်ခါ ငှက်ဖြစ်ချင်တဲ့ ဆရာ့အတွေးလေးတွေ မင်းကို ပြောပြရဦးမယ်။ ငှက်ကလေးတွေက မိုးလင်းရင် အစောကြီးနိုးပြီး ကျလိကျလိနဲ့ သီချင်းဆိုနေကြပြီ။

သွားချင်ရာ သွားပြီး အစာရှာစားတယ်။ ပြီးတော့ ဟိုကိုင်းသည်ကိုင်းကူးပြီး ပျော်မြူးတယ်။ သီချင်းဆိုတယ်။ နေပူရင် အရိပ်ရတဲ့နေရာ နားတယ်။ တစ်နေကုန် လှုပ်ရှားပျံသန်းပြီး သင့်တော်ရာမှာ နားနေကြတယ်။ နေ့လည်နေ့ခင်း တစ်ရေးတစ်မောအိပ်နေတဲ့ ငှက်၊ အိပ်ငိုက်နေတဲ့ ငှက်။ ကိုယ်လက်ကိုက်ခဲပြီး ဖျားနာနေတဲ့ ငှက်မျိုး ဆရာမတွေ့သေးဘူး။ နေပူမိုးရွာမရှောင် ဘာဆေးမှ မဆောင်ဘဲ တောင်တောင်မြောက်မြောက် ပျံသန်းပျော်မြူးနေတဲ့ သူတို့ဘဝကို တစ်ခါတစ်ခါ ဆရာအားကျတယ်။ အပူအပင်မရှိ၊ အပြစ်တင် ဖြုတ္တမယ့်သူ မရှိ။ မပျင်းမရိနဲ့ အမြဲတမ်း ပျံသန်းရွှင်လန်းနေတာမျိုး ဆရာ နှစ်သက်သဘောကျတာ။ ပြီးတော့ လူတွေလို တားဝတ်နေရေးအတွက် မသေအောင် အပြင်းအထန် ကြိုးစားရုန်းကန်နေတာမျိုးလည်း မရှိဘူး။ ဥစ္စာပစ္စည်းပိုင်ဆိုင်မှုကြောင့် စိတ်ချောက်ချားပြီး ညအိပ်မပျော်နိုင်တာမျိုးလည်း မရှိ။ နေဝင်သွားတာနဲ့ စည်းကမ်းရှိရှိ အိပ်တန်းဝင်သွားကြပြီး အပြင် ပြန်မထွက်တော့ဘူး။ ကာရာအိုကေလည်း သူမသိ၊ ဘီယာစတေရှင်လည်း သူ မသိ။ နိုက်(တ်)ကလပ်လည်း သူမသိ။ စည်းစိမ်ရှိရှိနဲ့ သူအိပ်နေမှာ သေချာတယ်။

အဲ့ဒီ ချစ်စရာငှက်ကလေးမှာ အတုယူစရာတွေ ရှိတယ်။ ငှက်ကလေးက မပျင်းဘူး။ နေပူမိုးရွာမရှောင် အဆင်ပြေအောင် နေနိုင်တယ်။ ပြီးတော့ စည်းကမ်းရှိတယ်။ စောစောအိပ်ရာထပြီး စောစောအိပ်တန်းဝင်တယ်။ ကဲ ... မင်းကော အဲ့ဒီငှက်ကလေးလို အတု မယူသင့်ဘူးလား။

ဆရာကောင်း

## ချစ်တပည့် ...

သူ့ဘာသာ ပျော်ရွှင်စွာပျံသန်းနေတဲ့ ငှက်ကလေးတွေကို သတ်ချင်ဖြတ်ချင်တဲ့သူတွေက ရှိသေးတယ်။ မသိတတ်ခင်မှာတော့ ဆရာလည်း ပါခဲ့ဖူးတာပေါ့။ ဆရာက တောမြို့လေး တစ်မြို့မှာမွေးတဲ့ တောသားဆိုတော့ ကျောင်းပိတ်ရက်မှာ လောက်လေးဂွတစ်ချောင်းနဲ့ ငှက်ပစ်ထွက်ခဲ့ဖူးတယ်လေ။ မင်းတို့ မြို့မှာတော့ လေသေနတ်နဲ့ ပစ်မှာပေါ့။

ဒါပေမယ့်ကွာ ... ဆရာက လက်မှမတည့်တာ၊ ငှက်တစ်ကောင်မှ ထိအောင် မပစ်နိုင်ခဲ့ပါဘူး။ သူများ အိမ်ခေါင်မိုး လောက်စာလုံးကျလို့ ထွက်ပြေးရတာမျိုးပဲ ရှိပါတယ်။ အင်း ... အခုမှဆရာဝန်ခံတာ၊ ကိုယ်ပစ်လိုက်တဲ့ လောက်စာလုံးဟာ အိမ်ခေါင်မိုးပေါ်မကျဘဲ သူများခေါင်းပေါ်ကျရင် ဒုက္ခ။ နောက်တော့ သူများပစ်လိုက်လို့ ကျလာတဲ့ငှက်ကလေး တစ်ကောင်ကိုမြင်ပြီး သံဝေဂရသွားတယ်။ မသေမရှင်နဲ့ ဖုတ်လိုက်ဖုတ်လိုက် ဖြစ်နေတဲ့ ငှက်ကလေးကြောင့် လေးဂွကို ဆရာမကိုင်ဖြစ်တော့ဘူး။ ငှက်ပစ်တဲ့အလုပ်ကိုလည်း မလုပ်တော့ဘူး။

မင်းလည်း လေးဂွတစ်ချောင်းကိုင်ပြီး အပြစ်ကင်းတဲ့ ငှက်ကလေးတွေကို လိုက်မသတ်ပါနဲ့ကွာ၊ အဖေ့ကို လေသေနတ်ဝယ်ပေးဖို့ ပူဆာပြီး ဝရုံတာကနေ ငှက်ပစ်ဖို့ ချောင်းတာမျိုးလည်း မလုပ်ပါနဲ့။ ငှက်ကလေးတွေ သူ့ဘာသာ ပျော်ပါစေ။ သူတို့ကို အစာကျွေးပြီး ကုသိုလ်ယူတတ်ပါစေလို့ ဆရာ ဆန္ဒပြုလိုက်ပါတယ်။

ဆရာကောင်း

ချစ်တပည့် ...

လမ်းမှာ ခွေးနှစ်ကောင်ကိုက်တာတွေ့ရင် မင်းဘာလုပ်မလဲ၊ ကွေ့ရှောင်သွားမှာလား၊ ရပ်ကြည့်နေမှာလား၊ ခဲလုံးရှာပြီး ပေါက်ထည့်လိုက်မှာလား၊ မင်း ဘာလုပ်မှာလဲ၊ ငါ သိချင်တယ်။

ကွေ့ရှောင်သွားမယ်ဆိုရင်တော့ မင်းသွားချင်တဲ့ ခရီးမှာ အချိန်မကုန်ဘူးပေါ့။ ရပ်ကြည့်နေမယ်ဆိုရင်တော့ ဒီခွေးနှစ်ကောင်ရဲ့ ရန်ပွဲဟာ ဘယ်လိုအဆုံးသတ် သွားမလဲဆိုတာ မင်းမြင်ရလိမ့်မယ်။ ခဲလုံးရှာပြီး ပေါက်ထည့်လိုက်ရင်တော့ တစ်ကောင်ကောင်တော့ ထိမှာပဲ။ မင်းပစ်လိုက်လို့ ထိမှန်သွားတဲ့ အကောင်ဟာ ရန်စပြီး အကိုက်ခံရတဲ့ အကောင်ဆိုရင် ရန်စကျူးကျော်သူဘက်ကို အကူအညီပေးလိုက်သလို ဖြစ်သွားလိမ့်မယ်။

ကဲ ... မင်း ဘာလုပ်သင့်သလဲ။ တကယ်လို့ ခွေးနှစ်ကောင် မဟုတ်ဘဲ မင်းအဖေနဲ့အမေ ရန်ဖြစ်နေတာတွေ့ရင်၊ ဒါမှမဟုတ် မင်းသူငယ်ချင်းနှစ်ယောက် ရန်ဖြစ်နေတာတွေ့ရင်၊ မင်း ဘာလုပ် မှာလဲ။

ဒီတစ်ခါတော့ ဆရာက ဘာမှတ်ချက်မှ ဝင်မပေးတော့ဘူးနော်။ မင်း ဘာသာမင်း စဉ်းစားဆုံးဖြတ်။ မင်း ဆုံးဖြတ်ချက် မှားသွားရင်တော့ တစ်ဖက်သတ် ဘက်လိုက်တာမျိုး ဖြစ်သွားလိမ့်မယ်။ တစ်ဖက်သတ်ဆိုတာနဲ့ တစ်ဖက်ကိုသတ်လိုက်သလိုမျိုး ဖြစ်သွားတတ်တယ်။ မင်းဘယ်လို ဆုံးဖြတ်မယ်၊ ဘာလုပ်မယ်ဆိုတာ ဆရာ သိချင်လိုက်တာ။ ဒါပေမယ့် အကောင်းဆုံးကို ရွေးချယ်ပြီး မင်းလုပ်နိုင်မှာပါ။ ဆရာက မင်းရဲ့ အရည်အချင်းကို ယုံတယ်လေ။

ဆရာကောင်း

ချစ်တပည့် ...

The greatest test of courage on earth is to bear defeat without losing heart.

*(R.G Ingersoll)*

ကမ္ဘာပေါ်မှာ သတ္တိရှိမရှိ အကြီးမားဆုံး စစ်ဆေးချက်ကတော့ ရှုံးနိမ့်မှုကို စိတ်ဓာတ်မကျဘဲ တောင့်ခံနိုင်ခြင်းပဲ ဖြစ်တယ်တဲ့၊ ပညာရှင် အာရ်ဂျီအင်ဂါဆိုက ပြောခဲ့တာ၊

သတ္တိဆိုတာ သူများကို အလစ်ချောင်းရိုက်တာမျိုးကို ပြောတာမျိုး မဟုတ်ဘူး။ ဘယ်လောက်ပဲ ဒုက္ခရောက်ရောက် ခံနိုင်ရွမ်းရည်ရှိတာမျိုးကို ပြောတာ။

မင်း မိဘဆင်းရဲလို့ သူများတန်းတူ အဝတ်အစား ဝယ်မပေးနိုင်ဘူး။ ရှိတာလေးကို ဖြူစင်အောင် ဝတ်ပြီး လူကြားထဲ သွားရဲတာ သတ္တိ။ ခြင်ဆေးခွေ မဝယ်နိုင်လို့ ခြင်ကိုက်တာကို မမှုဘဲ စာမေးပွဲအောင်ဖို့ ကြိုးစားတာ သတ္တိ။ ကိုယ်ကြိုက်တဲ့ ကောင်မလေးက ကိုယ့် မကြိုက်ဘဲ ကိုယ့်ထက်သာတဲ့လူ ကြိုက်သွားလို့ စိတ်ခံစားမှုကို မြိုသိပ်ပြီး ကိုယ်ဘဝ ပိုပိုမြင့်မားအောင် ကြိုးစားနိုင်တာ သတ္တိ။ အပေအမေ ညီအစ်ကိုမောင်နှမ သူငယ်ချင်းတွေက အထင်လွဲ စွပ်စွဲအနိုင်ကျင့် ပြောဆိုရိုက်နှက်ထိုးကြိတ်တာမျိုးကို ခံနိုင်ပြီး ကိုယ့်ရည်မှန်းချက်ကို ရောက်အောင်သွားနိုင်တာ သတ္တိ။ အပေအမေ တိမ်းပါး၊ ပစ္စည်းဥစ္စာ ဆုံးရှုံးသွားတဲ့အခါ ငိုကြွေးပူဆွေးပြီး လူ့လောက က ထွက်ပြေးချင်တာမျိုးမလုပ်ဘဲ ကြံ့ကြံ့ခံပြီး အဲ့ဒီ ပူဆွေးသောက ဒုက္ခတွေက လွတ်မြောက်အောင် ကြိုးစားနိုင်တာ သတ္တိ။ အဲ့ဒီလို သတ္တိမျိုး မင်းဆီမှာရှိတယ်။ ဆရာ သိတယ်။ သတ္တိရှိစမ်းပါကွာ လို့ ဆရာထပ်ပြောစရာ မလိုဘူးထင်တယ်။ ဟုတ်တယ် ... ဟုတ်။

ဆရာကောင်း

ချစ်တပည့် ...

မင်းတို့အရွယ်မှာ ဆရာကြိုက်လွန်းလို့ အလွတ်ကျက်မှတ်ခဲ့တဲ့ ဆရာမောင်စွမ်းရည်ရဲ့ ကဗျာတစ်ပုဒ်ကို ပြန်ရွတ်ပြချင်တယ်။ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့သော်လည်း အခုထိ မမှားမယွင်းနဲ့ ဆရာရွတ်ပြနိုင်သေးတယ်။ နားထောင်ကြည့်။

တစ်နေကုန် ယုန်ရှာ
ခြေရာမျှ မတွေ့!
ယုန်မမိတာကြောင့်
ကြုံမိကြုံရာ ဗူးပြုတ်ချက်
ဆူးပုတ်ရွက်တစ်ပွေ့!

အဲ့ဒီမျိုးမှ ကဗျာကွ။ တကြောင်းလေး ၅-ကြောင်းလောက် ဖတ်လိုက်တာနဲ့ အသည်းထိ စွဲငြိပြီး တွေးစရာတွေ အမျှင်တန်း သွားစေတာ အဲ့ဒီကဗျာ။ တကြောင်းလေးငါး ဆယ်လောက်ဖတ်ပြီး ဘာကို ပြောမှန်းမသိ။ ဘာကို နားလည်ရမှန်းမသိအောင် ရေးထား တာမျိုးကို ကဗျာလို့ ပြောရင် မင်းမယုံနဲ့။

ဒီကဗျာမှာ အားမာန်တွေပါတယ်။ ယုန်ရှာသွားတယ်။ ယုန် ခြေရာတောင် မတွေ့ဘူး။ ဒါပေမယ့် ဆူးပုတ်ရွက်တွေ ဗူးလာတယ်။ လက်ချည်းသက်သက် ပြန်မလာဘူး။

ဘဝမှာ ဒီလိုပဲ။ လုပ်ချင်တာက ဆရာဝန်၊ ဆရာဝန်ဖြစ်ဖို့ အခွင့် အရေးမရခဲ့ရင်လည်း စိတ်ပျက်မနေနဲ့။ စာရေးဆရာ ကဗျာဆရာ ဖြစ်ခွင့်ရှိသေးတာပဲ။ စာရေးတာ ဝါသနာမပါရင် လုပ်ချင်တာ လုပ် ခွင့်ရှိသေးတာပဲ။ လူလောကကို လာပြီး ဘာမှဟုတ္တိပတ္တိ မဖြစ်ဘဲ လက်ချည်းဗလာသက်သက် ပြန်မသွားဖို့ဘဲ။ ဒါကြောင့် အဲ့ဒီကဗျာ ကို ဆရာကြိုက်ပြီး အလွတ်ကျက်ထားတာ။ မင်းကော ဘယ်လိုလဲ။ ခံစားလို့ရရဲ့လား။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



**ချစ်တပည့် ...**

မင်းတို့အရွယ်က အချစ်အကြောင်းကို စိတ်ဝင်စားပြီး သိချင် ဂုဏ်မြင့်ချင်တဲ့အရွယ်မို့ အချစ်နဲ့ပတ်သက်ပြီး ကြိုတင်သိသင့် သိထိုက်တာလေး ဆရာကရေးပြတာ။ 'အချစ်ဆိုးသို့'၊ 'ချစ်သူဖတ်ဖို့'၊ 'ချစ်သူ့အကြောင်း' စာအုပ်လေးတွေ ရေးသားထုတ်ဝေလိုက်တော့ ငယ်သူငယ်ချင်းတစ်ယောက်က ဖုန်းဆက်လိုက်လာပြီး ရန်တွေ့ပါလေရောဗျာ။ မင်းလုပ်လို့ ငါ့သမီး ရည်းစားစာအုပ် အပေးခံရတာတဲ့။ ဘာစာအုပ်လဲဆိုတော့ ချစ်သူဖတ်ဖို့ စာအုပ်တဲ့။ ကောင်းကွာ။ ကောင်လေးတစ်ယောက်က သူ့သမီးကို အဲ့ဒီစာအုပ်လေး ဖတ်ကြည့်စမ်းပါ၊ သိပ်ကောင်းတာပဲဆိုပြီး ပေးသွားသတဲ့။

ပြီးတော့ ရင်ခုန်သံမှားနေလား ဓိဒ္ဓိယိုထဲမှာလည်း စိုးမြတ်နန္ဒာက၊ ဝေဠုကျော်ကို ဒီစာအုပ်ဖတ်ကြည့်ဆိုပြီး ချစ်သူဖတ်ဖို့ စာအုပ်ကို ပေးလိုက်တာ ကြည့်လိုက်ရပြန်ရော။ ခက်ပြီ။ ဆရာက ပေးချင်တာ တစ်မျိုး။ မင်းတို့က အသုံးချတာတစ်မျိုး ဖြစ်နေတယ်။

ချစ်သူဖတ်ဖို့ ထဲမှာ အချစ်ကြောင့် ကြည်နူးပျော်ရွှင်မှုလေးတွေ ပေးထားသလို ချစ်သူဆိုတာ ဘယ်လို၊ ယောကျ်ားဆိုတာ ဘယ်လို။ မိန်းမဆိုတာ ဘယ်လို။ အချစ်ကြောင့် သဝန်တိုရန်လို ဒေါသဖြစ်ရင် ဘာဖြစ်တတ်တယ်ဆိုတာတွေကို ရှေးရှေး ရာဇဝင်ကြောင်းတွေထဲက တပင်တပန်း ရှာဖွေတင်ပြပေးခဲ့တာ။ သင်ခန်းစာတွေ ရစေချင်လို့။

အခုတော့ မဟုတ်ပါဘူး။ မင်းတို့က စာအုပ်ပေးပြီး ခေါင်းစဉ်လေးနဲ့ ရည်းစားစကားပြောလိုက်တာကိုး။ ဉာဏ်ကြီးပါပေ့ကွာ။ ဒါပေမယ့် ဘာပဲဖြစ်ဖြစ် အချစ်ဆိုတာ ဘာလဲလို့ သိသွားရင် ဆရာ့ရည်ရွယ်ချက် ပေါက်မြောက်တာပဲပေါ့။

အချစ်ဆိုတာ ခွန်အား။ အပျက်စွမ်းအား မဟုတ်ဘူးဆိုတာ သိရင်ပဲ လုံလောက်ပါပြီ။ အချစ်ကြောင့် စိတ်လေပြီး မပျက်စီးစေနဲ့၊ အချစ်ရဲ့ တွန်းအားနဲ့ ရည်ရွယ်ချက်မြင့်မြင့်ထားပြီး မိုးပေါ်ရောက်အောင် တက်၊ ဒါပဲပေါ့။

ဆရာကောင်း

**ချစ်တပည့် ...**

**အချိန်ဆိုတာ** အဖိုးတန်ရတနာပဲ။ တချို့က အချိန်ဆိုတာ ငွေ လို့ ပြောကြတယ်။ အဲ့ဒါ အမှန်ပဲကွ။ အခု မင်းတို့ကို ရည်ညွှန်းတဲ့ **ချစ်တပည့်သို့** ဆိုတဲ့ စာအုပ်ကို သာကေတရှုခင်းသာ ဟော်တယ်မှာ တရားဝင်သလို ဂူအောင်းပြီး ရေးနေတာ။ ကြော်ငြာထားတာ ၆–လလောက် ရှိနေပြီ။ စာမျက်နှာ ၅၀–ကျော်ပဲ ပြီးသေးတယ်။ **တနေ့တစ်မျိုး၊** တယ်လီဖုန်းနဲ့တစ်သွယ် မေးကုန်ကြပြီ။ ဆရာမှာလည်း **ဆရာ့ဒုက္ခနဲ့ ဆရာ။** The Best English ကိုလည်း လစဉ်**ပုံမှန်ထွက်အောင်** လုပ်နေရသလို မြတ်ဓမ္မတို့ မြတ်ပညာတို့လို **စာအုပ်မျိုးတွေ** ထုတ်ဝေဖြန့်ချိရေးကိုလည်း လုပ်နေရတယ်။ ပြီးတော့ စာဖတ်သူတွေဆီက စာတွေကိုလည်း ပြန်ရေးနေရတယ်။ တယ်လီဖုန်းနဲ့လည်း ပြန်ပြောနေရတယ်။ ဒီတော့ မရေးနိုင်ဘူးပေါ့။

ရှုခင်းသာဟော်တယ်ကို ရွေးပြီး အခုစာလာရေးနေတာ။ တစ်နေ့ကို အစားအသောက်မပါ ၃၆၀ိ/– ပေးရတယ်။ တစ်နာရီကို ၁၅ိ/– ကျတယ်။ ၁၀–နာရီလောက် စာမရေးဘဲ အချိန်ဖြုန်းလိုက်ရင် ၁၅၀ိ/– ပလုံသွားမှာပဲ။ ခေါင်းရှုပ်စရာကိစ္စတွေလည်း ဘာမှ မကြားသိရတော့ စာဖြောင့်ဖြောင့် ရေးလို့ရတာပေါ့။

မင်းလည်း ဆရာလို ပြန်စဉ်းစားကြည့်။ ကျောင်းစားရိတ်၊ စားစရိတ်၊ ကျူရှင်ခနဲ့ ပျမ်းမျှ စာသင်နှစ်တစ်နှစ်ကို တစ်သိန်းခွဲလောက် အကုန်ခံထားရတာ။ တချို့ဆို ဘော်ဒါမှာနေတော့ တစ်နှစ်ငါးသိန်းလောက် ကုန်တာ။

စာသင်နှစ် တစ်နှစ်က ၁၀–လဆိုတော့ တစ်နှစ်တစ်သိန်းခွဲနဲ့ တွက်ရင်တောင် တစ်လ ၁၅၀၀ိ/–လောက်ကျတယ်၊ တစ်ရက်ဆိုရင် ၅၀ိ/–လောက်ကျတယ်၊ တစ်နာရီဆိုရင် မင်း ကျောင်းစရိတ်ဟာ ၂ိ/–လောက်ကျတယ်၊ တစ်ပတ်လောက် စိတ်လေပြီး စာမကျက်ဘဲ အချိန်ဖြုန်းလိုက်ရင် ငွေ ၃၅၀ိ/–လွှင့်ပစ်လိုက်တာနဲ့ အတူတူပဲ၊ ဒီတော့ Time is money ဆိုတာ မင်းသဘောပေါက်။ အချိန်ကို အလဟဿ ဖြုန်းဖို့ စိတ်မကူးနဲ့။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



ချစ်တပည့် ...

ဆေးရုံကို လူမမာသွားမေးဖူးလား။ သွားမေးတဲ့အခါ ဆေးရုံရောက်တော့ မင်း ဘာလုပ်သလဲ။ မင်း ဘာဝယ်ပေးသွားသလဲ။ နေကောင်းလား။ ဒီနေ့ ဘယ်လိုနေသေးလဲ မေးပြီး ပြန်လာရောလား။ ပြီးတော့ ဘာစကားမှ မပြောဘဲ ငုတ်ုတုတ်တိုင်ထိုင်ပြီး ပြန်လာခဲ့သလား။ ပြန်စဉ်းစားကြည့်စမ်း။

အဲဒီလို ဆေးရုံကို သွားတာ၊ မသွားရင် မကောင်းတတ်လို့ တာဝန်နဲ့ သွားတာလား။ ဒါမှမဟုတ် တကယ့်ကို နှစ်သိမ့်အားပေးချင်လို့ ကူညီချင်လို့ သွားတာလား။ မင်း အသေအချာစဉ်းစားသင့်တယ်။

မကောင်းတတ်လို့ ဆေးရုံကို လူမမာသတင်းသွားမေးခဲ့ဖူးတယ်ဆိုရင် အခု ဆရာပြောတဲ့ စိတ်ဓာတ်လေးတွေ ပေါင်းထည့်ပေးပြီးမှ သွားပါလား။ မင်း တတ်နိုင်တဲ့စာအုပ်၊ စားစရာ သင့်တော်တဲ့ တစ်ခုခု ယူသွားပြီး ပေးပါလား။ ကျောင်းသူ/သားဆိုရင် ကိုယ်တစ်ယောက်တည်း မတတ်နိုင်ရင် သူငယ်ချင်းတွေနဲ့ တိုင်ပင်ပြီး သူ့အတွက် တကူးပေးသွားပါလား။ အတန်းထဲမှာ ဆရာသင်တာတွေ ရှင်းပြပေးပါလား။ အသည်းအသန် လူနာဆိုရင်လည်း တိတ်ဆိတ်ငြိမ်သက်စွာနဲ့ သူ့ဘေးနားမှာ တရားစာရွတ်၊ ဆုမွန်ကောင်းတောင်းပေးပါလား။ မိဘအကြီးအကဲဆိုလည်း အနားမှာထိုင်ပြီး ခြေဆုပ်လက်နယ် ပြုပေးပါလား။ သူ့အတွက် သာယာနာပျော်ဖွယ်ရှိတဲ့ မေတ္တာသုတ်လို ဘုရားတရားတမျိုး ဖတ်ပြရွတ်ပြပေးပါလား။

သူငယ်ချင်းတွေ စုသွားပြီး ဆေးရုံမှာ နောက်လား ပြောင်လား၊ ဟေးလားဝါးလားလုပ်ဖို့တော့ မသွားပါနဲ့ကွယ်။ ဘေးကုတင်က လူနာတွေအတွက် အနှောင့်အယှက် ဖြစ်သွားလိမ့်မယ်။ ပြီးတော့ ကိုယ့်လူနာအတွက် မျက်စိရှုပ်၊ နားရှုပ်နဲ့ မသက်မသာခံစားရလိမ့်မယ်ဆိုတာလည်း ထည့်စဉ်းစားဦး။ မိခင်တစ်ဦးက သားသမီးပေါ်မှာ ထားတဲ့ စေတနာ မေတ္တာမျိုးနဲ့ ဆေးရုံကို သွားသင့်တယ်လို့ ဆရာထင်တယ်။ မင်းကော ... ဘယ်လိုသဘောရသလဲ။ ဆရာပြောတာ လက်ခံသလား။

ဆရာကောင်း

## ချစ်တပည့် ...

ရခဲတဲ့ လူ့ဘဝကို ရောက်လာပြီးမှ စိတ်ဆင်းရဲစွာ အသက်ရှင်နေရမယ်ဆိုရင် မင်းလူဖြစ်ရတာ မတန်တော့ဘူး။ ဒီတော့ မင်းဘဝကို ပျော်ရွှင်စွာ အသက်ရှင်နေထိုင်ရမယ်။

တကယ့် ပျော်ရွှင်မှုလိုချင်ရင် သူတစ်ပါးကို ပျော်ရွှင်အောင်ကူညီဆောင်ရွက်ပေးခြင်းပဲ ဖြစ်တယ်။ ဘယ်လို ကူညီရမှာလဲဗျာလို့ မေးချင်သေးလား။ ပြောပြဦးမယ်။

စိတ်ညစ်ပြီး သောကရောက်နေတဲ့ လူတစ်ယောက်နားမှာ ထိုင်ပြီး သူ ပြောသမျှ နားထောင်ပေး။ သူ့ကို နှစ်သိမ့်စကားတွေ ပြောပေး။ တကို စိတ်မဝင်စား နားမလည်တဲ့ သူငယ်ချင်းကို စိတ်ဝင်စားလာအောင် ရှင်းပြပေး။ အချစ်အတွက်နဲ့ စိတ်လေနေတဲ့ သူငယ်ချင်းမိုးတွေ့ရင် တအုပ်ကောင်းလေးတွေ ရှာပေးပြီး ဖတ်ခိုင်း။ တအုပ်ကောင်းလေးတွေထဲက သူ့အတွက် အသုံးဝင်မယ့် တကြောင်းတပိုဒ်လေးတွေ ကျက်မှတ်ပြီး ကူးရေးပေး။ ဒီ ဥပမာပြောတာနော်။ သူတစ်ပါးကို ကူညီစရာတွေ နေရာတိုင်း အချိန်တိုင်းမှာ အများကြီးရှိနေတယ်။ အထူးသဖြင့် ဘဝကံမကောင်းလို့ ဒုက္ခိတဖြစ်နေတဲ့သူတွေအပေါ် တနာစိတ်နဲ့ အကူအညီပေး။ ဒီဆို တကယ့်ပျော်ရွှင်မှုဆိုတာ မင်း ဘာသာ အလိုလို သိနားလည်လာမှာပါ။ ဆရာပြောတာနဲ့ မျက်စိမှိတ် မယုံလိုက်နဲ့နော်။ မင်းကိုယ်တိုင် စမ်းကြည့်။ ကိုယ်တွေ့မှ အရသာရှိတာကွ။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



ချစ်တပည့် ...

လောကကြီးမှာ ထူးဆန်းတာတွေ အများကြီးရှိတယ်။ မမြင်ဖူးလို့ မယုံဘူးလို့ အကြောက်အကန် မငြင်းနဲ့နော်။ မင်း ခံသွားရလိမ့်မယ်။ မမြင်ဖူးလို့ မယုံဘူးဆိုရင် မင်းအဘိုးရဲ့ အဘိုးရှိတာ ယုံသလားလို့ မေးရင် မင်း ဘယ်လိုဖြေမလဲ။

မင်း အဘိုးရဲ့ အဘိုးကို မင်း မတွေ့ဖူးတာ သေချာတယ်။ မင်း အဘိုးရဲ့ အဘိုးကို မတွေ့ဖူးလို့ မယုံဘူးပြောလိုက်ရင် မင်းဟာ မိမစစ် ဖမစစ် မွေးလာတဲ့သူ ဖြစ်သွားလိမ့်မယ်။

အခု ငါပြောပြမယ့်အကြောင်း မင်းယုံချင်မှ ယုံ၊ မယုံရင်လည်း ငွယ်စုံကျမ်းတွေ လိုက်ရှာကြည့်ပေတော့။ အမေဇုံမြစ်ထဲမှာရှိတဲ့ ငါးတစ်မျိုးဟာ အမြီးမှာ ဘက်ထရီသိုလှောင်မှု သုံးနေရာရှိသတဲ့။ သူ့ကို သွားထိလိုက်ရင် မြင်းကိုဖြစ်စေ၊ လူကိုဖြစ်စေ ဓာတ်လိုက်ပြီး သေစေနိုင်သတဲ့။ အဲ့ဒီငါးရဲ့ လျှပ်စစ်ထုတ်လုပ်မှုဟာ ဗို့အား ၆၀၀ တောင်ရှိသတဲ့။ တို့အိမ်တွေမှာတောင် ၂၂၀ ဗို့အားပဲ ရှိတာ။

ဟိုး လွန်ခဲ့တဲ့ ၁၀–နှစ်ကျော်လောက်က စန္ဒာမဂ္ဂဇင်းမှာ စိတ်တန်ခိုးပိုင်ရှင် ယူရီဂယ်လာဆိုတဲ့ ပုဂ္ဂိုလ်တစ်ဦးအကြောင်း ဖတ်မှတ်ခဲ့ဖူးတယ်။ သံမဏိ ဇွန်းခရင်းတွေကို မျက်စိနဲ့ရှုးစိုက်ကြည့်ပြီး စိတ်ညှို့ပြီး ကွေးညွတ်ပြသတဲ့။ ရုပ်မြင်သံကြားအပွဲ့တွေ ရှေ့မှာ တက္ကသိုလ်က စိတ်ပညာပါမောက္ခတွေ ရှေ့မှာ သူ့အစွမ်းကို ပြခဲ့တာ။ အခုခေတ် မျက်လှည့်ပညာရှင် ဒေးဗစ်ကော့ပါးဖီးလ်ဟာ လူတွေအများကြီးဝိုင်းကြည့်နေတဲ့ကြားထဲက မီးရထားတွဲကြီးကို မျက်စိရှေ့မှာ ဖျောက်ပြခဲ့တာ။ မယုံရင် ဗီဒီယိုခွေ ငှားကြည့်။ မင်း တွေ့လိမ့်မယ်။ လောကကြီးမှာ အဲ့ဒီလို ထူးဆန်းတာတွေ အများကြီးရှိတယ်။ ဒါပေမယ့် အဲ့ဒီထူးဆန်းတဲ့အရာတွေကို တအံ့တသြ ဖြစ်မနေနဲ့။ သူတို့က ထူးဆန်းတာတွေကိုပဲ လုပ်ပြနိုင်တာ။ မင်းကို တမေးပွဲအောင်ဖို့လည်း လုပ်မပေးနိုင်ဘူး။ ထိပေါက်အောင်လည်း လုပ်မပေးနိုင်ဘူး။ ဆရာပြောချင်တာကတော့ ဒါပဲ။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



ချစ်တပည့် ...

ရပ်ဝေးမှာ ရောက်နေတဲ့ သူငယ်ချင်းတစ်ယောက်က မင်းဆီကို ပို့စကတ်လှလှလေးမှာ ချစ်စရာကဗျာလေးတစ်ပုဒ် ရေးပို့လိုက်ရင် မင်းစိတ်ထဲမှာ ဘယ်လိုခံစားသွားရမလဲ။ သိပ်ပျော်သွားမှာပဲ မဟုတ်လား။ မင်းကော သူတစ်ပါးကို အဲ့ဒီလိုမျိုး ပို့ပေးဖူးလား။

မင်းက အတွန့် တက်ချင်တက်ဦးမယ်။ ဆရာကောင်းရော အဲ့ဒီလို ပို့ဖူးသလားလို့။

ဆရာက ပို့စကတ်ပို့ရုံတင်မကဘူး၊ စိတ်ဓာတ်ကျနေတဲ့ ခိုကိုးရာမဲ့ပြီး သေချင်နေတဲ့ သူမျိုးတွေရဲ့ စာရရင် ချက်ခြင်း အားပေးစာရေးပို့လိုက်တာပဲ။ တစ်ခါက မိန်းကလေးတစ်ယောက်က ဆရာဆီ ကျေးဇူးတင်စကား ပြန်ရေးခဲ့တာ မင်းကို ပြောပြရဦးမယ်။ ဆရာ့စာ ရလိုက်တော့ 'လမ်းဘေးမှာ မတ်တပ်ရပ်နေတဲ့ ကလေးငယ်လေးတစ်ဦးက အမေရိကန် သမ္မတကြီးတစ်ဦးကို လက်ဆွဲနှုတ်ဆက်ရသလိုမျိုး ခံစားဝမ်းသာရပါသတဲ့' ရေးတတ်လိုက်တာ။

ဒါ့ကြောင့် အဲ့ဒီလိုမျိုးအကြောင်းတွေရှိရင် စာရေးအားပေးခဲ့ပါတယ်။ တချောက် မရောက်ကတော့ သူ့ကံတရားပေါ်မှာပဲ မူတည်တယ်လေ။ သာမန်အကြောင်း မထူးတဲ့စာမျိုး၊ ဂိုးရိုးမိတ်ဆက် စာမျိုးကိုတော့ နှစ်ပတ်တစ်ခါလောက်မှ စုပုံရှင်းစနစ်နဲ့ စာပြန်လေ့ရှိပါတယ်။ အဲ့ဒီလို စာပြန်လိုက်ရင် သူတို့ သိပ်ဝမ်းသာသွားမှာပဲဆိုတာ ဆရာက ကြိုတင်ခံစား နားလည်နေလို့ပေါ့။ တစ်ခါတလေကျတော့ စာပြန်ချင်ပေမယ့် သူ့စာထဲမှာ လိပ်စာထည့်မရေးထားဘူး။ သူက စာအိတ်ပေါ်မှာပဲ လိပ်စာရေးထားတာလေ။ ဆရာစာပြန်မယ့် အချိန်ကျတော့ စာအိတ်တွေက အမှိုက်ခြင်းထဲရောက်နေလို့ ပြန်မရှာနိုင်တော့ဘူးပေါ့။ သူမေးထားတဲ့ မေးခွန်းလေးတွေ ပြန်ဖြေပေးချင်ပေမယ့် မဖြေပေးလိုက်ရလို့ စိတ်တောင် မကောင်းဘူး။ မင်းလည်း ဆရာ့လို နေရာမျိုးရောက်ရင် ဆရာ့လို စိတ်မျိုးထားနော်။ အခုတော့ ရပ်ဝေးက မင်းသူငယ်ချင်းဆီ ပို့စကတ်လေးတွေ ဝယ်ပို့လိုက်ပါဦး။ သူတို့ ဝမ်းသာသွားအောင်လို့ပါ။

ဆရာကောင်း

## ချစ်တပည့် ...

လူတွေမှာ ပင်ပန်းနွမ်းနယ်နေရခြင်း ဆင်းရဲ၊ အိုရခြင်း ဆင်းရဲ၊ နာရခြင်း ဆင်းရဲ၊ ချစ်ခင်နှစ်သက်သူနဲ့ ကွေကွင်းရခြင်း ဆင်းရဲ၊ မချစ်ခင် မနှစ်သက်သူနဲ့ ပေါင်းသင်းနေထိုင်ရခြင်း ဆင်းရဲ၊ လိုတာ မရတဲ့ ဆင်းရဲ စတဲ့ ဆင်းရဲမျိုးစုံနဲ့ တွေကြုံခံစားနေကြရတယ်။ အဲ့ဒီ ဆင်းရဲတွေလောက်တင် အတော်ခံနေရလောက်ပြီ။ ဒါတွေကို မကြောက်သေးဘဲ သူများလို မဝတ်နိုင် မစားနိုင်လို့ စိတ်ဆင်းရဲသေးတယ်။ သူများလို မာစီဒီး၊ ပရာဒို၊ အော်ဒီ စတဲ့ ကားကောင်းတွေ မစီးရလို့ စိတ်ဆင်းရဲရတယ်။ သူများလို တိုက်အိမ် ကျယ်ကျယ်ကြီးနဲ့ မနေရလို့ စိတ်ဆင်းရဲနေရတယ်။ ဆယ်လူလာဖုန်း မရှိလို့ အလုပ် မဖြစ်ဘူးဆိုပြီး စိတ်ဆင်းရဲရတယ်။ အဲ့ဒီလို ကြံဖန်စိတ်ဆင်းရဲနေတတ်တဲ့ လူကြီးတွေရဲ့ အရှိန်နဲ့ ကျူရှင်ကောင်းကောင်း မတက်ရလို့ စိတ်ဆင်းရဲရတယ်။ ဘတ်စ်ကားကြပ်ကြပ်ကြီးထဲ တိုးစီးရလို့ စိတ်ဆင်းရဲတယ်။ အိမ်မှာ အသားမပါတဲ့ ဟင်းတွေပဲ စားရလို့ စိတ်ဆင်းရဲရတယ်။ သူငယ်ချင်းတွေလို အစားအသောက်ဆိုင် မထိုင်နိုင်လို့ စိတ်ဆင်းရဲရတယ်။

စိတ်ဆင်းရဲစရာတွေ ရှာကြံတွေးနေရင် စိတ်ဆင်းရဲလို့ကို ကုန်မှာ မဟုတ်တော့ဘူး။ ကိုယ့်ဘဝနဲ့ကိုယ် ကိုယ့်အတိတ်ကံနဲ့ ကိုယ်ပဲ။ ဘာ စိတ်ဆင်းရဲစရာရှိလဲ။

စိတ်ဆင်းရဲစရာတွေ မတွေးဘဲ ကံကောင်းတာကို တွေးကြည့်စမ်း။ မင်း သိပ်ကံကောင်းတယ်။ တိရစ္ဆာန်မဖြစ်ဘဲ လူလာဖြစ်တာ ကံကောင်းတာပေါ့။ လူဖြစ်တော့လည်း ဒုက္ခိတဖြစ်ပြီး တောင်းမစားရတာ ကံကောင်းတာပေါ့။ ကဲ ... မဟုတ်ဘူးလား။ စဉ်းစားကြည့်။ ဆရာတပည့် ... ဖိုးကံကောင်းကြီးရေ ... ။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



**ချစ်တဲ့ပညာ ...**

ဆရာ ဝက်ဘ်ပူကို အလုပ်သွားလုပ်ခဲ့ဖူးတယ်။ အလုပ်သွား လို့ ရထားစီးတဲ့အချိန်၊ ဘတ်စ်ကားစီးတဲ့အချိန်မှာ ကျောင်းသား/ သူတွေနဲ့ အမြဲလိုလို တွေ့တယ်။ ရထားပေါ်၊ ဘတ်စ်ကားပေါ်မှာ ဆော့လားကစားလားနဲ့ ဆူညံမနေဘူး။ တအုပ်တစ်ယောက်တစ်အုပ် ကိုယ်စီဖတ်လို့၊ တချို့က နားကြပ်လေးတွေတပ်ပြီး ကက်ဆက်လေး တွေ နားထောင်နေကြလေရဲ့။ အပေါင်းအသင်းပါလို့ စကားပြော ကြရင်လည်း တိုးတိုးတိတ်တိတ် ညင်ညင်သာသာ ပြောတာတွေ့ရ တယ်။ သူတစ်ပါးကို အနှောင့်အယှက်ဖြစ်မှာ စိုးလို့ ထင်ပါရဲ့။

ဆရာ တည်းခိုနေတဲ့ အိမ်မှာလည်း ကျောင်းတက်နေတဲ့ မောင် နှမလေးယောက်ရှိတယ်။ တစ်ယောက်နဲ့တစ်ယောက် စကား ပြော အားဘူး။ နက်ဖြန်တင်ရမယ့် အဆိုင်းမင့်(ကျောင်းလုပ်ငန်း)အတွက် တစ်ယောက်တစ်မျိုးစီ အလုပ်ရှုပ်နေကြတယ်။ စိတ်လွတ် လက်လွတ် တီဗီကြည့်ပြီး အိပ်ပစ်လိုက်တာမျိုး တစ်ခါမှ မ[illegible] ဘူး။ ဘာဖြစ်လို့လည်းလို့ မေးကြည့်တော့ သူတို့ကျောင်းက , အမြဲတမ်း အဆိုင်းမင့် (assignment) ပရောဂျက် (project) တွေပေးနေသတဲ့။ အငယ်ဆုံး လေးတန်းကျောင်းသားကလည်း သူ့ပရောဂျက်နဲ့ သူ အလုပ်ကို ရှုပ်လို့။ ကျောင်းစာကို နေ့ရောညပါ အချိန်ပြည့် လုပ်နေကြရတယ်။

ကျောင်းမှာ ဘာသာရပ်တွေကို အင်္ဂလိပ်ဘာသာ၊ တရုတ်ဘာ သာနဲ့ သင်တာဆိုတော့ သူတို့အဖို့ အရမ်းကြိုးစားရတာပေါ့။ အဲ့ဒီ လို ကြိုးစားလို့ သူတို့တွေဟာ ကျောင်းမှာ မျက်နှာမငယ်ကြရဘူး။ မင်းတို့ မြန်မာတွေက ဉာဏ်ကောင်းတယ်၊ တော်တယ်လို့ ချီးမွမ်း ခံရသတဲ့။

မင်းတို့လည်း အဲ့ဒီလိုမျိုး နေ့ရောညပါ ကြိုးစားစေချင် တယ်။ ကြိုးစားနိုင်လေလေ တောက်ပြောင်လေလေပဲပေါ့။ မင်း လည်း ဘယ်လောက်ကြိုးစားနေတယ်ဆိုတာ ဆရာသိပါတယ်။ ပိုကြိုးစားစေချင်လို့ပါ။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



**ချစ်တပည့် ...**

**ဒီတစ်ခါ မင်းကို ပုံပြင်လေးတွေ နားထောင်တဲ့နည်း သင်ပေးရဦးမယ်။**

မင်းတို့ကျောင်းထဲမှာ ဗိတောက်ပင်တစ်ပင် ရှိတယ်ဆိုပါစို့။ အဲဒီ ဗိတောက်ပင်က ဗိတောက်ရွက်လေးတစ်ရွက်ကို ခူးပြီး နားနားကပ်နားထောင်ကြည့်။ သူ့ဘဝရဲ့ ပုံပြင်လေးတွေ ပြောပြလိမ့်မယ်။ သူ့ကို သစ်ပင်ပွဲတော်နေ့ တစ်နေ့မှာ လူစုလူဝေးနဲ့ စိုက်ကြတဲ့အကြောင်း။ သူ မကြီးခင်မှာ ဆိတ်တွေ နွားပေါက်စလေးတွေ ဝင်လာလို့ သူ့အရွက်တွေ အစားခံရတဲ့အကြောင်း၊ ကံကောင်းလို့ သေမလိုဖြစ်ပြီးကာမှ ဆရာတစ်ယောက်က မြင်လို့ တိရစ္ဆာန်တွေ မောင်းထုတ်လိုက်တဲ့အတွက် သူ သက်သာရာရကြောင်း။ နောက်တော့ သူ့ကို ခြံခတ်ပြီး ကောင်းကောင်း ပြုစုထားကြောင်း။ နွေရာသီကျောင်းပိတ်ရက်တစ်ခုမှာ ရေလာလောင်းမယ့်သူမရှိလို့ မွန်းကြပ်ပြီး သေမလိုဖြစ်ခဲ့ရကြောင်း။ အခုလို ရှင်သန်ကြီးထွားလာတော့ သူ့ အရိပ်မှာ လာနားကြကြောင်း။ ကျောင်းတွင်း စိမ်းလန်းစိုပြည်ရေး အဖွဲ့က ထိုင်ခုံလေးတွေ လုပ်ပေးထားပြီး ဆေးအဖြူရောင်လေး သုတ်ပေးထားတဲ့အတွက် ကျောင်းမတက်ခင်အချိန်၊ မုန့်စားဆင်းချိန်မှာ သူ့အရိပ်အောက်ကို အလုအယက် လာထိုင်ကြကြောင်း၊ ကျောင်းသားအချို့ဆို တော်တော်ဆိုးကြောင်း။ ကောင်မလေးတွေ လက်ဆောင် ပေးဖို့ ဗိတောက်ရွက်ကလေးတွေ တက်တက်ခူးကြောင်း။ အပွင့် ပွင့်တဲ့အခါမှာ ကျောင်းစောင့်ကြီးက ဦးဦးဖျားဖျား တက်ခူးပြီး ဆရာမကြီးကို လက်ဆောင်ပေးကြောင်း။ ဆရာမအပျိုကြီးတွေဆို သူ့အပွင့်တွေ မြင်တာနဲ့ အသည်းနင့်ခဲ့ရတဲ့ သူတို့အဖြစ်တွေ ပြန်တွေးပြီး မျက်ရည်ဝေရတဲ့အကြောင်း။ မင်းကို ကောင်းကောင်းပြောပြပါလိမ့်မယ်။ ပြောဖို့ တစ်ခုကျန်သွားတာက သူ့အရိပ်မှာ ခိုဖူးတဲ့ကောင်လေးကောင်မလေးတွေဟာ တစ်ချိန်မှာ လူတော်လူကောင်းတွေဖြစ်ပြီး ကြီးပွားအောင်မြင်သွားကြတဲ့အကြောင်းပဲ။ မင်းကော ပုံပြင်ထဲမှာပါတဲ့ ကောင်လေး ကောင်မလေးမျိုး ဖြစ်မှာလား။ ပျင်းတဲ့အခါ ပုံပြင်လေးတွေ နားထောင်ကြည့် သင်ခန်းစာတွေ ရှိတယ်။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



ချစ်တပည့် ...

မင်းတို့အရွယ်ငယ်ငယ်တုန်းက ကတ်သီးကတ်သပ်တွေ ဆရာ အတော်တွေးခဲ့ဖူးတယ်။ အုန်းသီးထဲကို ဘယ်သူရေလာထည့်သလဲ၊ ပိုးစုန်းကြူးတွေရဲ့ ကိုယ်ထဲကို အလင်းဓာတ် ဘယ်သူလာပေးထားသလဲ၊ ကျီးသြမေတြိ ဒိဗိုင်းတွေကို ပုံဖော်နိုင်အောင် ပင့်ကူလေးတွေကို ဘယ်သူ သင်ပေးထားသလဲ။

သကြံန်ကျခါနီး မိုးလေးတစ်ပြိုက်ရွာလိုက်တာနဲ့ ပိတောက်တွေ ဖူးပွင့်အောင် ဘယ်သူက ရက်ချိန်းတိတိကျကျ ပေးထားသလဲ၊ လှပတဲ့ နှင်းဆီပန်းမှာ ဆူးလေးတွေ ထည့်ပေးထားပြီး မွှေးရနံ့သင်းတဲ့ စပယ်ပန်းမှာတော့ ဘာလို့ ဆူးမပါရသလဲ။ လူ့ရဲ့ စိတ်က လမ်းမှာမြေမြင်တာနဲ့ ဘာလို့ကြောက်သွားရတာလဲ။ ကျောင်းအုပ်ဆရာ မကြီးလာတယ် ဆိုတာနဲ့ ဘာလို့ လန့်သွားရတာလဲ။

တွေးမိတာတွေတော့ အများကြီးပါပဲကွာ။ ပင်လယ်ထဲကို ဘယ်သူက ဒီလောက်များတဲ့ ဆားတွေ ခပ်ထည့်ထားရသလဲအထိ တောင်ပါသေးတယ်။ အဲ့ဒီလို တွေးလိုက်တဲ့အခါမှာ သဘာဝရဲ့ ထူးဆန်းအံ့ဩစရာတွေကို အများကြီးတွေ့ရှိလာပြီး အဲ့ဒီသဘာဝ တရားကြီးကို စူးစမ်းကြည့်ချင်တဲ့စိတ်တွေ ပေါက်လာတော့တာပဲ။

ဟိုးရှေးတုန်းကလည်း ဆရာ့လို လူတွေပေါ်ခဲ့လို့ သဘာဝ တရားကို စူးစမ်းရင်းနဲ့ ငှက်တွေလို အတောင်ပံနဲ့ ပျံကြည့်ဖို့ ကြိုးစားခဲ့ကြတယ်။ အဲ့ဒီလို ကြိုးစားရင်းနဲ့ လေယာဉ်ပျံဆိုတာကြီးကို တီထွင်နိုင်ခဲ့ကြတယ်။ အခုတော့ အသံထက်မြန်တဲ့ ဂျက်လေယာဉ်ပျံတွေတောင် ထုတ်လုပ်နိုင်ခဲ့ပေါ့။ မင်းလည်း အဲ့ဒီ သဘာဝတရားတွေကို စူးစမ်းလေ့လာပြီး တီထွင်ပါရဂူ မဖြစ်ဘူးလို့ ဘယ်သူပြောနိုင်သလဲ။ ဆရာ့လို စူးစမ်းချင်တဲ့စိတ် ရှိခဲ့ရင်ပေါ့လေ။

ဆရာကောင်း

## ချစ်တပည့် ...

ငယ်ငယ်တုန်းက ဆရာ့ရဲ့ ဘော်တိုတာအုပ်လေးထဲမှာ ကောင်မလေးတစ်ယောက် ရေးပေးခဲ့ဖူးတဲ့ စာလေးတစ်ကြောင်းကို အခုထက်ထိ အမှတ်ရနေမိသေးတယ်။

Look before you leap.

Think before you speak တဲ့.

မရုန်ခင် အရင်ကြည့်၊ မပြောခင် အရင်စဉ်းစား။

ဒီစကားလေးဟာ အဲ့ဒီတုန်းက သိပ်အလေးအနက် မထားခဲ့ဘူး။ ကောင်မလေးရဲ့ လက်ရေးဝိုင်းဝိုင်းလေးကို သဘောကျပြီး အကြိမ်ကြိမ် ဖတ်နေတာ ဘာအဓိပ္ပာယ်မှန်း သိပ် သိတာမဟုတ်ဘူး။

အခု ပြန်တွေးကြည့်တော့ တကယ် အရေးကြီးတဲ့ စကားတွေပဲ။ မခုန်ခင် အရင်မကြည့်ဘဲ ရမ်းခုန်လိုက်လို့ ချောက်ထဲကျသွားမှ ဒုက္ခ။ မပြောခင် အရင်စဉ်းစားဆိုတာ သတိမထားဘဲ စိတ်ထဲရှိတာ ပြောချလိုက်ရင် နှစ်ပေါင်းများစွာ ခင်မင်လာတဲ့ သူငယ်ချင်းတောင် မိတ်ဆွေက ရန်သူဖြစ်သွားနိုင်တယ်။

မင်းရဲ့ ဘော်တိုတာအုပ်လေးထဲမှာ ကောင်မလေးတစ်ယောက်ယောက်ကများ ရေးပေးထားခဲ့ဖူးရင် စေ့စေ့ အဓိပ္ပာယ်ပေါက်နော်။ နောက်ကျမှ နောင်တတွေ ရနေလိမ့်ဦးမယ်။ ဒီတော့မှ ဆရာကောင်းက ဘာလို့ စေ့စေ့ကြီးမပြောရကောင်းလဲလို့ အပြစ်မတင်လိုက်နဲ့၊ sorry ပဲ။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



**ချစ်တပည့် ...**

**မင်းဆီကို စာရေးပြီး** ပြောင်းညာလာတာနဲ့ ငါတည်းနေတဲ့ ဘန်ကလိုလေးရှေ့က အုတ်တံတိုင်းပေါ် သွားထိုင်ခဲ့မိတယ်။ အဲဒီ အုတ်တံတိုင်းပေါ်ကနေ ငေးကြည့်လိုက်ရင် သန်လျင် ရေနံချက် စက်ရုံကို တွေ့နေရတယ်။ အပေမယ့် ငါက ရန်ကုန်မြစ်ရဲ့ ရေတက် နေပုံကို စိတ်ဝင်တစား ထိုင်ကြည့်နေမိတယ်။

ဒီရေဟာ အညစ်အကြေး အမှိုက်သရိုက်တွေ သယ်ဆောင် လာတာ ငါတွေ့ရတယ်။ အုန်းခွံအုန်းလက်တွေလည်း ပါတယ်။ တံမျက်စည်းစုတ်တွေလည်း ပါတယ်။ ဒံပေါက်ထည့်တဲ့ ဖော့ဘူးခွံ တွေလည်း ပါတယ်။ ရေသန့်ပုလင်းခွံတွေလည်း ပါတယ်။ သစ်ကိုင်း ခြောက်တွေလည်း ပါသေး။ လိမ္မော်ခွံလေးတွေတောင် တွေ့သေး တယ်။ အမှိုက်တွေ အများကြီးပဲ။ အဲဒါတွေကို ကမ်းစပ်တစ်နေရာ မှာ ထားခဲ့ပြီး ဒီရေက ပြန်ဆင်းသွားတယ်။

ဆရာစဉ်းစားကြည့်တယ်။ ဒီရေဟာ မြစ်ရဲ့ အညစ် **အကြေး တွေကို သယ်ဆောင်ပေးတဲ့ သန့်ရှင်းရေးဝန်ထမ်းပဲ၊ သဘာဝတရားက ခန့်ထားပေးလိုက်တာ နေမယ်။**

ဒီလိုပဲ လူ့လောကမှာလည်း သဘာဝတရားက **အညစ် အကြေးတွေ ဖယ်ရှားပေးဖို့ တာဝန်ပေးထားတာရှိမှာပဲ။**

မကောင်းတာ လုပ်တဲ့လူတွေကို မကောင်းတဲ့နေရာပို့၊ ကောင်းတာလုပ်တဲ့ လူတွေကို ကောင်းတဲ့နေရာပို့ဖို့ သူ့ဘာသာ စီမံချက်တွေရှိမှာပဲလို့ ဆရာတွေးလာတယ်။ ဘာဖြစ်လို့လည်း ဆိုတော့ လူတွေ ကာမကိစ္စ သောင်းကျန်းလာကြမှာစိုးလို့ ကုသလို့ မရတဲ့ AIDS ရောဂါဆိုးကြီးကို ဖန်တီးပေးလိုက်သလားလို့ တွေး ကြည့်မိတယ်။ ဒီတော့ မကောင်းတာလုပ်ရမှာကို တွေးကြောက် လာတယ်။ **မကောင်းတာလုပ်ရင် မကောင်းတာ ခံရမယ်ဆိုတဲ့ နိယာမကြီးဟာလည်း ရှိနေလေတော့ ဒီရေတက်တာကိုမြင်ပြီး တရားကျမိတယ်။ မင်းလည်း ဆရာ့လို တွေးကြောက်ပြီး မကောင်းတာ မလုပ်မိအောင် ရှောင်သင့်တယ်။**

**ဆရာကောင်း**

http://www.khtnetpc.webs.com For Knowledge & Educational Purposes



ချစ်တပည့် …

အေးချမ်းတဲ့ နေရာမှာ တစ်ယောက်တည်းနေရတဲ့ အရသာကို တစ်ယောက်တည်းနေကြည့်မှ သိတာကွ။ အများနဲ့ရောနှောပြီး ဆူညံဆူညံ ပူညံပူညံနေရတာ တစ်ခါတစ်ခါ ပျော်ဖို့ကောင်းပြီး တစ်ခါတစ်ရံ ငြီးငွေ့ဖို့ ကောင်းတယ်။

ကျောင်းဆိုတာ အများနဲ့စုပေါင်းနေတာဆိုတော့ အများနဲ့ ပျော်ပျော်ရွှင်ရွှင်နေတာ ပိုကောင်းတာပေါ့။ ဒါပေမယ့် ဘဝဆိုတာ မွေးကတည်းက တစ်ယောက်တည်းလာပြီး ပြန်တော့လည်း တစ်ယောက်တည်း ပြန်ရမှာဆိုတော့ တစ်ယောက်တည်းနေတတ်အောင် လေ့ကျင့်ထားဖို့လိုတယ်။

အဲ့ဒီလို တစ်ယောက်တည်း နေတတ်ဖို့ လေ့ကျင့်ထားတော့မှ မင်းကို ချစ်ခင်သူတွေက မလွဲသာ ခွဲခွာသွားတဲ့အခါ မင်းအနေနဲ့ ခံနိုင်ရည်ရှိမှာ။ တချို့ဆို ကိုယ့်အချစ်ဆုံးသူက နောက်လူနဲ့ လိုက်ပြေးလို့ ဘဝရဲ့ မျှော်လင့်ချက်တွေ စွန့်လွှတ်ပြီး ရေစုန်မျောပစ်လိုက်တာမျိုးတွေ့ဖူးတယ်။ ခံနိုင်ရည် မရှိတာပေါ့ကွာ။

တချို့ကျတော့ အမေအဖေတွေက ရုတ်တရက် ကွယ်လွန်သွားလို့ ယူကြုံးမရဖြစ်ပြီး ကြေကွဲဝမ်းနည်းစွာနဲ့ ပြေမဆည်နိုင် ဖြစ်ကြရတယ်။ အထူးသဖြင့် မိန်းကလေးတွေဆို ပိုဆိုးတယ်။ ညီအစ်ကိုမောင်နှမတွေ ရုတ်တရက် ဖြုန်းစားကြီး သေဆုံးသွားတဲ့အခါ မခံမရပ်နိုင်ဖြစ်ပြီး ငိုယိုသတိလစ် မေ့မြောသွားတတ်ကြတယ်။

**အဲ့ဒီတော့ တစ်ကိုယ်တည်း နေတတ်အောင် ချစ်ခင်သူတွေနဲ့ ကွဲကွာခွဲခွာသွားတဲ့အခါ ခံနိုင်ရည်ရှိအောင် လေ့ကျင့်ထားသင့်တယ်။ ဘယ်လို လေ့ကျင့်ရမလဲလို့ မင်းမေးတော့မယ်၊ သိနေတယ်လေ၊ ကျောင်းပိတ်ရက် တရားစခန်း တစ်ခုခုဝင်ပြီး တရားကျင့် ပြင်ဆင်ထား။ ဒီနည်း အကောင်းဆုံးပဲ။** မင်းက အကျိုးရှိတဲ့အလုပ်ဆို လုပ်မှာပါ။ ဆရာ့စေတနာ မင်းနားလည်ပါတယ်။

**ဆရာကောင်း**

http://www.khtnetpc.webs.com For Knowledge & Educational Purposes



## ချစ်တပည့် ...

ဒီနေ့ လပြည့်နေ့ ညကွ။ ကောင်းကင်ကို မော့ကြည့်လိုက်တော့ လပြည့်ဝန်းကြီးကို အဝိုင်းသား မြင်နေရတယ်။ ဒါကြောင့် ဒီနေ့ ရေတက်တာ။ လပြည့်နေ့ညတိုင်း ရေတက်တတ်တယ်ဆိုတာ ချောင်းနား၊ မြစ်နားနီးတဲ့သူတိုင်း သိတယ်။ အဲ့ဒါဘာကြောင့်လဲဆိုတော့ လရဲ့ ဆွဲငင်အားကြောင့်ပဲ။ လဆိုတာ တို့ဗေဒင်စကားနဲ့ဆို တနင်္လာဂြိုဟ်ကွ။ တနင်္လာဂြိုဟ်ရဲ့ ဆွဲအားကြောင့် ရေတွေလည်း တက်လာတယ်။ အခု မြေကြီးတွေပါ ကြွတက်လာတယ်ဆိုတာ သိပ္ပံပညာရှင်တွေက တွေ့ရှိထားပြီ။ ပြီးတော့ လပြည့်ညဆိုရင် စိတ္တဇ ရောဂါရှိတဲ့သူတွေဆို ပိုဖောက်ပြန်တယ်။ တနင်္လာဂြိုဟ်ရဲ့ ဆွဲငင်အားက ဒီလောက်ထိကြီးတယ်။ အင်္ဂါဂြိုဟ်ရဲ့ ဆွဲငင်အားကောင်းတဲ့ အချိန်မှာ ရန်ဖြစ်ချင်တယ်။ စနေဂြိုဟ် အားကောင်းတဲ့အချိန်မှာ ပြဿနာ အရှုပ်အထွေးတွေ ဖြစ်တတ်တယ်။ ဒါတွေ ဆက်ပြောနေရင်တော့ ပြီးမှာ မဟုတ်ဘူး။ ဆိုလိုချင်တာက ဂြိုဟ်တွေရဲ့ ဆွဲငင်အားကြောင့် လူ့ရဲ့ စိတ်တွေဟာ အတက်အကျ အပြောင်းအလဲ ဖြစ်နေတတ်တယ်ဆိုတာ မင်းကို ပြောချင်တာပဲ။

အဲ့ဒီ သဘောကိုသိရင် လူတွေကို ခွင့်လွှတ်သွားတတ်လိမ့်မယ်၊ ပြီးတော့ ကိုယ့်ကိုယ်ကိုယ်လည်း သတိထားလာလိမ့်မယ်။ **အမေအဖေက ဆူပူပြဿနာလုပ်ပြီဆိုရင် မင်းအပေါ်မှာ စနေဂြိုဟ် စိုးမိုးနေပြီ၊ အဲ့ဒီအချိန်မှာ ဘာမှ ထမလုပ်နဲ့၊ ဒုက္ခချည်းပဲ၊ ငြိမ်ငြိမ်လေးနေပြီး စကားနည်းနည်း ဘုရားမြဲမြဲနေလိုက်၊ ဒါဆို စနေဂြိုဟ်ကျော်သွားလိမ့်မယ်။** သူငယ်ချင်းတွေနဲ့ စကားများ ရန်ဖြစ်တော့မယ်ဆိုရင် ရှောင်ပေတော့။ အင်္ဂါဂြိုဟ် စီးနေပြီ။ သွေးထွက်သံယိုဖြစ်တော့မယ်။ အေး ... သူတို့လည်း ဒီလိုပြုမူပြောဆိုလာကြပြီဆိုရင် ဂြိုဟ်ရဲ့ စိုးမိုးမှုကြောင့်လို့ သဘောပေါက်ပြီး ခွင့်လွှတ်လိုက်၊ မင်း စိတ်ပေါ့ပါးသွားလိမ့်မယ်။ မယုံမရှိနဲ့ ကိုယ့်လူရေ ကိုယ်တွေ့။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



ချစ်တပည့် ...

မည်းမှောင်ပြီး တစ်ယောက်တည်းရှိနေတဲ့ အချိန်မျိုးမှာ လူဟာ အကြောက်တရားတွေနဲ့ ချောက်ချားနေတတ်တယ်။ အင်မတန် သတ္တိကောင်းပါတယ်ဆိုတဲ့ ကောင်လည်း အိမ်အို ကြီးထဲမှာ မှောင်မှောင်မည်းမည်း တစ်ယောက်တည်းနေရဲမှာ မဟုတ်ဘူး။

အလောင်းအစားလုပ်မယ်ဆိုရင်တော့ မခံချင်စိတ်နဲ့ နေချင်နေ မှာပေါ့လေ။ ဒီကြားထဲ အဲ့ဒီအိမ်အိုကြီးက သူရဲခြောက်တယ်လို့ ပြောထားရင် ပိုဆိုးသွားပြီ။

အဲ့ဒီလို အခြေအနေမျိုး ဆရာကြုံခဲ့ဖူးပြီ။ တစ္ဆေခြောက်တယ် ဆိုတဲ့ အိမ်အိုကြီးထဲမှာ တစ်ယောက်တည်း (၃)နှစ်လောက် နေခဲ့ ရတယ်။ ချင်းပြည်နယ် လိုင်တွီးရွာမှာ အလယ်တန်းကျောင်းအုပ် လုပ်နေတုန်းကပေါ့။ အိမ်အိုကြီးရဲ့ တံခါးတွေက လေတိုက်လို့ တဝုန်းဝုန်း ဖြစ်နေတယ်။ အပေါ်က ထုတ်တန်းတွေမှာ ကြွက်တွေ က တဝုန်းဝုန်း ပြေးနေကြတယ်။ ခြေတံရှည်အိမ်တိုင်လေးကိုတော့ မြင်းတွေ နွားတွေက ကျောအယားပြေ လာပွတ်နေကြတယ်။ ညက မှောင်မိုက်လို့ အနီးအပါးမှာလည်း လူသူကင်းမဲ့လို့ တောင်ကုန်းပေါ် က အိမ်အိုကြီးထဲမှာ မင်းရဲ့ဆရာ ဒီတစ်ယောက်တည်းပေါ့။ အိမ်ပေါ် မှာလည်း တစ္ဆေဖြူကြီးတွေ့ထားတယ်လို့ ပြောကြသေးတယ်။ ဆရာရဲ့ စိတ်တွေ ဘယ်လောက် ချောက်ချားနေမလဲဆိုတာ မင်း တွေးကြည့်ပေတော့။ အဲ့ဒီ အခြေအနေမျိုးမှာ ဘုရားမှတစ်ပါး ကိုးကွယ်ရာ မရှိတော့ဘူး ငါ့လူရေ။

ဘုရားကို ယုံယုံကြည်ကြည် ရှိခိုးတယ်။ ဂါထာတွေ ရွတ်တယ်။ စည်းချတယ်။ အမျှဝေတယ်။ ပြီးတော့ စိတ်ငြိမ်အောင် အိပ်မက် အလွမ်းဝတ္ထုရှည်ကြီးကို ရေးတယ်။ အဲ့ဒီနည်းနဲ့ သူရဲခြောက်တယ် ဆိုတဲ့ အိမ်အိုကြီးထဲမှာ တစ္ဆေဖြူကြီးနဲ့အတူ (၃)နှစ်နေခဲ့တယ်။ ဘုရားမှန်း တရားမှန်း မသိနေခဲ့ပြီး အဲ့ဒီလို အခြေအနေမျိုးကြုံရင် မင်းတော့ ဒုက္ခပဲ။ အခုကတည်းက ဘုရားတရားကို သေသေချာချာ ယုံကြည်ကိုးကွယ်ထား။ တို့တွေမှာ ဘုရားမှတစ်ပါး အားထားစရာ မရှိဘူးဆိုတာ မင်း အသေအချာယုံ။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



**ချစ်တပည့် ...**

မင်းအရွယ်လေးမှာ သေခြင်းတရားအကြောင်းပြောလို့ မင်း ကြိုက်ပါ့မလား မသိဘူး။ ဒါပေမယ့် ပြောရမှာပဲ ကိုယ်လူရေ ... ဘာပြုလို့လည်းဆိုတော့ သေခြင်းတရားက ငယ်သေးလို့ဆိုပြီး ရှောင်လွှဲမသွားဘူး။ သေမင်းက ၂-နှစ်အရွယ်လေးတွေလည်း ခေါ် ချင်ခေါ်သွားတာ။ မင်းတို့ အရွယ်လေးတွေလည်း စိတ်မထင်ရင် ပါသွားတတ်တာပဲ။ သေမင်းက တံခါးလာခေါက်ရင် ကြောက်လန့် တကြားဖြစ်ရုံကလွဲလို့ ရှောင်ပုန်းလို့ ရတာမှ မဟုတ်တာ။ သူလည်း သွား၊ ကိုယ်လည်း သွား။ တပျော်တပါးကြီး သွားနေကြရတာ သေမင်းနိုင်ငံကိုပဲ မဟုတ်လား။ အခု မသေလည်း နောက်တော့ သေမှာပဲ။

အဲ့ဒီ သေခြင်းတရားနဲ့ပတ်သက်ပြီး ဆိုကရေးတီးဆိုတဲ့ ပညာရှိကြီးတစ်ဦးစကားကို သွားအမှတ်ရမိတယ်။ သူသေခါနီး မှာ သူ့တပည့် တွေက ငိုတော့ မင်းတို့ဘာလို့ ငိုနေကြတာလဲ။ ငါသေသွားတာ ကောင်းလား။ မင်းတို့ ရှင်ကျန်နေတာ ကောင်း လားဆိုတာ ဘုရားသခင်ကလွဲလို့ ဘယ်သူမှ သိနိုင်တာ မဟုတ် ဘူးတဲ့လေ။

အခု ဒီဘဝမှာ ဆင်းဆင်းရဲရဲနဲ့ သေသွားရပေမယ့် သူ့ရဲ့ ကုသိုလ်ကောင်းမှုအရှိန်ကြောင့် နောင်ဘဝမှာစိတ်သဘောကောင်း မွန်ပြီး ချမ်းချမ်းသာသာ မိသားစုထဲ ဝင်စားသွားခဲ့ရင် သူ့အတွက် ဟန်မကျပေဘူးလား။ ဒီတော့ မင်းနဲ့ပတ်သက်တဲ့ တစ်ယောက် ယောက် သေဆုံးသွားခဲ့ရင် သိပ် ဝမ်းနည်းမနေနဲ့။ သူက နတ်ပြည် ခြောက်ထပ်ရောက်ပြီး နတ်သမီးတစ်ဖက် ငါးရာနဲ့ စံစားနေရရင် တို့ကို သနားတယ်လို့ ပြောနေဦးမှာ။ ဒီတော့ သေမှာကို တွေးကြောက်မနေနဲ့။ ရှင်နေတုန်းမှာ လုပ်သင့်တာတွေ ပြီးအောင် လုပ်။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



ချစ်တပည့် ...

မင်းကို သေခြင်းတရားအကြောင်း ပြောပြီးမှတော့ ရှင်ခြင်းတရားအကြောင်း ပြောရဦးမယ်။

လူဆိုတာ သေတော့ သေကြတာချည်းပေါ့ကွာ။ ဒါပေမယ့် မသေတာ ကျန်သေးတယ်။ အဲဒါ ဘာလဲဆိုတော့ အများအကျိုး ဆောင်ရွက်ချက်တွေရယ်၊ ပြီးတော့ နာမည်နဲ့ ဂုဏ်သိက္ခာရယ် ကတော့ လူနဲ့အတူ လိုက်မသေဘဲ ကျန်ခဲ့တယ်။

ဥပမာကွာ။ စစ်သူကြီး မဟာဗန္ဓုလ။ ကွယ်လွန်သွားတာ ကြာပေါ့။ ဒါပေမယ့် သူ့နာမည် ကျန်နေခဲ့တယ်။ သူ့ရုပ်ထု သူ့ဇာတိမှာ ကျန်နေခဲ့တယ်။

မင်း ပြည်မြို့ကို ရောက်ဖူးလား။ ပြည်မြို့အလယ်ခေါင်မှာ ဗိုလ်ချုပ်အောင်ဆန်းရဲ့ မြင်းစီးနေတဲ့ ရုပ်ထုတွေ့လိမ့်မယ်။ သမိုင်းမှာ အဲဒီ ပုဂ္ဂိုလ်တွေက နာမည်သာမက သူတို့ရဲ့ ရုပ်ထုပါ မသေဘဲ ထာဝရ ကျန်နေရစ်ခဲ့တယ်။ နောင်းလူတွေက သူတို့ကို အစဉ်အမြဲ အောက်မေ့သတိရပြီး ဂါရဝပြုနေကြရတယ်။

အဲဒါ ဘာဖြစ်လို့လည်း သိလား။

သူတို့ဟာ အများအကျိုးအတွက် သူတို့ရဲ့ အသက်ကို ပဓာန မထားဘဲ ရဲရဲဝံ့ဝံ့ စွန့်စားလုပ်ကိုင်ခဲ့လို့ပေါ့။ ကိုယ်ကျိုးကို မငဲ့ဘဲ အများအကျိုးကို ဆောင်ရွက်ခဲ့တဲ့သူတွေကို နိုင်ငံတိုင်းမှာ အထွတ်အမြတ်ထားပြီး ဟန်ဖိုးထား လေးစားခဲ့ကြတယ်။

အဲဒါ ဘာကြောင့်လဲဆိုတာ မင်းသဘောပေါက်။ အဲဒီတော့ အဲဒီလို ပုဂ္ဂိုလ်မျိုး မင်း ဖြစ်ချင်ဘူးလား။ ရုပ်ခန္ဓာ သေသွားပေမယ့် ထာဝရရှင်ကျန်နေတဲ့ ပုဂ္ဂိုလ်မျိုး မင်းကို ဖြစ်စေချင်ပါတယ်။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



ချစ်တပည့် ...

တရားလွှအကြောင်းတွေ အပြောကောင်းလို့ မင်းနားငြောင်းနေရော့မယ်။ စိတ်ချမ်းသာ ပျော်ရွှင်စရာလေးတွေအကြောင်း မင်းကိုပြောပြရဦးမယ်။

ဆရာ့မိတ်ဆွေ အမျိုးသမီးတစ်ယောက် အကြောင်းပါ။ သူ့ယောက်ျားက အရက်မူးပြီး နှိပ်စက်တဲ့ဒဏ် မခံနိုင်လို့ ယောက်ျားကို ကွာပစ်လိုက်တယ်။ ပညာကလည်း သိပ်မတတ်တော့ ပွဲစားလုပ်စားရတယ်။ ဒါပေမယ့် အပြောအဆို ပါးနပ်တယ်။ အချိန်အခါ အခြေအနေကို သိတယ်။ ဘယ်သူ့ကို ဘယ်လိုပေါင်းရမယ်ဆိုတာ နားလည်တယ်။ သူ့အလုပ်ကို သူ စိတ်ဝင်စားတယ်။ မပျင်းဘူး။ အလုပ်နဲ့ ပတ်သက်လာရင် အချိန်မဆွဲဘူး။ ပြောတဲ့စကားကို အတတ်နိုင်ဆုံး တည်အောင်ကြိုးစားတယ်။ သူ့အရည်အချင်းလေးကို ဆရာက သိပြီး မကြာတော့တဲ့အချိန် တစ်ချိန်မှာ တိတိကျကျ ပြောရရင် တစ်နှစ်အတွင်းမှာ နာမည်ဆိုင်းဘုတ်နဲ့ ကိုယ်ပိုင်စီးပွားရေးလုပ်ရမယ်။ တိုက်နဲ့ကားနဲ့ နေရမယ်လို့ ဆရာက ဗေဒင်ဟောလိုက်တယ်။ အဲဒီအချိန်မှာ သူ့မှာ အကြွေးသုံးသိန်းလောက်ရှိနေတော့ ဟုတ်မှ လုပ်ပါဆရာရယ်လို့ မယုံတယုံဖြစ်နေရှာတယ်။

မကြာပါဘူး။ မြေဈေးတွေရုတ်တရက် ဈေးကောင်းတော့ ပွဲခတွေ မြက်မြက်ကလေးရလိုက်တယ်။ ရတဲ့ငွေနဲ့ မြေဝယ်ပြန်ရောင်းနဲ့ ကံကောင်းသွားပြီး တိုက်နဲ့ ကားနဲ့ ဖြစ်သွားရှာတယ်။

**အပြောအဆို လိမ္မာပါးနပ်ပြီး အချိန်အခါကိုသိနေတဲ့ ပျင်းရိခြင်းလည်း မရှိတဲ့ လူတစ်ယောက်တာ အခွင့်ကောင်း တစ်ချက်ရလိုက်တာနဲ့ ချက်ခြင်း ကြီးပွားသွားနိုင်တယ်။ အဲ့ဒါ ဆရာကိုယ်တွေ့၊ ဒါကြောင့် ဆင်းရဲလို့ အားမငယ်နဲ့နော်၊ အကြံကောင်း တစ်ချက်တဲ့။**

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



## ချစ်တပည့် ...

**မင်းက ဆင်းရဲတဲ့အထဲကို ခံရလို့ ချက်ခြင်းသူဌေးဖြစ်ချင်နေတယ်၊ အဲ့ဒီကြောင့် ချဲတွေ ထီတွေ တအားထိုးပြီး သူဌေးဖြစ်ကြဲနေတယ်ပေါ့၊ တစ်သက်လုံး မဖြစ်ဘူး။ မွဲပြာကျသွားဖို့ ပိုနီးစပ်တယ်၊ ကမ္ဘာပေါ်မှာ နာမည်ကြီး သန်းကြွယ်သူဌေး ၆၀ လောက်ရှိတယ်၊ တစ်ယောက်မှ ထီပေါက်ပြီး ချမ်းသာတဲ့ လူ မရှိခဲ့ဘူး။ ငယ်ငယ်က ဆင်းရဲပြီး ရည်မှန်းချက်ကြီးကြီးနဲ့ မနားမနေ ကြိုးစားလာခဲ့ကြလို့ သန်းကြွယ်သူဌေးဖြစ်လာကြတာ၊ အရည်အချင်းနဲ့ ဖြစ်လာကြတဲ့ သန်းကြွယ်သူဌေးတွေ၊**

ထီပေါက်တာကို စောင့်ပြီး သန်းကြွယ်သူဌေး ဖြစ်ချင်ရင်တော့ မင်းကို ပြောစရာ စကားတစ်ခွန်းပဲ ရှိတယ်၊ 'ရူးပေါ့ကွာ'' ဆိုတဲ့ စကားပဲ၊ လူပေါင်းသန်းပေါင်း များစွာထဲမှာ ကံကောင်းဖို့ဆိုတာ လွယ်တဲ့ ကိစ္စမှ မဟုတ်တာ။ ကိုယ်ထက် ကံကောင်းမယ့်သူတွေ တစ်ပုံကြီး ရှိသေးတယ်။ ဒီတော့ ချဲတွေ ထီတွေကို အားကိုးမနေနဲ့ ကိုယ့်အားကိုယ်ကိုး ကြိုးစားပြီး ကြီးပွားအောင်လုပ်။

အခု မင်းက ဆင်းရဲတယ်ဆိုပါစို့။ မင်းအနေနဲ့ သန်းကြွယ်သူဌေးဖြစ်ခွင့် ရှိသေးတယ်။ မြန်မာပြည်မှာလည်း ကြီးပွားချမ်းသာပြီး နာမည်ကြီးနေတဲ့သူတွေကို ဂျာနယ် မဂ္ဂဇင်းတွေက အင်တာဗျူးလုပ်ကြည့်တော့ ငယ်ငယ်က ဆင်းရဲခဲ့ကြတဲ့ သူတွေချည်းပဲ။

ဒီ့ကြောင့် ကိုယ့်အားကိုယ်ကိုးပြီး ကြီးပွားတိုးတက်အောင်လုပ်။ တစ်နေ့မှာတော့ မင်းဖြစ်ချင်တာတွေ ဖြစ်လာမယ်ဆိုတာ အသေအချာ ယုံ။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



**ချစ်တပည့် ...**

လူဆိုတဲ့ သတ္တဝါတွေဟာ ကံစီမံရာကို နာခံနေရတာကွ၊ ကံဇာတ်ဆရာက ဇာတ်ကွက်ဇာတ်လမ်းတွေချပြီးသား။ ဉာဏ်ဝီရိယရှိတဲ့ လူတော်တွေကိုတော့ မင်းသား မင်းသမီးနေရာမှာ၊ အလယ်အလတ်တော်တဲ့ လူတွေကိုတော့ ဇာတ်ပို့ဇာတ်ရံနေရာမှာ၊ ဉာဏ်ဝီရိယနည်းတဲ့ လူတွေကိုတော့ သူများကို နှိပ်စက်ရတဲ့ လူကြမ်းမင်းသား နေရာမျိုးမှာ ထားပြီးသား။

ဘဝဆိုတာ ပြဇာတ်တိုလေးတွေ ကပြနေရတာနဲ့ တူသကွ၊ ဒီပြဇာတ်မှာ ဒီအခန်းက ပါပေမယ့် ပြဇာတ်ပြောင်းတာနဲ့ ဇာတ်ရုပ်ပြောင်းတာပဲ၊

ငါဆိုရင် ကျောင်းဆရာ ဖြစ်ဖူးတယ်။ စက်ရုံမှာ စက်ရုံ အလုပ်သမားဖြစ်ဖူးတယ်။ ဗေဒင်ဆရာဖြစ်ဖူးတယ်။ ကုမ္ပဏီပွဲစားဖြစ်ဖူးတယ်။ မဂ္ဂဇင်းအယ်ဒီတာ စာရေးဆရာဘဝ နောက်ဆုံးထင်ပါရဲ့။ ပြဇာတ်တစ်ပုဒ်ပြီးတစ်ပုဒ် ကနေရတာ မောလှပြီ။ ကံဇာတ်ဆရာက နောက်ထပ် ဘယ်နှစ်ပုဒ်အထိ ကခိုင်းဦးမလဲ မသိဘူးနော်။

ဘာ ပြဇာတ်ပဲကက မင်းသမီး မင်းသားနေရာ ဖြစ်နေဖို့တော့ အရေးကြီးသကွ။ အဲ့ဒီနေရာမျိုးရအောင် ကံ ဉာဏ်ဝီရိယလိုတယ်။ ကံကောင်းအောင် စေတနာနဲ့ ပြုမူပြောဆိုနေထိုင်။ စေတနာဆိုတာ ကံကို ဖြစ်စေသတဲ့။ ဉာဏ်ကိုလည်း အမြဲအသုံးချ။ ဉာဏ်ရည်ထက်မြက် အောင် စာတွေ များများဖတ်၊ များများတွေး၊ ဆင်ခြင်သုံးသပ်။ ဝီရိယတော့ ဘယ်တော့မှ မလျော့စေနဲ့။ ဘာပဲလုပ်လုပ် အကောင်းဆုံး ဖြစ်ပါစေ။ ဒီနေ့ပြီးမယ့်ကိစ္စကို နက်ဖြန် မရွှေ့နဲ့။ အဲ့ဒီလို ကံဉာဏ်ဝီရိယ ပြည့်စုံနေရင် ပြဇာတ်တိုင်းမှာ မင်းဇာတ်လိုက်ပဲ။ မင်းက ဇာတ်လိုက်ပဲ လုပ်ချင်တဲ့ကောင်ပါ။ ငါသိတာပေါ့။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



ချစ်တပည့် …

အခုဆို မင်းကို ဆရာအတော်များများ ပြောခဲ့ပြီးပြီနော်။ ဒီ တအုပ်တာ မင်းဘဝရဲ့ ဘဝလမ်းညွှန် ဖြစ်ပါစေတော့လို့ ရည်စူးပြီး မင်းရဲ့ ကျောင်းတက်စာကျက် ကိစ္စတွေကနေ ဘဝအရေးအရာ ကိစ္စတွေ၊ လူမှုပေါင်းသင်းဆက်ဆံရေး ကိစ္စ တွေကိုပါ အသေအချာ စဉ်းစားပြီး နောက်ဆုံးပိုင်းမှာ အို၊ နာ၊ သေခြင်းကိစ္စတွေအထိ မင်းကို ပြောသွားဦးမယ် ဖြစ် တယ်။

မင်းဟာ ဘဝအမြင်တွေ မှန်ကန်ပြီး လူတော်လူကောင်းဖြစ် လာရမယ်။ ဆင်ခြင်တုံတရား လက်ကိုင်ထားပြီး သေခြင်းတရားကို တည်တည်ငြိမ်ငြိမ် ရင်ဆိုင်နိုင်တဲ့သူမျိုး ဖြစ်စေချင်တယ်။

အဲဒီလို အခြေအနေမျိုးထိ ရောက်ဖို့ဆိုတာ အတော်ကြီး ရင့်ကျက် တည်ငြိမ်နေမှ ဖြစ်နိုင်တာ။ အချိန်တွေ အများကြီး ယူဖို့ လိုတယ်။ စာတွေ အများကြီးဖတ်ဖို့ လိုတယ်။ တရားဓမ္မကို နှလုံး သွင်းလေ့ကျင့်ဖို့ လိုတယ်။ အခု ဆရာမင်းကို အလွယ်ဆုံး အရှင်း ဆုံးလေးတွေနဲ့ ပြောပြတာဟာ နမူနာ ဆေးညွှန်း ပေးတာလောက်ပဲ ရှိတယ်။ မပြည့်စုံသေးဘူး။ တလုံးမဲတွေနဲ့ ဖော်ပြထားတဲ့ စကြောင်း တွေ တပိုဒ်တွေကို အသေအချာ ဖတ်၊ အကျယ်ချဲ့ စဉ်းစား။ အဲဒီအကြောင်း တွေနဲ့ပတ်သက်တဲ့ စာအုပ်တွေ ရှာဖတ်။ ဆရာ့ရဲ့ ဘချို့တပိုဒ်တွေကို နားမလည် သဘောမပေါက်သေးရင် စာလှမ်း ရေးပြီးမေး။ တချို့ ကိစ္စတွေဟာ မင်းနဲ့ လက်လှမ်းဝေးနေလို့ ဒိတ်မဝင်စားတာမျိုး ဖြစ်နိုင်တယ်။ ကျော်ပတ်သွား။ ရတယ်၊ နောက် ၂-နှစ်နေတဲ့အခါ ပြန်ဖတ်။ ပို သိလာလိမ့်မယ်။ ဖတ်လို့ကောင်း ဘယ်ပြောပြီး တစ်ခါဖတ်ပြီးတာနဲ့ စာအုပ်ပုံကြား ထိုးထည့် ထားရမယ့် စာအုပ်မျိုးမဟုတ်ဘူးဆိုတာ သဘောပေါက်။ ဒီစာအုပ် ကို မပျောက်စေနဲ့။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



## ချစ်တပည့် ...

A picture is a poem without words.

*(Horaee)*

ပန်းချီကားတစ်ချပ်တာ စကားလုံးမပါတဲ့ ကဗျာတစ်ပုဒ် ပဲတဲ့၊ *(Horaee)* ဟိုရေးဆိုတဲ့ ပုဂ္ဂိုလ်က ပြောသွားတာ။ ဆရာ အဲ့ဒီစာသားလေးကို ကြိုက်လွန်းလို့ The Best English မဂ္ဂဇင်းရဲ့ မျက်နှာဖုံးလေးမှာတောင် ထည့်ပေးလိုက်သေးတယ်။

ဆရာက သဘာဝရဲ့ ရှုခင်းလေးတွေဆို အရမ်းကြိုက်တာ။ ဒီ့ကြောင့် ဆရာရဲ့ The Best English မဂ္ဂဇင်းအဖုံးကိုကြည့်။ သာယာလှပတဲ့ ရှုခင်းပုံလေးတွေချည်းပဲ။ ကြည့်ရတာ မျက်စိ မအေးဘူးလား။ တချို့ပုံတွေဆို ကြိုက်လွန်းလို့ ဖော်မီကာ ဘောင်သွင်းပြီး ရုံးခန်းမှာ ချိတ်ထားသေးတယ်။ အထူးသဖြင့် သဘာဝကို သဘာဝ အတိုင်း ပေါ်လွင်အောင် ဓာတ်ပုံရိုက်ထားတာကို ပိုကြိုက်တယ်။ ကိုယ်ချစ်ခင်တဲ့သူတွေဆို အဲ့ဒီလိုမျိုးလက်ဆောင် ပေးတတ်သေး တယ်။

သဘာဝရဲ့ အလှအပကို မြင်တတ်မှ လောကရဲ့ အလှအပ ကို မြင်တတ်တယ်၊ လောကရဲ့ အလှအပကို မြင်တတ် သူသာလျှင် ငြိမ်းချမ်းသာယာလှပတဲ့ လောကကို ဖန်တီး နိုင်စွမ်းရှိသူ ဖြစ်တတ်တယ်၊ ဆရာတော့ အဲ့ဒီလိုပဲ ယုံတယ်၊ မင်းကော ... ဘယ်လိုလဲ၊ သဘာဝရဲ့ ရှုခင်းအလှတွေကို ခံစားတတ်ရဲ့လား။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



## ချစ်တပည့် ...

သေချာ စဉ်းစားကြည့်စမ်း။ သဘာဝတရားကြီးက တို့ကို အကြောက်တရားတွေအောက်မှာ အဆင်ပြေပြေ နေတတ်ဖို့ သင်ကြားပေးခဲ့သလား မသိဘူး။

မကျန်းမာရင် ဒုက္ခရောက်မှာ ကြောက်လို့ မတည့်တဲ့ အစား အစာ မစားရဲဘူး။ စာမတတ်ရင် လူ့အောက်ကျမှာကြောက်လို့ ကုန်းရုန်းပြီး ကြိုးစားလိုက်ကြရတာ။ ဆင်းရဲမှာကို ကြောက်လို့ ကြီးပွားချမ်းသာတဲ့ နည်းလမ်းတွေ ရှာကြံပြီး တကုပ်ကုပ်နဲ့ ကြိုးပမ်း အားထုတ်လိုက်ကြရတာ သေတဲ့အထိပါပဲ။ တချို့ဆို ဆင်းရဲမှာ ကြောက်လို့ မလှူရက် မတန်းရက်။ ကိုယ့်ကိုကိုယ်တောင် မသထာဘဲ မစားရက် မသောက်ရက်။

ပြီးတော့ စဉ်းစားကြည့်ဦး။ ငယ်ငယ်တုန်းက မိဘတွေ ကြောက်ခဲ့ရတယ်။ အစ်ကို အစ်မတွေ ကြောက်ခဲ့ကြတယ်။ ကျောင်း တက်တော့ ဆရာ၊ ဆရာမတွေ ကြောက်ရပြန်ရော၊ အလုပ်ခွင် ရောက်တော့လည်း သူဌေးကို ကြောက်ရ၊ အရာရှိကို ကြောက်ရနဲ့ ကြောက်နေရပြန်ရော။ နောက်ဆုံးကျတော့ မိန်းမရပြီး အဲ့ဒီမိန်းမကို တစ်သက်လုံး ကြောက်သွားရတတ်သတဲ့။ တချို့ဆို မိန်းမတင် ဘာကမလဲ။ အိုမင်းမစွမ်းရှိလာတဲ့အခါ သားသမီးနဲ့ ချွေးမတွေ၊ မြေးတွေအထိ ကြောက်ရပြီး ကိုယ့်ဇာတ်ကိုယ် သိမ်းသွားရသတဲ့။ တရားကျစရာ ကောင်းတာတွေပေါ့လေ။

ဒါပေမယ့် နေရာတကာတိုင်းမှာ ခြွင်းချက်ရှိတယ်။ အစပိုင်းမှာ မသိလို့ ကြောက်ခဲ့ပေမယ့် သိသွားတဲ့အခါမှာတော့ မကြောက်တရား နဲ့ နေနိုင်တဲ့လူမျိုးလည်း ရှိတယ်။ အဲ့ဒီထဲမှာ မင်း ပါပါစေ။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



**ချစ်တပည့် ...**

လူငယ်တစ်ယောက်ဟာ သူ့ဘဝကို ဘယ်လိုဖြတ်သန်းခဲ့သလဲဆိုတာ မှတ်တမ်းတင်ထားဖို့လိုတယ်။ သူ့ခေတ်မှာ ဘာတွေ ကြုံလို့ ဘယ်လိုအခြေအနေမျိုးရှိတယ်ဆိုတာ သူရေးထားတဲ့ မှတ်တမ်းတွေထဲမှာ ရှာတွေ့နိုင်တယ်၊ နောင်တစ်ချိန်မှာ ပြန်ဖတ်ရတဲ့အခါ သိပ်အဖိုးတန်တဲ့ စာအုပ်ဖြစ်သွားပြီ။

တက္ကသိုလ်မှာ ဆရာရေးခဲ့တဲ့ ဘဝမှတ်တမ်းစာအုပ် အခုနေ ပြန်ပြင်ပြီး ပြန်ထုတ်ဝေရရင် မင်းတို့ ဟင် ... ဟာ ... ဖြစ်သွားရမယ့် အကြောင်းအချက်တွေ အများကြီးပါတယ်။ အဲ့ဒီတုန်းက ဆရာဟာ ရုပ်ရှင်လက်မှတ်တွေ၊ ဘတ်စ်ကား လက်မှတ်တွေပါ သိမ်းဆည်းထားခဲ့တယ်။ မှတ်မိသလောက် ပြန်ပြောရရင် ရုပ်ရှင်ကို ပြား ၅၀တန်းက ကြည့်ခဲ့တယ်။ ၂ကျပ်၅၀ပြားတန်းဟာ အကောင်းဆုံးပဲ။ လှည်းတန်းမှတ်တိုင်က ဆူးလေကို ဘတ်စ်ကားခ ပြား ၂၀ပဲ ပေးရတယ်။

အခုတော့ အဲ့ဒီမှတ်တမ်းစာအုပ်တွေ သိမ်းဆည်းထားခဲ့တဲ့ ပြေတာတွေ အကုန်ပျောက်သွားတယ်။ နှမြောဖို့ကောင်းလိုက်တာ။ မင်းကို အဖိုးတန်တဲ့ စာတစ်အုပ် ဆရာ့ကိုယ်စား ရေးခိုင်းချင်တယ်။ ဒီစာဖတ်တဲ့အချိန်ကစပြီး စာအုပ်ကောင်းကောင်း တစ်အုပ်ဝယ်၊ နေ့စဉ် မင်းတွေကြုံခံစားနေရတာတွေ ချရေးထား၊ မင်းဖတ်ထားတဲ့ စာအုပ်တွေထဲက ကြိုက်တဲ့ စာပိုဒ်တွေချရေး၊ ရုပ်ရှင်လက်မှတ်က အစ သိမ်းနိုင်သမျှ စာရွက်စာတမ်းတွေ အသေအချာသိမ်း၊ ကျောင်းလခ ဖြတ်ပိုင်း၊ ကျူရှင်လခ ဖြတ်ပိုင်းတွေကအစ သိမ်းကွာ၊ တစ်ချိန်မှာ မင်းရေးထားတဲ့ စာအုပ် မင်းသိမ်းထားတဲ့ပစ္စည်းတွေက ခေတ် တစ်ခေတ်ရဲ့ ပြယုဂ်အဖြစ် အသုံးဝင် တန်ဖိုးရှိလိမ့်မယ်၊ ရေးဖြစ်အောင် ရေး၊ သိမ်းဖြစ်အောင် သိမ်းနော်၊

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



ချစ်တပည့် —

သူငယ်ချင်းထားနည်း မင်းတို့ သင်ပေးရဦးမယ်။

ကိုယ်နဲ့ စိတ်တူသဘောတူ ရည်မှန်းချက်တူတဲ့ သူငယ်ချင်းတွေကို ရွေးချယ်ပေါင်းသင်း။ အနီးအနားမှာ မရှိရင် အဝေးမှာ ရှာကွာ။ လွယ်လွယ်လေး။ The Best English မဂ္ဂဇင်းမှာ Pen Friends အဖွဲ့ဝင်လိုက်၊ ပြီးတော့ Pen Friends စာရင်းထဲမှာပါတဲ့ အဖွဲ့ဝင်တွေဆီ မိတ်ဆက်စာရေး။ ရိုးရိုးသားသား တည်တည်ကြည်ကြည် တောင်းကောင်းမွန်မွန် ရေးနော်၊ မရိုးမသား စိတ်နဲ့ ရေးရင်တော့ မင်းဆီကို ဘယ်သူမှ တပြန်မှာ မဟုတ်ဘူး။ ရေးတဲ့အကြောင်းတွေမှာလည်း နေကောင်းလား၊ ထမင်းစားပြီးပြီလား၊ ဘာဟင်းနဲ့ စားလဲ၊ ပွဲ့မင်းလိုက်ရတာများ ဆိုတာလောက်နဲ့ မပြီးစေနဲ့။

ကိုယ်ဖတ်ထားတဲ့ စာအုပ်ထဲက အကြောင်းတွေ ကိုယ့်အတွေးအခေါ်တွေ၊ ထင်မြင်ယူဆချက်တွေ၊ ဘဝကို တိုးတက်အောင် ဘယ်လို ကြိုးစားကြမယ်ဆိုတာတွေ ရေး။ သူကလည်း အဲဒီလို ပြန်ရေးလာရင် သူငယ်ချင်းကောင်းတစ်ယောက် ရရော။ ဒီလိုနဲ့ တစ်မြို့မှာတစ်ယောက်ရှိရင် မြန်မာတစ်ပြည်လုံး သူငယ်ချင်းကောင်းတွေ အများကြီးရှိမှာပဲ၊ တစ်ချိန်မှာ ဘယ်ကိုသွားသွား ကူညီမယ့် သူငယ်ချင်းက အဆင်သင့်ရှိနေပြီ။

မရိုးမသားနဲ့ ရည်းစားစာပဲ ရေးနေမယ်၊ မြို့တိုင်းမှာ ရည်းစားရှိနေရင် ကြိုးရှုပ်တဲ့ ရုပ်သေးရုပ်လို ဖြစ်ပြီး သုံးစားမရဖြစ်သွားလိမ့်မယ်။ အဲဒီတော့ ကြပ်ကြပ်သတိထား။ သူငယ်ချင်းက ရည်းစားထက် ပိုတန်ဖိုးမြင့်တယ်ဆိုတာ သဘောပေါက်။

ဆရာတောင်း

**ချစ်တပည့် ...**

အခုခေတ် မင်းတို့ကောင်တွေ အကြောင်းကြားရတာ ရင်တုန်တယ်။ ကောင်မလေးတွေက ရည်းစား သုံးယောက်လောက် တစ်ပြိုင်တည်းထားသလို ကောင်လေးတွေကလည်း ရည်းစား ၅-ယောက်လောက်ထားတာ ထိကြွားဝါးတယ်။ အံ့ရော။

ကောင်မလေးက ရပ်ကွက်ထဲမှာတစ်ယောက်၊ ကျောင်းမှာ တစ်ယောက်၊ ကျူရှင်မှာတစ်ယောက် ချစ်တင်းကစားနေကြတယ်။ ကောင်လေးကလည်း ချောချောလှလှ တွေ့ရင်လိုက် ကြိုက်ပြီး မရရအောင် ပိုးတော့တာပဲ။ ရလို့ ရိုးအီလည်းသွားရော အဆက်ဖြတ်လိုက်သတဲ့။

အဲ့လို ကောင်လေးကောင်မလေးတွေရဲ့ အနာဂတ်က လှဖို့ မလွယ်ပါဘူး။ သူများတွေက ကိုယ့်ဘဝတိုးတက် မြင့်မားဖို့ ကြိုးစားနေတဲ့အချိန်မှာ သူတို့က ချစ်တင်းကစားပြီး အချိန်ဖြုန်းနေကြတယ်။ ပြီးတော့ သူတို့ထားတဲ့ ရည်းစားတွေနဲ့ တစ်ချိန်မဟုတ် တစ်ချိန်မှာ ပြဿနာတွေပေါ်ပြီး ရှင်းရလင်းရနဲ့ လူကြီးတွေ ပါရတဲ့အထိ ဖြစ်ကုန်ကြတယ်။

အဲ့ဒီလို ကောင်လေး ကောင်မလေးတွေဟာ အိမ်မှာ မိသားစု ရဲ့ ချစ်ခင်ကြင်နာ ယုယမှုကို အလုံအလောက် မရလို့ ထွက်ပေါက် ရှာနေတဲ့ စိတ်ဓာတ်လုံခြုံမှု မရှိတဲ့ ကလေးတွေ။ သူတို့တစ်တွေက အိမ်ထဲမှာ ပျော်ရွှင်မှု မရဘူးထင်ပြီး အိမ်ပြင်မှာ ထွက်ရှာနေတာ။ သနားစရာကောင်းတယ်။ ဆရာကောင်း သမားကောင်းနဲ့ တွေ့ရင် ကျွတ်တန်းဝင်မယ့် ကလေးတွေ။ မဟုတ်ရင် တောတောစီးစီး အိမ် ထောင်ကျပြီး ဘဝရဲ့ ဒုက္ခကို ကျကျနန ခံစားရမယ့် ပုဂ္ဂိုလ်လေး တွေပေါ့ကွာ။ သူတို့ကို အားမကျနဲ့နော်။

ဆရာကောင်း

## ချစ်တပည့် …

ကောင်မလေးတွေကို ချစ်တဲ့ နည်းကတော့ မင်းသိတယ်နော်။ ဒါပေမယ့် လောကကြီးကို ချစ်တဲ့နည်းကိုကော မင်းသိလား။ လောကကြီးက သူ့ဘာသာသူ နေတာကွ။ ချက်ခြင်း သွားချစ်လို့ မရဘူး။ ကောင်မလေး တစ်ယောက်ကို ပိုးသလို ပိုးရတယ်။ ပထမဆုံး ငှက်ကလေးတွေ မြင်ရင်ချစ်ရမယ်။ ပန်းပွင့်လေးတွေ လိပ်ပြာလေးတွေ မြင်ရင် ချစ်ရမယ်၊ လသာတဲ့ညလေးကို ချစ်ရမယ်၊ လေပြည်လေညင်းလေးတွေကို ချစ်ရမယ်။ သာယာငြိမ့်ညောင်းတဲ့ သီချင်းသံ အေးအေးလေးကို ချစ်ရမယ်။ ငှက်ကလေးတွေ တေးဆိုနေကြတဲ့ နံနက်ခင်း အေးအေးလေးကိုလည်း ချစ်တတ်ရမယ်။ လေအဝှေ့မှာ ယိမ်းနွဲ့ပျော်ပါးနေတဲ့ သစ်ရွက်သစ်ကိုင်းလေးတွေကိုလည်း ချစ်ရမယ်။ အရွယ်မရောက်သေးတဲ့ ကလေးလေးတွေကိုလည်း ချစ်ခင်တတ်ရမယ်။ ပြီးတော့ ခွေးလေး ကြောင်လေးတွေကိုလည်း ချစ်တတ်ရမယ်။

အဲ့ဒီလို လောကကြီးကို စိတ်ဝင်စားပြီး ချစ်လိုက်တဲ့အခါ အား … ပါး … လောကကြီးက သိပ်ကို သာယာပြီး ချစ်စရာကောင်းပါလားဆိုတာ မင်း သိမြင်သွားလိမ့်မယ်။

အဲ့ဒီအခါမှာ မင်းရင်ထဲမှာ သူတစ်ပါးကို မနာလိုဝန်တိုစိတ် နာကြည်းမုန်းတီးစိတ်၊ မကျေမနပ်နဲ့ အရွဲ့တိုက်ချင်စိတ်၊ ကလဲ့စားချေချင်စိတ်တွေ ပျောက်သွားလိမ့်မယ်။

မယုံရင် လုပ်ကြည့်စမ်း။ လောကကြီးကို ချစ်သလို ကျွန်တော့်ကောင်မလေးကိုကော ချစ်လို့ မရဘူးလို့တော့ လာ မမေးနဲ့နော်။ ဒါတွေ ဆရာ မပြောချင်ဘူး။ အလိုက်သိ။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



ချစ်တပည့် ...

မင်းက အနုပညာဗီဇရှိတယ်။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ အနုပညာလောကထဲ ဝင်ချင်ဝင်မယ့်ကောင်။ ဒီတော့ ကြိုပြောထားချင်စရာ တစ်ခုရှိသေးတယ်။ အနုပညာလောကထဲ ဝင်တော့မယ်ဆိုရင် နာမည်ကို အသေအချာရွေးနော်။ ကိုးနဝင်းကျတဲ့ နာမည်မျိုး နားလည်တတ်ကျွမ်းတဲ့ သူနဲ့တိုင်ပင်ပြီး ရွေးပါ။

နာမည်ဆိုတာ ကိုယ့်ဘာသာခေါ်တာမျိုး မဟုတ်ဘူး။ သူတစ်ပါးက ခေါ်တာ။ သူတစ်ပါးခေါ်လို့လည်း ကောင်း။ မှတ်မိလည်း လွယ်၊ အတိတ်နမိတ်လည်း ကောင်းတဲ့ နာမည်မျိုးရွေးကွ။ ကိုယ့်စိတ်ထဲ ထင်ရာတွေ လျှောက်မမှည့်နဲ့။ နာမည်ဆိုတာ အရေးကြီးတယ်။ အပုတို့ အမြတို့ အလှတို့ဆိုတဲ့ နာမည်နဲ့ ဘယ်တော့မှ နိုင်ငံကျော် မဖြစ်နိုင်ဘူး။ အဲ့ဒီလိုပဲ ဝက်ကြီး၊ ငခွေး၊ ငယ်လေး ဆိုတဲ့ နာမည်မျိုးနဲ့လည်း ဘယ်တော့မှ အပေါ် မတက်နိုင်ဘူး။

အနုပညာလောကမှာဆို ကိုးနဝင်းကျ နာမည်တွေက ပို အောင်မြင်တာ တွေ့ရတယ်။ ကိုးနဝင်းကျဆိုတာ နာမည်ရဲ့ ရှေ့စာလုံးဂြိုဟ်သက်နဲ့၊ နောက်စာလုံးရဲ့ ဂြိုဟ်သက် ပေါင်းလိုက်လို့ နံပါတ် ၉ ဖြစ်တာကို ခေါ်တာ။ ဥပမာ ... ကောင်းသန့်ဆိုပါတော့။ ကောင်း က တနင်္လာ၊ ဂြိုဟ်သက်က ၁၅။ သန့်က သောကြာ။ ဂြိုဟ်သက်က ၂၁။ နှစ်ခုပေါင်း ၃၆။ အားလုံးပြန်ပေါင်းတော့ ၉ ဖြစ်တာမျိုးပြောတာ။ ပြီးတော့ အဓိပ္ပာယ်ကလည်း ကောင်းကောင်း သန့်သန့်လေး။

နာမည် အရေးကြီးတယ်နော်။ ထင်ရာ မမှည့်နဲ့။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



ချစ်တပည့် ...

ဒီတစ်ခါ မင်းကို ဆင်ခြင်တုံတရားနဲ့ ပတ်သက်ပြီး ပြောမယ်။ ကိစ္စတစ်ခုကို မင်းကြားပြီ ဆိုပါစို့။ ချစ်ခင်ရင်းနှီးတဲ့ သူက ပြောတာပဲ ဆိုပြီး ချက်ခြင်း ယုံလိုက်မလား။ မယုံနဲ့ဦး။ ဒီကိစ္စ ဟုတ် မဟုတ်၊ ဖြစ်နိုင် မဖြစ်နိုင်။ မင်းခေါင်းနဲ့ စဉ်းစားကြည့်။ ဖြစ်သင့် မဖြစ်သင့် ချင့်ချိန်။ အဲ့ဒီလို စဉ်းစားဆင်ခြင်တာမျိုးကို ဆင်ခြင်တုံတရားလို့ ခေါ်တယ်။

အရေးကြီးတဲ့ ကိစ္စတစ်ခု ဆုံးဖြတ်ရတော့မယ်။ ရှေ့မှာ ဘာဖြစ်မယ်။ နောက်ဆက်တွဲ ပြဿနာတွေက ဘာဖြစ်နိုင်သလဲ။ ဒီကိစ္စထဲမှာ ဘယ်သူတွေ ပါနိုင်သလဲ။ ဘယ်လို အကျိုးအမြတ် ရှိမှာလဲ။ ရှုံးနိမ့်စရာ အခြေအနေတွေက ဘာလဲ။ ကိုယ်နဲ့ တွဲလုပ်မယ့်သူက ဘယ်လိုလူမျိုးလည်း အမျိုးမျိုး စဉ်းစားချင့်ချိန်ပြီးမှ လုပ်သင့်မလုပ်သင့် ဆုံးဖြတ်တာမျိုးပေါ့။

ဒါ ဥပမာ ပြောတာ။ အမှန်အမှား၊ တရားမှု မတရားမှုနဲ့ အံ့နာသေခြင်းအပေါ် ဆင်ခြင်သုံးသပ်ခြင်း၊ အကောင်းအဆိုးကို ဝေဖန်ပိုင်းခြား တတ်အောင် စဉ်းစားတွေးခေါ်ခြင်းဟာ ဆင်ခြင်တုံတရားပဲ။

အဲဒီ ဆင်ခြင်တုံတရားကို အမြဲတမ်း လက်ကိုင်ထားရင် မင်း ဘဝမှာ အမှားနည်းသွားလိမ့်မယ်။ ပြီးတော့ မကောင်းတာကို လုပ်ဖို့ ဝန်လေးသွားလိမ့်မယ်။

ဘာကို တန်ဖိုးထားရမယ်။ ဘာကို ဥပေက္ခာပြု လျစ်လျူရှုရမယ်ဆိုတာတွေကို မင်း သိသွားလိမ့်မယ်။

အဲ့ဒီလို ဆင်ခြင်တုံတရားရှိအောင် စာများများ ဖတ်။ များများ စဉ်းစား။ သူများပြောတာ များများနားထောင်။ ကိုယ်ထက်တော်တဲ့ တတ်တဲ့ သူတွေနဲ့ တွေ့ရင် သူတို့ပြောတာ နားထောင်ပြီး မှန်မှား ပြန်စဉ်းစား။ အဲ့ဒီလိုမျိုး အလေ့အကျင့် လုပ်ပေးရင် မင်းမှာ ဆင်ခြင်တုံတရားတွေ ရှိလာလိမ့်မယ်။ မင်းကို ဆင်ခြင်တုံတရား ရှိသူမျိုး ဖြစ်စေချင်တယ်။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



ချစ်တပည့် ...

အိုခြင်းတရားကို မင်းတွေမြင်ပူးမှာပါ။ မင်းအဘိုးတွေ အဘွား တွေ၊ အမေတွေ၊ အဖေတွေ၊ ဦးလေးတွေ၊ အဒေါ်တွေ မင်းမျက်စိ ရှေ့မှာ အသက်တွေ ကြီးလာပြီး အိုမင်းရင့်ရော်လာကြတာ မင်း မြင်တွေ့မှာပါ။ အသက်ကြီးလာတော့ ခါးတွေကိုင်း၊ နားတွေထိုင်း၊ တုန်တုန်ရီရီတွေ ဖြစ်၊ တုန်ချိတုန်ချိ သွားကြရတာ မင်းတွေ့ပါလိမ့် မယ်။ ဆရာတို့လည်း ကြီးပြင်းလာတဲ့အခါ အဲ့ဒီလို ဖြစ်မှာပဲ။ မင်း ကော လွတ်မှာတဲ့လား။ လူမှန်ရင် ဘယ်သူမှ ရှောင်ပြေးလို့ မလွတ် ပါဘူးကွာ။

**တစ်ချိန်မှာ ကိုယ်လည်း ဒီလိုဖြစ်မယ်ဆိုတာ သိနေမှ တော့ အိုမင်းမစွမ်း ဖြစ်နေတဲ့သူတွေနဲ့ တွေ့ရင် ကိုယ်ချင်းစာ ပါ။ ကူညီပါ။ ပေးကမ်းပါ။ နောက်နောက်ပြောင်ပြောင် မလုပ် ပါနဲ့။ ဝင့်လိုက်တတ်တယ်။**

သူတို့အပေါ် တနာစိတ်ထားပါ။ ကြင်ကြင်နာနာ ရိုရိုသေသေ ဆက်ဆံပါ။ သူတို့ရဲ့ ဝေယျာဝစ္စတွေကို လုပ်ပေးရင်း ကုသိုလ်ယူ ပါ။ မိုက်မိုက်ရိုင်းရိုင်း ပြောဆိုဆက်ဆံ အော်ဇေါက် ဖြူစွအပြစ်တင် တာမျိုး မလုပ်ပါနဲ့။ အိုမင်းမစွမ်း ဖြစ်နေတာကို နားလည်ခွင့်လွှတ် ပါ။ မိုက်မိုက်ရိုင်းရိုင်း မဆက်ဆံမိစေနဲ့နော်။ ငရဲကြီးတတ်တယ်။ သူတို့ရဲ့ နောက်ဆုံးအချိန်လေးကို စိတ်ချမ်းချမ်းသာသာလေးနဲ့ ကုန်ဆုံးလွန်မြောက်သွားအောင် တို့တစ်တွေက ကြိုးပမ်းပေးနိုင် မယ်ဆိုရင် ဘယ်လောက် ကုသိုလ်ရလိုက်မလဲ။ သူလည်း စိတ် ချမ်းသာ၊ မင်းလည်း ဝမ်းသာကြည်နူးရမှာပါ။ လက်တွေ့စမ်းကြည့်။ မင်း ဝီတိဖြစ်မှာပါ။

ဆရာကောင်း

## ချစ်တပည့် …

**ပညာရှိစကား တန်ဖိုးထား … တဲ့။**

**ပညာရှိဆိုတာ အမှန်နဲ့အမှား၊ အကောင်းနဲ့ အဆိုး၊ အခြေအနေ အချိန်အခါကို ခွဲခြားနားလည် ချင့်ချိန်နိုင်းဆတတ်တဲ့ သူကို ခေါ်တာ။**

ပညာရှိက အမြော်အမြင်ရှိတယ်။ မှန်သောစကားကိုသာ အမြဲဆိုတယ်၊ အကျိုးရှိမယ့် စကားကိုပဲ အမြဲပြောတယ်။ သူ့အကြံဉာဏ်ဟာ တန်ဖိုးရှိတယ်။ ပညာရှိ အတွေးဟာ မြေးကြည့်တာထက် ပိုမှန်တယ်။

ဒီလို ပုဂ္ဂိုလ်မျိုးနဲ့ နီးနီးကပ်ကပ်နေသင့်တယ်။

ဒီလို ပုဂ္ဂိုလ်မျိုးရဲ့ စကားကို အမြဲတမ်း တန်ဖိုးထားပါ။ ဘယ်တော့မှ မမှားနိုင်ဘူး။

အဲ့လိုပြောတော့ မင်းက မေးဦးမယ်။

ပညာရှိကို ဘယ်မှာ ရှာရမလဲလို့။

မှတ်ထား။ ဥစ္စာထက် ပညာကို တန်ဖိုးထားတဲ့သူ ရွှေ ငွေထက် ဂုဏ်သိက္ခာကို အလေးထားတဲ့ သူ။

ဒီလိုမျိုး ပုဂ္ဂိုလ်ကိုတွေ့ရင် ပညာရှိလို့ မှတ်ယူပြီး သူ့စကားကို တန်ဖိုးထားပါ။ သူ့အကြံဉာဏ်ကို လိုက်နာပါ။

ကဲ … ဒီလောက်ပြောရင် သဘောပေါက်တော့ပေါ့နော … ။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



ချစ်တပည့် ...

သေခြင်းတရားနဲ့ နဖူးတွေ့ ဒူးတွေ့ ရင်ဆိုင်လာရင် တော်ရုံ လူမခံနိုင်ဘူးနော်။ တရားဓမ္မကို ကျကျနန နှလုံးမသွင်းတတ်ရင် သေခါနီးမှာ လူးလိမ့်နေအောင် ခံကြရတာ။

အဲဒီအခါမှာ တချို့က တရားဓမ္မကို နှလုံးသွင်းပြီး သေမင်းကို တည်တည်ငြိမ်ငြိမ် ရင်ဆိုင်တယ်။ တချို့ကျတော့ ဝေဒနာကို မခံမရပ်နိုင်ဖြစ်ပြီး ဒေါသဖြစ် စိတ်တိုအော်ဟစ်ပြီး မြန်မြန်သေအောင် ကြိုးစားကြတယ်။ တချို့ကျတော့ သားဇော သမီးဇော ဥစ္စာ ပစ္စည်း သံယောဇဉ်တွေ တွယ်ကပ်ပြီး သေရမှာကို ထိတ်လန့်နေတယ်။ တချို့ကျတော့ ဝေဒနာကို ဘေးလူမသိအောင် ကြိတ်မှိတ်ခံပြီး သေမယ့် အချိန်ကို စောင့်နေတယ်။

အဲ့ဒီလိုမျိုး သေဆုံးခါနီး လူတွေကို တွေ့ဖူးထားတော့ ငါသေ ခါနီးရင် ဘယ်လိုသေမလဲလို့ ခဏခဏ ကြိုစဉ်းစားတယ်။ သေခါ နီးပြီလို့ ယူဆရတဲ့အချိန်မှာ အနားကို ဘယ်သူမှ မလာပါနဲ့။ သေခြင်း တရားနဲ့ဆိုင်တဲ့ ဟိတ်ဟန်တွေ၊ ကြာနီကန်ဆရာတော်ရဲ့ ပရိတ်တရိတ်တွေ ကက်ဆက်တစ်လုံးနဲ့ တိုးတိုးတိတ်တိတ် ဖွင့်ထားပေးပါ။ အချိန် တန်လို့ အိပ်ပျော်ရတာ ဝမ်းနည်းစရာ မဟုတ်ပါဘူး။ တိတ်တိတ် ဆိတ်ဆိတ် ဘာသံဘာသာလေး ပြန်သွားပါရစေ။ မိတ်ဆွေသင်္ဂဟ တွေ ဓမ္မသံဝေဂ ရကြပေဖို့ ကဗျာလေးတစ်ပုဒ် ရေးထားခဲ့ပါတယ်။ ဝေငှလိုက်ပါ။ ဒါပါပဲ။ မင်းလည်း အချိန်တန်ရင် ဆရာ့လို ပြင်ဆင် ထားပေါ့။ ဘာပဲဆို ပြင်ဆင်ပြီး လုပ်တာမှ အထာကျတာကွ။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



## ချစ်တပည့် ...

မင်းကို ဆရာရဲ့ ဒဿနလေးတွေ မေတ္တာလက်ဆောင် ပေးရဦးမယ်။

* ပြည့်နေရင် ဖြည့်လို့ မရတော့ဘူး။ ထပ်ဖြည့်ရင် လျှံကျပြီး အကျိုးမဲ့ ဖြစ်တတ်တယ်။
* ငွေကို ရှာရမယ်၊ ဒါပေမယ့် သိမ်းဆည်းဖို့ မရှာနဲ့၊ ပေးကမ်းဖို့ ရှာပါ။
* အချိန်ရဲ့ တန်ဖိုးကို မသိဘဲ ကြီးပွားအောင်မြင်တဲ့သူ မဖြစ်နိုင်ဘူး။
* စစ်မှန်တဲ့ ပျော်ရွှင်မှုကို လိုချင်ရင် သူတစ်ပါး ပျော်ရွှင်မှုကို အလေးထားဆောင်ရွက်ပါ။
* ပစ္စည်းဥစ္စာဆိုတာ လုကရှာလို့ ရထားတာ၊ လူ့ထက် ပို တန်ဖိုးမထားနဲ့။
* လူ သေချင် သေသွားပါစေ၊ နာမည်တော့ မသေပါစေနဲ့။
* လွယ်လွယ်ရတဲ့ အရာမှန်သမျှ ကြာကြာ မခံဘူး။
* လိုချင်တဲ့အရာကို ဒူးထောက်တောင်းပန်ပြီး ယူရမယ်ဆိုရင် မယူနဲ့၊ မတန်ဘူး။
* လိုချင်သူကို ပေးမှ တန်ဖိုးပိုရှိတယ်။
* ကိုယ့်ကို ကျေးဇူးပြု စောင့်ရှောက်တဲ့သူကိုသာ တန်ဖိုးထား ဂရုစိုက်ပါ။
* အချိန်တန်တော့လည်း အိမ်ပြန်ကြရတာချည်းပါပဲ။

ဆရာကောင်း

http://www.khtnetpc.webs.com For Knowledge & Educational Purposes



**ချစ်တပည့် ...**

မင်းကို ချစ်တဲ့စိတ်နဲ့ ပညာရေး၊ စီးပွားရေး၊ ကြီးပွားရေး၊ လူမှုပေါင်းသင်းဆက်ဆံရေး၊ ဘဝနေနည်း ဘဝသေနည်းတွေကို စုံတကာစေ့အောင် အပြောကောင်းလို့ မင်းလည်း နားညောင်းလှ ရော့မယ်။ မင်းအနားမှာသာ ထိုင်ပြောရင် အာညောင်းလို့ ရေတောင်း သောက်ရမယ့်ကိန်းပဲ။

ဒါပေမယ့် ဆရာ့မှာ ပြောစရာကုန်သွားပြီလို့ မင်းထင်လို့လား။ ဝေးသေး။ မင်းကို နောက်ထပ်ဆရာရဲ့ ဘဝ အတွေ့အကြုံတွေ ပြောပြစရာ အများကြီးကျန်သေးတယ်။ မင်းကလည်း နားထောင် ချင်သေးရင်ပေါ့လေ။

ဟုတ်တယ်လေ။ နားထောင်ချင်မှန်း မထောင်ချင်မှန်း မသိဘဲ စိတ်ထင်ရာတွေ လျှောက်ပြောနေတော့ ဆရာကောင်းက အလိုက် မသိတဲ့ လူကြီးဖြစ်နေမှာပေါ့။

အခုတော့ အလိုက်သိသိ ဒီမှာရပ်မယ်ကွာ။

မရပ်ခင် လိုတိုရှင်း ဩဝါဒလေး ပေးလိုက်ဦးမယ်။

**ကိုယ့်အားကိုယ်ကိုးပါ။**

ကိုယ်ဘဝရဲ့ သခင် ကိုယ်သာလျှင်ဖြစ်သည်။

ကိုယ့်ကိုယ်ကိုယ်သာ ကိုးကွယ်ရာ။


ဘာပဲလုပ်လုပ် ကိုယ့်လိပ်ပြာ ကိုယ်သန့်ပါစေ။

ကိုယ့်ကိုယ်ကိုယ်သာ ယုံကြည်ပါ။

တပည့်တို့ရဲ့ ချစ်သောဆရာ

ကောင်းသန့်

၁၉-၂-၂၀၀၀


ချစ်တပည့် . . . . သို့
ချစ်တပည့် ... ...
မင်းတို့အပေါ်မှာ
ဆရာထားရှိတဲ့
မေတ္တာ စေတနာတွေကို
ဒီစာအုပ်ထဲမှာ
ဖွေရှာကြည့်ပါ။
အသေအချာ သိလာပါလိမ့်မယ်။
ဒီစာအုပ်ဖတ်ပြီးရင်
ဘဝအမြင်တွေပြောင်းသွားတဲ့
လူကောင်းလူတော်လေးများ
ဖြစ်ကြပါစေ ... ... လို့
ဆုမွန်ခြွေလိုက်ပါတယ်။
ကောင်းသန့်